# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖြေီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆရာ တပည့် ဆက်ဆံရေး**

သူတစ်ပါးကို ဆုံးမသည့်အတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ခြင်းသည် ထိရောက်အောင်မြင်သော ပညာပေးခြင်းမည်၏။ တရားကိုမင်ရာမှ ပုဂ္ဂိုလ်ကိုပါ ခင်မင်စေနိုင်သဖြင့် ခိုင်မာသော ဆရာတပည့်ဆက်ဆံရေးကို ဖြစ်ပေါ်စေနိုင်သည်။ (မိမိပြောသည်ကို သူတစ်ပါးအား လိုက်နာကျင့်သုံးစေလိုလျှင် မိမိပြောသလို မိမိကိုယ်တိုင် ကျင့်ကြံလိုက်နာပါ။)

အတ္တဝဂ်(ဓမ္မပဒ-၁၅၉)


၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့။ Monday , 26 September 2016 (၈၆၉၆)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လန်ဒန်၊ အမေရိကန် တရားဝင်ခရီးစဉ်နှင့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ လန်ဒန်မြို့ခရီးစဉ်၊ အမေရိကန်ပြည်ထောင်စုသို့သွားရောက်သည့် တရားဝင်ခရီးစဉ်နှင့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး ယနေ့ညပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

# ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်တွင် ဘုရားဖူးပြည်သူများ အခမဲ့တည်းခိုနိုင်ရန် စီစဉ်ပေးမည်



**ကျိုက်ထို စက်တင်ဘာ ၂၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးစေတီတော်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ရာတွင် တည်းခိုနိုင်ရန်အတွက် အခမဲ့တည်းခိုနိုင်သည့်နေရာများ စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

ကျိုက်ထီးရိုးစေတီတော် တောင်တော်ဒေသတစ်ဝိုက်တွင် ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်တို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး) ရုံးအမှတ်(၃၁)၌ စက်တင်ဘာ ၂၃ ရက် နံနက်က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖြိတိန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့သော ခရီးစဉ်နှင့်စပ်လျဉ်းသည့် သတင်းကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် (၇၁) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် နယူးယောက်မြို့သို့ (၁၆-၉-၂၀၁၆) ရက်နေ့မှ (၂၄-၉-၂၀၁၆) ရက်နေ့အထိ သွားရောက်ခဲ့ပြီး ယနေ့ (၂၅-၉-၂၀၁၆) ရက်နေ့ ည (၀၉း၅၀) နာရီတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

၂။ နယူးယောက်မြို့တွင် ရောက်ရှိနေစဉ်ကာလအတွင်း (၁၇-၉-၂၀၁၆) ရက်နေ့၌ နယူးယောက်မြို့ရှိ မြန်မာအသိုက်အဝန်းများနှင့် တွေ့ဆုံခဲ့ပြီး ယင်းနေ့တွင်ပင် ဘော့စတွန်မြို့ရှိ ဟားဗတ်တက္ကသိုလ်မှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အားချီးမြှင့်သည့် 2016 Humanitarian of the Year Award ကို လက်ခံရယူခဲ့ပါသည်။

၃။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် (၁၈-၉-၂၀၁၆) ရက်နေ့တွင် နယူးယောက်မြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ ဝန်ထမ်းမိသားစုများနှင့်လည်းကောင်း၊ (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်လျက်ရှိသည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ (၁၉-၉-၂၀၁၆) ရက်နေ့တွင် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း (UNESCO) ၏ ညွှန်ကြားရေးမှူးချုပ် Ms. Irina Bokova၊ ဒိန်းမတ်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Lars Lokke Rasmussen၊ မက္ကဆီကိုသမ္မတ H.E. Mr. Enrique Pena Nieto၊ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် H.E. Ms. Sheikh Hasina တို့နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့ပါသည်။(၂၀-၉-၂၀၁၆) ရက်နေ့တွင် "Together for the 2030 Agenda: Partnering for Women, Children and Adolescents, to Thrive and Transform the World" အဆင့်မြင့် အစည်းအဝေး၌ တက်ရောက်၍ Panelist အဖြစ် ပါဝင်တက်ရောက်ဆွေးနွေးပြောကြားခဲ့ပြီး အစ္စလာမ့်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) ၏ အတွင်းရေးမှူးချုပ် H.E. Mr. Lyad Ameen Madani အား လက်ခံတွေ့ဆုံခဲ့ပါသည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့**




# ကြေးမုံ

## ပိုမိုကောင်းမွန်သော လူမှုဘဝဖြစ်ထွန်းအောင် ဝိုင်းဝန်းတည်ဆောက်

မကြာသေးမီရက်ပိုင်းက ကျောက်တံတားမြို့နယ်အတွင်း အိမ်အကူအမျိုးသမီးငယ်နှစ်ဦးအား ညှဉ်းပန်းနှိပ်စက်ခဲ့မှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲများ၊ ဆန္ဒဖော်ထုတ်မှုများ၊ ဆွေးနွေးပြောကြားမှုများ၊ အရေးယူဆောင်ရွက်မှုများ စသည်ဖြင့် လူမှုပတ်ဝန်းကျင်တွင် ကျယ်ကျယ်လောင်လောင်ဖြစ်ပေါ်ခဲ့သည်။ လူ့အခွင့်အရေးချိုးဖောက်မှု၊ လူသားချင်းစာနာထောက်ထားခြင်း ကင်းမဲ့မှု၊ အနိုင်အထက်ပြုကျင့်မှုတို့ကြောင့် ဖြစ်ပေါ်ခဲ့သော အကြောင်းအရာတို့မှာ ယခုရက်ပိုင်းအတွင်း သတင်းတန်ဖိုးအရ အမြင့်မားဆုံးဟု ဆိုနိုင်သည်။

အဆိုပါအမှုကိစ္စကို ဦးစွာဖော်ထုတ်အသိပေးနိုင်ခဲ့သော သတင်းထောက်ချုပ်တစ်ဦးကို ပြည်သူများက လေးစားချီးကျူးပြောဆိုကြသည်သာမက နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်ပင် အလေးအနက်အသိအမှတ်ပြုသည့်အတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ အသိအမှတ်ပြုခဲ့ပေသည်။ ထိုသို့ချီးကျူးဂုဏ်ပြုခံရသူက သူ၏ယခုဆောင်ရွက်ချက်တွင် အမည်မဖော်နိုင်သော သူရဲကောင်းများ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ၊ အလားတူဖြစ်စဉ်များ၊ ဖြစ်ပေါ်နေသော အခြေအနေနှင့် ဆောင်ရွက်သင့်သည်တို့ကို ပွင့်ပွင့်လင်းလင်း ရိုးရှင်းစွာအကြံပြုပြောကြားသွားခဲ့ရာ အများပြည်သူအကျိုးကိုအစဉ်ရှေးရှုသော သတင်းသမားကောင်းတစ်ဦးအဖြစ် အသိအမှတ်ပြုရမည်ဖြစ်သည်။

ဤနေရာတွင် ဆင်းရဲနွမ်းပါးသော အခြေခံလူတန်းစားများ၏ လူမှုဘဝဖြစ်စဉ်များနှင့် ယင်းတို့၏အားနည်းမှုကိုအကြောင်းပြုကာ အမြတ်ထုတ်ခေါင်းပုံဖြတ်မှု၊ အနိုင်အထက်ပြုကျင့်မှုများကို ယခုထက်ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့်ဖော်ထုတ်ကာ ပိုမိုကောင်းမွန်သော လူမှုဘဝအခြေအနေတစ်ရပ်သို့ ရောက်ရှိအောင် တာဝန်ရှိသူများရော ပြည်သူအားလုံးတို့ကပါ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးနိုင်ရန် လိုအပ်လာပြီဟု ရှုမြင်ပါသည်။ လက်ရှိတွင် ကျေးလက်ဒေသများ၌ အသက်မွေးဝမ်းကျောင်းပြုရေး အဆင်မပြေမှု အကြောင်းအမျိုးမျိုးတို့ကြောင့် မိမိတို့နေရပ်ကိုစွန့်ခွာကာ ဘဝရပ်တည်ရေး၊ ဝင်ငွေရရှိရေးအတွက် ရွှေ့ပြောင်းလုပ်ကိုင်နေကြသည့် ပြည်သူများမှာ အမြောက်အမြားရှိနေသည်။

ထိုအထဲတွင် ပြည်တွင်းမြို့ပြများတွင်သာမက ပြည်ပနိုင်ငံများတွင်ပါ အလုပ်ရှင်နှင့်အလုပ်ကျွန်၊ အိမ်ရှင်နှင့်အိမ်ကျွန် အခြေအနေမျိုးကဲ့သို့ ဒုက္ခနွံတွင်းထဲတွင် ကြိတ်မှိတ်လုပ်ကိုင်နေကြရသူများ အမြောက်အမြားရှိနေသည်မှာ အမှန်ဖြစ်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရား ခေါင်းပါးနေသော မျက်မှောက်ကာလတွင် အဆိုပါ ရွှေ့ပြောင်းလုပ်သားများ၏ ဘဝအခြေအနေမှာ မရေရာမှုနှင့် ဆင်းရဲတွင်းနက်မှုများ ပြည့်နှက်နေမည်မှာ ဧကန်မုချပင်ဖြစ်သည်။ ယခုဖြစ်စဉ်ကဲ့သို့ဖြစ်ရပ်များ နေရာအနှံ့အပြားတွင် များသောအားဖြင့် ဖြစ်ပေါ်နိုင်ပြီး ကူညီစောင့်မမှုများ လိုအပ်နေမည်ဖြစ်သည်။

ယခုဖြစ်စဉ်မှာ နမူနာစံပြသာဓကတစ်ခုသာဖြစ်ပြီး မသိရှိရသေးသည့် ကျန်ရှိနေသေးသော ဖြစ်စဉ်များ၊ သိရှိရသော်လည်း ထိရောက်စွာကိုင်တွယ်ဖြေရှင်းပေးနိုင်ခြင်း မရှိသေးသောဖြစ်စဉ်များလည်း ရှိနေဦးမည်ဖြစ်ရာ ယခုကဲ့သို့ပင် ကယ်တင်စောင့်ရှောက်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဤနေရာတွင် အလုပ်ရှင်၊ အလုပ်သမား၊ ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်သည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများလည်း ရှိပြီးဖြစ်ရာ ဥပဒေပါအတိုင်း ကျယ်ကျယ်ပြန့်ပြန့်၊ ထဲထဲဝင်ဝင်၊ နိုးနိုးကြားကြား၊ တိတိကျကျ ဆောင်ရွက်ပေးခြင်းဖြင့် ဒုက္ခဆင်းရဲတွင်းထဲသို့ရောက်နေသော ပြည်သူများ၏ဘဝကို အတိုင်းအတာတစ်ခုရောက်အောင် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယူဆပါသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၊ အလုပ်ရှင်အလုပ်သမား ဥပဒေစည်းမျဉ်းများကို စားပွဲဝိုင်းတွင်ထိုင်ကာ ဖြေရှင်းဆောင်ရွက်ခြင်းထက် မြေပြင်သို့ကွင်းဆင်းကာ ထိရောက်သောအရေးယူဆောင်ရွက်မှုတို့ကို အလေးထားဆောင်ရွက်သွားရန် လိုအပ်မည်ဟုယူဆပါသည်။ အဓိကအားဖြင့် လူကုန်ကူးမှု၊ အလုပ်ရှင်၊ အလုပ်သမား ဥပဒေစည်းမျဉ်းများကို ကာယကံရှင်များရော အလုပ်သမားပါ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုလျှင် ပိုမိုကောင်းမွန်သော လူမှုဘဝကို တည်ဆောက်နိုင်မည်ဟု ရှုမြင်ပါသည်။ ။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)လူငယ်တွေ့ဆုံဆွေးနွေးပွဲ တာချီလိတ်၌ ကျင်းပ

**တာချီလိတ် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံလူငယ်မူဝါဒတွင် လူငယ်များ ကိုယ်တိုင်ပါဝင်နိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏ အသံများ ပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များက တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) လူငယ်တွေ့ဆုံဆွေးနွေးပွဲ (Youth Forum) ကို ယမန်နေ့ နံနက် ၉ နာရီက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။




အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူနိုင်က အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသူများအား ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် တာချီလိတ် လူငယ်ကွန်ရက်အဖွဲ့ တာဝန်ခံ ဒေါ်မေဇာခြည်လင်းက လူငယ်တွေ့ဆုံပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားဖြစ်မြောက်ရေးအတွက် ကဏ္ဍအလိုက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသူများကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါ လူငယ်တွေ့ဆုံဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တာချီလိတ်ခရိုင်မှ လူငယ် ၁၂၀၊ ကျိုင်းတုံခရိုင်မှ လူငယ် ၄၀နှင့် မိုင်းဆတ်ခရိုင်မှ လူငယ် ၄၀ စုစုပေါင်း လူငယ် ၂၀၀ တို့က လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် ငြိမ်းချမ်းရေး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် ပညာရေး၊ လူငယ်လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ၊ လူငယ်နှင့် သဘာဝပတ်ဝန်းကျင် စသည့် အကြောင်းအရာများကို စက်တင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကောင်းမွန်သော အကြံပြုချက်များ ရရှိရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**တောင်ငူ စက်တင်ဘာ ၂၅**

ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကြီးမှူး၍ CB ဘဏ်က အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ်ကို စက်တင်ဘာ ၂၄ ရက်တွင် တတိယနေ့အဖြစ် တောင်ငူမြို့ Southern Star ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပညာရှင်အဆင့်တွင် ရန်မျိုးအေးက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၀ ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(အမျိုးသား)ပြိုင်ပွဲတွင် ဟိန်းစည်သူက သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၅ ချက်ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(အမျိုးသမီး)ပြိုင်ပွဲတွင် မေဦးခိုင်က သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်ပိုရိုက်ကာ စုစုပေါင်းရိုက်ချက် ၁၅၄ ချက်ဖြင့်လည်းကောင်း အသီးသီး ဦးဆောင်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**

## ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပေါင် စက်တင်ဘာ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပေါင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြို့နယ်ရုံးဆောက်လုပ်နေမှုကို စက်တင်ဘာ ၂၁ ရက်က သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းမှ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်တို့က ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၉၂ ဒသမ ၇၅၅ သန်းဖြင့် အောင်ဇေထွန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသော လက်ပံတော-မှော်ဘီ (၃/၁)မိုင် (Wheel Track) ကွန်ကရစ်လမ်းခင်းခြင်းကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ယာဉ်အန္တရာယ်ကင်းရှင်းရေး ရှောင်တခင်စစ်ဆေး

**ကျောက်မဲ စက်တင်ဘာ ၂၅**

ကျောက်မဲခရိုင် အမှတ်(၁၂၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးချစ်စိန် ဦးဆောင်မှုဖြင့် သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများပူးပေါင်းပါဝင်ကာ စက်တင်ဘာ ၂၃ ရက်က ကျောက်မဲမြို့ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် မန္တလေးမှ လားရှိုး-မူဆယ်ဘက်သို့ မောင်းနှင်လာသည့် ယာဉ်မောင်းများအား အရက်သေစာသောက်စားထားခြင်းရှိ/မရှိ၊ ထိုင်ခုံခါးပတ်များ တပ်ဆင်အသုံးပြုထားခြင်းရှိ/မရှိတို့ကို ရှောင်တခင်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ယာဉ်မောင်းများ ယာဉ်အသုံးပြုစဉ် အရက်သေစာမသောက်စားရန်၊ အရက်ကြောင့် ယာဉ်တိမ်းမှောက်မှု၊ ယာဉ်တိုက်မှုမဖြစ်စေရန်နှင့် ထိုင်ခုံခါးပတ်များကို တပ်ဆင်အသုံးပြုရန်တို့ကို ဒုရဲမှူးချစ်စိန်က ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

"ယာဉ်မောင်း အတော်များများက ထိုင်ခုံခါးပတ်ကို ကိုယ်တိုင်လည်း မပတ်ကြသလို ခရီးသည်တွေကိုလည်း တပ်ဆင်ဖို့တိုက်တွန်းတာ အလွန်နည်းပါတယ်။ ကားစီးရင် ထိုင်ခုံခါးပတ် ပတ်ထားတာဟာ အသက်လုံခြုံမှုကို များစွာအကူအညီပေးတာကြောင့် အလေ့အကျင့်လေးဖြစ်အောင် လိုက်နာဆောင်ရွက်ကြဖို့လိုပါတယ်"ဟု ဒုရဲမှူးချစ်စိန်က ဆိုသည်။

**မလတ်(ကျောက်မဲ)**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၁ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၁၂
မန္တလေး ၀၂-၈၆၁၀၆၈၅ ဒီဝီ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅

## မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် စက်တင်ဘာ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဂျတ်ခ်ဘွန်လုံအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဂျတ်ခ်ဘွန်လုံကို ၁၉၅၇ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ထိုင်းနိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ထိုင်းနိုင်ငံ ရမ်ခမ်ဟေအင်းတက္ကသိုလ်မှ ဥပဒေဘွဲ့ကိုလည်းကောင်း၊ အမေရိကန်ပြည်ထောင်စု ဒက်ထရွိုက် တက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ မဟာဘွဲ့ကိုလည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် ထိုင်းနိုင်ငံ အမျိုးသားကာကွယ်ရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၁၉၈၄ ခုနှစ်မှစ၍ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ဝါရှင်တန်မြို့၊ ဟန္နိုင်းမြို့၊ ဘာလင်မြို့တို့ရှိ ထိုင်းသံရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့၌ ထိုင်းကောင်စစ်ဝန်ချုပ်အဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း အစ္စရေးနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၎င်းသည် နော်ဝေနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးအဖြစ် ၂၀၁၅ ခုနှစ်မှ ယနေ့ထိ တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဂျတ်ခ်ဘွန်လုံသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် စက်တင်ဘာ ၂၆**

မစ္စတာ ဂျက်ဖရီ ကွင်းတန် မစ်ချယ် ဒွက်ချ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဂျက်ဖရီ ကွင်းတန် မစ်ချယ် ဒွက်ချ်ကို ၁၉၅၄ ခုနှစ် မေ ၂၆ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် စီးပွားရေးစီမံခန့်ခွဲမှုနှင့် ဈေးကွက်ပညာဘာသာကို လေ့လာဆည်းပူးခဲ့သည်။ ၎င်းသည် ၂၀၀၈ ခုနှစ် စက်တင်ဘာလမှ ၂၀၁၀ ခုနှစ် အောက်တိုဘာလအထိ တောင်အာဖရိကနိုင်ငံ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ အစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် တောင်အာဖရိကသမ္မတနိုင်ငံ၏ အစိုးရအဖွဲ့၌လည်းကောင်း၊ အစိုးရအဖွဲ့၏ ကော်မတီများ၌လည်းကောင်း၊ ဝန်ကြီးဌာနများအတွင်းရှိ ကော်မတီများ၌လည်းကောင်း၊ နိုင်ငံရေးနယ်ပယ်၌လည်းကောင်း၊ ၁၉၉၄ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ပါလီမန်အဖွဲ့ဝင်တစ်ဦးအနေဖြင့်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှစ၍ သီရိလင်္ကာ၊ မော်လ်ဒိုက်၊ ဘင်္ဂလားဒေ့ရှ်နှင့် နီပေါနိုင်ငံတို့၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ မဟာမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် အင်္ဂလိပ်ဘာသာ၊ အာဖရိကန်ဘာသာနှင့် ဇူလူဘာသာတို့ကို ကျွမ်းကျင်သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

## ကလော-တောင်ကြီး ဖိတ်ခေါ်တာဝေးစက်ဘီးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

စက်ဘီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ်စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ Myanmar CP Livestock Co.,Ltd. နှင့် ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၂၅ ရက်တွင် ကလော-တောင်ကြီး ဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲကို ကျင်းပခဲ့သည်။

ပြိုင်ပွဲကို နံနက် ၆ နာရီခွဲတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးပြီး ပြိုင်ပွဲဝင်ကစားသမား ၆၀ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို ကလောမြို့ နာရီစင်အနီးမှ စတင်တာထွက်၍ တောင်ကြီးမြို့ ဗိုလ်ချုပ်ပန်းခြံအရှေ့ထိ ၇၂ ကီလိုမီတာ အကွာအဝေးကို စီးနင်းယှဉ်ပြိုင်ကြသည်။ ပထမဆုကို အောင်ဖြိုးမင်း (GC)၊ ဒုတိယဆုကို ဇင်လင်းကို (GC)နှင့် တတိယဆုကို ကျော်ထွန်းဦး (မန္တလေး) တို့ကရရှိကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းတွင် တိမ် အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။




## မြန်မာနိုင်ငံသတင်းစာဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA) နှစ်ပတ်လည် အစည်းအဝေးကို စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိမြန်မာနိုင်ငံ သတင်းစာဆရာအသင်း နာယက ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးသီဟစောက အဖွင့်အမှာစကား ပြောကြားသည်။



ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်က အစည်းအဝေးကျင်းပရခြင်းကို လည်းကောင်း၊ အထွေထွေအတွင်းရေးမှူး ဦးကျော်စွာမင်းက အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါ်လွတ်လပ်စိုးကအသင်း၏ ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်အိအိတင်က ဘဏ္ဍာရေး အစီရင်ခံစာကိုလည်းကောင်း၊ စည်းရုံးရေးမှူး ဦးတင်လှိုင်က စည်းရုံးရေး အစီရင်ခံစာကိုလည်းကောင်း၊ ပြန်ကြားရေးမှူး ဦးသာဇော်က အထူးကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးမှ ဥက္ကဋ္ဌနှင့်ကိုယ်စားလှယ်များက စည်းရုံးရေးအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ ရှေ့လုပ်ငန်းစဉ်များ၊ အခက်အခဲများ၊ အကြံပြုချက်များနှင့် သက်ဆိုင်သည့်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း နာယက ဦးခင်မောင်လေး (ဖိုးသောကြာ-ခေတ်+မိုး)က အမှာစကားပြောကြားပြီး နှစ်ပတ်လည်အစည်းအဝေးတွင် တင်ပြခဲ့သည့် ဆွေးနွေးဆုံးဖြတ်ချက်များကို အတည်ပြု မှတ်တမ်းတင်ကြသည်။ ယင်းနောက် ဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်က မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၏ စည်းကမ်းနှင့် ကျင့်ဝတ်များအကြောင်း ရှင်းလင်းပြောကြားပြီး ပြဋ္ဌာန်းရန်အတည်ပြုချက်ရယူသည်။ ဆက်လက်၍အသင်းဥက္ကဋ္ဌ ဦးသီဟစောက နိဂုံးချုပ်စကား ပြောကြားခဲ့သည်။ **(အောင်သူရ)**

## အင်ကြင်းကျောက်များဖြင့် ဖော်ညွှန်းထားသော အင်ကြင်းကမ္ဘာခန်းမဖွင့်

**နွားထိုးကြီး စက်တင်ဘာ ၂၅**

နွားထိုးကြီးမြို့တွင် မြို့ကျက်သရေဆောင်ခန်းမတစ်ခုအဖြစ် မြို့နယ်ထွက် အင်ကြင်းကျောက်များပြသ၍ အင်ကြင်းကမ္ဘာခန်းမကို အမှတ် (၅) ရပ်ကွက် မြင်းခြံ-မန္တလေးလမ်းတွင် ဖွင့်လှစ်ခဲ့သည်။



အင်ကြင်းကမ္ဘာခန်းမကို အင်ကြင်းကျောက်များဖြင့် သဘာဝအတိုင်းအလှဆင်ပြီး မင်္ဂလာဧည့်ခံပွဲ၊ အလှူပွဲများ၊ အစည်းအဝေးပွဲများကို ပရိဘောဂ၊ အကျွေးအမွေးများ အစရှိသော ဝန်ဆောင်မှုအပြည့်အစုံနှင့် အပြီးအစီး ငှားရမ်းသွားမည်ဟု အင်ကြင်းကမ္ဘာပိုင်ရှင် ဦးသန်းလွင်က ပြောသည်။

အင်ကြင်းကျောက်ကို သဘာဝအတိုင်းနှင့် အချောကိုင်ပစ္စည်းထုတ်လုပ်မှုအား တစ်နေရာတည်းလေ့လာရင်း ခန်းမ၌ အစည်းအဝေး၊ မင်္ဂလာဆောင်၊ အလှူအတန်းများ တက်နိုင်ရန် စီစဉ်ထားသည်။ ဒေသထွက် အချောကိုင်အင်ကြင်းကျောက်အလှဆင်ပစ္စည်းများ၊ အချောကိုင်အင်ကြင်းကျောက်အကြမ်းတုံးများကိုလည်း ပြည်တွင်းပြည်ပမှ ဝယ်ယူနိုင်ရန် အရောင်းဆိုင်ပါ ပူးတွဲဖွင့်လှစ်ထားသည်။

နွားထိုးကြီးတွင် ခန်းမငါးခုမြောက်ဖြစ်၍ လူဦးရေ ၅၀၀ ဝန်းကျင် ဧည့်ခံကျွေးမွေးနိုင်ကြောင်းသိရသည်။ **(ဌေးမြင့်မောင်)**

## ကျေးလက်ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဗန်းမော် စက်တင်ဘာ ၂၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများ ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးမှုကို ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသောင်းညွှန့်နှင့်အဖွဲ့သည် စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးမှုတွင် ဗန်းမော်မြို့နယ်အတွင်းရှိ ဟဲလုံဟောင်းကျေးရွာ၊ ဟဲလုံသစ်ကျေးရွာနှင့် ခူးလီကျေးရွာများရှိ လက်တူးရေတွင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ သတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးနိုင်ရန်နှင့် လိုအပ်သည်များကို ပြုပြင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ကမ္ဘာ့အကြီးဆုံး ရေဒီယိုတယ်လီစကုပ် တရုတ်နိုင်ငံ ကွေ့ကျိုးပြည်နယ်၌ ဖွင့်လှစ်



**ကွေ့ယန်း စက်တင်ဘာ ၂၅**
တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ကွေ့ကျိုးပြည်နယ်ရှိ တောင်တန်းထူထပ်သော ဒေသတစ်နေရာတွင် ကမ္ဘာ့အကြီးဆုံးရေဒီယိုတယ်လီစကုပ်ကို စက်တင်ဘာ ၂၅ ရက်တွင် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကမ္ဘာ့အကြီးဆုံးတယ်လီစကုပ်ကို ကွေ့ကျိုးပြည်နယ် ပင်တန်းစီရင်စုရှိ ကာ့စ်တောင်ကြားဒေသ၌ တည်ဆောက်ထားသည်။ စက်တင်ဘာ ၂၅ ရက်တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ရာ နက္ခတ္တဗေဒပညာရှင်များနှင့် နက္ခတ္တဗေဒဝါသနာရှင် ရာပေါင်းများစွာ တက်ရောက်ကြသည်။

ကမ္ဘာ့အကြီးဆုံးရေဒီယိုတယ်လီစကုပ်မှာ ဘောလုံးကွင်း ၃၀ ၏ နေရာပမာဏတမျှရှိပြီး အချင်း မီတာ ၅၀၀ (ပေ ၁၆၀၀)စလောင်းကို တပ်ဆင်ထားသည်။

အဆိုပါအဝေးကြည့်မှန်ပြောင်းကို APerture Spherical Telescope ဟု အမည်ပေးထားပြီး ဂြိုဟ်တာရာများကို လေ့လာနိုင်မည်ဖြစ်သည်။

ကမ္ဘာ့အကြီးဆုံးရေဒီယိုတယ်လီစကုပ် တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် တည်ဆောက်ရေးလုပ်ငန်းပြီးစီးခဲ့ကာ စက်တင်ဘာ ၂၅ ရက်မှစ၍ အသုံးပြုလျက်ရှိသည်။

ကမ္ဘာ့အကြီးဆုံး တယ်လီစကုပ်ကို ဖွင့်လှစ်နိုင်ခြင်းဖြင့် နက္ခတ္တနှင့် အာကာသရေးရာစူးစမ်းလေ့လာမှုများကို ပြုလုပ်နိုင်မည့်အပြင် ဒေသဆိုင်ရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကိုပါ မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

အဆိုပါတယ်လီစကုပ်အတွက် အလင်းပြန်ပြား ၄၄၅၀ တပ်ဆင်ရေးလုပ်ငန်းမှာ ဇူလိုင်လအစောပိုင်းတွင် ပြီးဆုံးခဲ့သည်။

**ဆင်ဟွာ။**

# ရွှေ့ပြောင်းလုပ်သားနှင့် စစ်ဘေးရှောင်ဒုက္ခသည်များအရေး ဥရောပခေါင်းဆောင်များ ဆွေးနွေး

ဗီယင်နာ စက်တင်ဘာ ၂၅

**ဥရောပနိုင်ငံခေါင်းဆောင်များသည် မြောက်အာဖရိကနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများမှ စစ်ဘေးရှောင်ဒုက္ခသည်များနှင့် ရွှေ့ပြောင်းလုပ်သားများ ဥရောပနိုင်ငံတစ်ဝန်းသို့ အဆက်မပြတ်ထိုးဖောက်ဝင်ရောက်မှုနှင့်ပတ်သက်ပြီး ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် စက်တင်ဘာ ၂၄ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။**

ဒုက္ခသည်များ ဥရောပနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်မှုကို ဖြေရှင်းရန် တူရကီနိုင်ငံနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း အစည်းအဝေး၌ ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

ထို့ပြင် ခေါင်းဆောင်များက ဥရောပသမဂ္ဂကိုလည်း တူရကီနိုင်ငံနှင့်ဆက်ဆံရေးကို ထိန်းကျောင်းပေးရန်နှင့် ဥရောပနယ်စပ်ဒေသများကို ယခင်ကထက် ပိုမိုလုံခြုံရေးတင်းကျပ်မှုရှိစေရန် တိုက်တွန်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။



တူရကီနိုင်ငံအနေဖြင့် စစ်ဘေးရှောင်ဒုက္ခသည်များနှင့် ရွှေ့ပြောင်းလုပ်သားများအား နိုင်ငံအတွင်းသို့ ပြန်လည်ခေါ်ယူရန် ဥရောပသမဂ္ဂအဖွဲ့နှင့် တူရကီနိုင်ငံတို့က သဘောတူညီမှုတစ်ရပ်ရှိခဲ့သည်။

သို့သော် တူရကီနိုင်ငံအတွင်း မအောင်မြင်ခဲ့သည့် အာဏာသိမ်းမှုတစ်ရပ်အပြီးတွင် ဥရောပသမဂ္ဂနှင့် တူရကီနိုင်ငံတို့၏ ဆက်ဆံရေးမှာ ပြန်လည်အေးစက်ခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ဥရောပသမဂ္ဂအနေဖြင့် လာမည့်လတွင် ကျင်းပမည့် ထိပ်သီးအစည်းအဝေးတွင် ဒုက္ခသည်များအရေးအပါအဝင် တူရကီနိုင်ငံနှင့် ဆက်ဆံရေးပြန်လည်ကောင်းမွန်စေရန်အတွက် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# တရုတ်ဝန်ကြီးချုပ်၏ ဟာဗားနားခရီးစဉ်အတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ လက်မှတ်ရေးထိုး

**ဟာဗားနား စက်တင်ဘာ ၂၅**
ကျူးဘားနိုင်ငံသို့ နှစ်ရက်ကြာခရီးစဉ်အဖြစ် ရောက်ရှိနေသော တရုတ်ဝန်ကြီးချုပ် လီခချန်းသည် သမ္မတ ရောလ်ကက်စထရိုနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ၃၀ ခန့် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ကျူးဘားနှင့် တရုတ်နိုင်ငံတို့ လွန်ခဲ့သည့် ၅၆ နှစ်က သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ချိန်နောက်ပိုင်း ဟာဗားနားသို့ လာရောက်သည့် တရုတ်ဝန်ကြီးချုပ်၏ ပထမဆုံးသောခရီးစဉ်ဖြစ်ကြောင်း၊ တရုတ်သမ္မတ ရှီကျင့်ဖျင်မှာမူ ၂၀၁၄ ခုနှစ်တွင် ကျူးဘားနိုင်ငံသို့ လာရောက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံပြီးလျှင် ကျူးဘား၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ နှစ်နိုင်ငံကုန်သွယ်မှုမှာ ၂၀၁၅ ခုနှစ် ပထမကိုးလတာကာလတွင် ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံဖိုးရှိပြီး ၂၀၁၄ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၅၇ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခြင်းဖြစ်ကြောင်း ကျူးဘားအစိုးရကထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်နိုင်ရန်လည်းကောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနယ်ပယ်သစ်များ ချဲ့ထွင်နိုင်ရန်လည်းကောင်း၊ နိုင်ငံရေးယုံကြည်မှုအပြန်အလှန်တည်ဆောက်နိုင်ရန်လည်းကောင်း ကျူးဘားသို့ မိမိလာရောက်ခြင်းဖြစ်ကြောင်း ကျူးဘားကွန်မြူနစ်ပါတီ၏ အာဘော်ဂရန်မာ သတင်းစာ၏ လူတွေ့မေးမြန်းခန်းတွင် ဝန်ကြီးချုပ်လီက ပြောကြားသည်။

**ဆင်ဟွာ။**



# အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းအတွက် ကမ္ဘာ့နိုင်ငံများ လက်တွဲဆောင်ရွက်ရန် မလေးရှား တိုက်တွန်း

**နယူးယောက် စက်တင်ဘာ ၂၅**
အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းအတွက် ကမ္ဘာ့နိုင်ငံများ အတူတကွလက်တွဲဆောင်ရွက်ကြရန် မလေးရှား ဒုတိယဝန်ကြီးချုပ် အာမက်ဇာဟစ် ဟာမီဒီက ကုလသမဂ္ဂအထွေထွေညီလာခံ၏ နှစ်ပတ်လည် မူဝါဒရေးရာဆွေးနွေးပွဲတွင် စက်တင်ဘာ ၂၄ ရက်က ပြောကြားလိုက်သည်။

နိုင်ငံတကာအကြမ်းဖက်မှု၏ ခြိမ်းခြောက်မှုမှ မည်သည့်နိုင်ငံမျှ ကင်းလွတ်ခွင့်ရရှိမည်မဟုတ်ကြောင်း၊ သို့ဖြစ်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကို ကမ္ဘာ့နိုင်ငံများလက်တွဲ၍ ထိရောက်စွာကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဟာမီဒီက ပြောကြားသည်။

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း အကြမ်းဖက်သမားများအဖြစ် မသင်္ကာသူ ၂၃၀ ကို ဖမ်းဆီးခဲ့ပြီး ၎င်းတို့အနက် ၈၄ ဦးကို စွဲချက်တင်နိုင်ခဲ့ကြောင်း မလေးရှားအစိုးရ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**ဆင်ဟွာ။**

# ဝါရှင်တန်မြို့ ကုန်တိုက်တွင် သေနတ်ပစ်ခတ်မှု သံသယရှိသူအား ဖမ်းဆီးရမိ




**ဝါရှင်တန် စက်တင်ဘာ ၂၅**
အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ကုန်တိုက်တစ်ခုတွင် ဖြစ်ပွားခဲ့သော လူငါးဦးသေဆုံးခဲ့သည့် သေနတ်ပစ်ခတ်မှု၏ သံသယရှိသူတစ်ဦးအား ဒေသန္တရရဲအရာရှိများက ဖမ်းဆီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါသံသယရှိသူမှာ အသက်(၂၀)အရွယ်ရှိ 'အာကန်ဆာတင်' ဆိုသူဖြစ်သည်။ ၎င်းကို တူရကီနိုင်ငံတွင် မွေးဖွားခဲ့ပြီး ယခုအခင်းဖြစ်ပွားသည့် ကုန်တိုက်ရှိရာ ဘာလင်တန်မြို့အနောက်တောင်ဘက် ကီလိုမီတာ ၅၀ ခန့်ရှိ အုတ်ခ်ဆိပ်ကမ်းမြို့တွင် အခြေချနေထိုင်သူတစ်ဦးဖြစ်သည်။

စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရဲအရာရှိများက အာကန်ဆာတင်ကို ၎င်းအိမ်အနီးရှိ လမ်းမပေါ်တွင် ဖမ်းဆီးနိုင်ခဲ့သည်။ ထောက်လှမ်းရေးကင်မရာ၏ ရုပ်ပုံနှင့် မျက်မြင်သက်သေများ၏ပြောကြားမှုကြောင့် အာကန်ဆာတင်ကို သံသယရှိသူတစ်ဦးအဖြစ် ရှုမြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူငါးဦးသေဆုံးခဲ့သည့် သေနတ်ပစ်ခတ်မှုတွင် သံသယရှိသူနှင့် သေနတ်ထိမှန်သေဆုံးခဲ့သူများအကြား မည်သည့် ရန်ငြိုးမှုမရှိသည့်အပြင် အကြမ်းဖက်အဖွဲ့အစည်းများနှင့်လည်း ပတ်သက်မှုမရှိကြောင်း ရဲအရာရှိများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

## ရဲရင့်လင်းလက်

# နိုင်ငံတကာမြင်ကွင်း




International New York Times သတင်းစာဟာ ကမ္ဘာပေါ်မှာ သြဇာကြီးတဲ့သတင်းစာကြီးတစ်စောင်ပါ။ International New York Times သတင်းစာကို ကမ္ဘာ့နိုင်ငံပေါင်း ၃၈ နိုင်ငံမှာ ပုံနှိပ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ ကျော်မှာ ဖြန့်ချိနေတာပါ။ နေ့စဉ်စောင်ရေ ၂၄၂၀၇၃ စောင် ဖြန့်ချိနေတာပါ။ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၄ ရက်နေ့ထုတ် International New York Times သတင်းစာရဲ့ခေါင်းကြီးက ဒီမိုကရက်တစ်ပါတီရဲ့သမ္မတလောင်း ဟီလာရီကလင်တန်ကို ထောက်ခံရေးသားခဲ့ပါတယ်။

ဒီတော့ International New York Times သတင်းစာက အမေရိကန်သမ္မတရွေးကောက်ပွဲသမိုင်းမှာ ဘယ်လိုရပ်တည်ထောက်ခံခဲ့တယ်ဆိုတဲ့ သမိုင်းကြောင်းကို ကြည့်ရအောင်ပါ။၁၉၀၀ ပြည့်နှစ်ကနေ ၁၉၃၆ခုနှစ်အထိ အမေရိကန်ရွေးကောက်ပွဲ ၁၀ ကြိမ် ပြုလုပ်ခဲ့တဲ့နေရာမှာ International New York Times သတင်းစာက ရီပတ်ဘလီကန်ပါတီသမ္မတလောင်းကို နှစ်ကြိမ်ထောက်ခံခဲ့ပြီး ဒီမိုကရက်တစ်ပါတီသမ္မတလောင်းကို ရှစ်ကြိမ် ထောက်ခံခဲ့ပါတယ်။ အဲဒီကာလအတွင်း သမ္မတရွေးကောက်ပွဲ ၁၀ ကြိမ်မှာ International New York Times သတင်းစာက ထောက်ခံခဲ့တဲ့ သမ္မတလောင်းတွေက လေးကြိမ်မှာ ရှုံးနိမ့်ခဲ့ပါတယ်။ ရှုံးနိမ့်ခဲ့တဲ့ လေးကြိမ်စလုံးမှာ ဒီသတင်းစာကြီး ထောက်ခံခဲ့တဲ့သမ္မတလောင်းတွေက ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်းတွေပါ။ ၁၉၄၀ ခုနှစ်ကနေ ၁၉၅၆ ခုနှစ်အထိ ကျင်းပခဲ့တဲ့ အမေရိကန်သမ္မတရွေးကောက်ပွဲ ငါးကြိမ်မှာ ၁၉၄၄ သမ္မတရွေးကောက်ပွဲကလွဲလို့ ကျန်သမ္မတရွေးကောက်ပွဲတွေမှာ International New York Times သတင်းစာက ရီပတ်ဘလီကန်ပါတီသမ္မတလောင်းတွေကိုပဲ ထောက်ခံခဲ့တာပါ။ ဒီသမ္မတရွေးကောက်ပွဲငါးကြိမ်ထဲကသုံးကြိမ်မှာ International New York Times သတင်းစာက ထောက်ခံခဲ့တဲ့ သမ္မတကလောင်းက အနိုင်ရခဲ့ပါတယ်။ ၁၉၆၀ ပြည့်နှစ်ကနေ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွေအထိ International New York Times သတင်းစာက ဒီမိုကရက်တစ်ပါတီသမ္မတလောင်းတွေကိုပဲ ထောက်ခံခဲ့တာပါ။ ၁၉၆၀ ပြည့်နှစ်ကနေ ၂၀၁၂ ခုနှစ်အထိ ကာလအတွင်း ပြုလုပ်ခဲ့တဲ့ အမေရိကန်သမ္မတရွေးကောက်ပွဲက ၁၄ ကြိမ်ရှိပြီး International New York Times သတင်းစာကြီးက ထောက်ခံခဲ့တဲ့ ဒီမိုကရက်တစ်သမ္မတလောင်းတွေက ခုနစ်ကြိမ်မှာ အနိုင်ရခဲ့ပါတယ်။ အခု ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၄ရက်နေ့ထုတ် International New York Times သတင်းစာရဲ့ ခေါင်းကြီးဘာသာပြန်ကို အစအဆုံးတင်ပြပါရစေ။

ပုံမှန်ရွေးကောက်ပွဲတွေမှာ ကျွန်တော်တို့ဟာသမ္မတလောင်း နှစ်ယောက်ကို ပြဿနာတစ်ခုချင်းအပေါ်ထားတဲ့ မူဝါဒသဘောထားတွေအလိုက် နှိုင်းယှဉ်ဝေဖန်သုံးသပ်လေ့ရှိပါတယ်။ ဒါပေမယ့် ဒီနှစ်သမ္မတရွေးကောက်ပွဲကို ပုံမှန်သမ္မတရွေးကောက်ပွဲလို့ မပြောနိုင်ပါဘူး။ ဒီနှစ်သမ္မတရွေးကောက်ပွဲမှာ အဲဒီလို နှိုင်းယှဉ်ဝေဖန်သုံးသပ်မယ်ဆိုရင် အချိန်ဖြုန်းတဲ့အပိုအလုပ်ပဲ ဖြစ်မှာပါ။ ကျွန်တော်တို့ ထောက်ခံမယ်လို့ဆုံးဖြတ်ထားတဲ့ သမ္မတလောင်း ဟီလာရီကလင်တန်ဟာ တိုင်းပြည်အတွက် ထမ်းဆောင်ခဲ့တဲ့ သမိုင်းမှတ်တမ်းတွေလည်းရှိတယ်။ ပကတိအခြေအနေကို ထင်ဟပ်နိုင်တဲ့ စိတ်ကူးအကြံဉာဏ်သစ်တွေကလည်း တစ်လှေကြီးရှိတယ်။ တခြားသမ္မတလောင်းတစ်ဦးဖြစ်တဲ့ ဒေါ်နယ်ထရမ့်ကတော့ သူဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးဆိုတာကို တိတိကျကျ ခိုင်ခိုင်မာမာ ပြောပြနိုင်စွမ်းမရှိပါဘူး။ ဒေါ်နယ်ထရမ့်ရဲ့ စိတ်ကူးအကြံအစည်တွေဆိုတာကလည်း ကောင်းကင်ပေါ်ကလမင်းကြီးကို ဆွတ်ခူးပေးပါမယ်လို့ ကတိပေးတာမျိုး၊ မင်းတို့ကို ဝယ်ပြီး လက်ဆောင်ပေးဖို့ ကြယ်တွေကို စရန်သတ်ထားပြီးပါပြီဆိုတာမျိုးတွေပါ။ မျက်မှောက်ခေတ် အမေရိကန်နိုင်ငံသမိုင်းမှာ အဓိက နိုင်ငံရေးပါတီကြီးတစ်ရပ်က ရွေးချယ်တင်မြှောက်ခဲ့တဲ့ သမ္မတလောင်းတွေထဲမှာ ဒေါ်နယ်ထရမ့်ဟာအညံ့ဆုံးလို့ ကျွန်တော်တို့ ဘာကြောင့်ယုံကြည်တဲ့အကြောင်းကို နောက်ဆက်တွဲခေါင်းကြီးမှာ ရှင်းလင်းတင်ပြပါမယ်။

ဒါပေမယ့် ကျွန်တော်တို့ရဲ့ အခုထောက်ခံချက်က ဟီလာရီကလင်တန်ကို ထောက်ခံနေတဲ့ သူတွေဘက်က အခိုင်အမာရပ်တည်ပါတယ်လို့ ဖော်ပြရုံသက်သက်ဆိုရင်လည်းပဲ အချည်းအနှီးအကျိုးမဲ့အချိန်ဖြုန်းတဲ့သဘောမျိုးပဲ ဖြစ်မှာပါ။ ကျွန်တော်တို့ အခုလို ထောက်ခံခဲ့တာဟာ ဟီလာရီကလင်တန်ကို ဆန္ဒမဲပေးဖို့ ချီတုံချတုံ မပြတ်မသားဖြစ်နေတဲ့ မဲဆန္ဒရှင်ပြည်သူတွေကို ဖျောင်းဖျစည်းရုံး တိုက်တွန်းချင်လို့ပါ။ ဒီလို ချီတုံချတုံဖြစ်နေတဲ့ မဲဆန္ဒရှင်တွေထဲမှာ ဟီလာရီကလင်တန်က ဒီမိုကရက် တစ်ယောက်ဖြစ်နေလို့ မဲမပေးချင်တဲ့ မဲဆန္ဒရှင်မျိုးလည်း ပါဝင်နိုင်ပါတယ်။ ဘီလ်ကလင်တန်ရဲ့ဇနီးဖြစ်နေလို့ မဲမပေးချင်တဲ့ မဲဆန္ဒရှင်မျိုးလည်း ပါဝင်နိုင်ပါတယ်။ အစဉ်အဆက် အခိုင်အမာတည်ရှိနေတဲ့ အမေရိကန်နိုင်ငံရေး အသိုင်းအဝိုင်းကို ဘယ်လိုပြုပြင်ပြောင်းလဲရေးတွေ လုပ်ပါမယ်ဆိုတဲ့ မူဝါဒတွေ မပါလို့ဆိုပြီး မဲမပေးချင်တဲ့ မဲဆန္ဒရှင်တွေလည်း ပါဝင်နိုင်ပါတယ်။ အပြောင်းအလဲမူဝါဒတွေမပါဝင်ဘူးဆိုတဲ့ မဲဆန္ဒရှင်တွေရဲ့အမြင်မှာ အမေရိကန်နိုင်ငံရေးစနစ်ဟာ ပြည်သူလူထုရဲ့ တကယ့်အရေးကိစ္စတွေကို လျစ်လျူရှုထားပြီး အကျင့်ပျက်လာဘ်စားမှုတွေနဲ့ ပြည့်နှက်နေတာပါ။

ဟီလာရီကလင်တန်ကို ထောက်ခံရမယ်ဆိုတာကို သက်သေပြဖို့ ဟီလာရီရဲ့ယှဉ်ပြိုင်ဘက်ကို ဝေဖန်ပြစ်တင်ရုံနဲ့ မလုံလောက်ပါဘူး။ ဟီလာရီကလင်တန်အတွက် အကောင်းဆုံးမဲဆွယ်စည်းရုံးပေးချင်တယ်ဆိုရင်တော့ ဟီလာရီကလင်တန်က ဒေါ်နယ်ထရမ့်နဲ့ မတူကွဲပြားတာတွေကို ချပြရုံနဲ့စွမ်းဆောင်ပေးနိုင်မှာ မဟုတ်ပါဘူး။ အဲဒီလို လုပ်မယ့်အစား တိုင်းပြည်က ရင်ဆိုင်နေရတဲ့ အခက်အခဲပြဿနာတွေကို ချပြရမယ်၊ ဟီလာရီကလင်တန်မှာ ဒီအခက်အခဲပြဿနာတွေကို ရင်ဆိုင်ကိုင်တွယ်ဖြေရှင်းနိုင်တဲ့ စွမ်းပကားရှိတယ်ဆိုတာကို သိအောင်လုပ်ရပါမယ်။

လာမယ့်ရွေးကောက်ပွဲကနေ ရွေးချယ်တင်မြှောက်လိုက်မယ့် သမ္မတသစ်ဟာ တစ်ယူသန်ပြီးလူမျိုးစွဲ စိတ်ဓာတ်ပြင်းထန်တဲ့ လှုပ်ရှားမှုတွေနဲ့ ရင်ဆိုင်ရမှာဖြစ်သလို ဒီလှုပ်ရှားမှုကိုအကြောင်းပြုပြီး သြဇာအရှိန်အဝါကြီးမားနေတဲ့ ခေါင်းဆောင်တွေနဲ့လည်း ရင်ဆိုင်ရမှာပါ။ အာရှဒေသတစ်လျှောက်နဲ့ အရှေ့အလယ်ပိုင်းဒေသ၊ ရုရှားနိုင်ငံနဲ့ အရှေ့ဥရောပ ပြောရမယ်ဆိုရင် ဗြိတိန်နဲ့ အမေရိကန်နိုင်ငံမှာပါ စစ်ပွဲနဲ့ အကြမ်းဖက်ဝါဒတွေ အပါအဝင် ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ဖိအားတွေက ဒီမိုကရေစီစံတန်ဖိုးတွေကို တိုက်စားနေတာပါ။ မဟာမိတ်တွေကြား စိတ်ဝမ်းကွဲမှုတွေ ဖြစ်နေစေတာပါ။ သည်းခံရမယ်၊ ပေးကမ်းစွန့်ကြဲရမယ်ဆိုတဲ့ စံတန်ဖိုးတွေကိုလည်း စိန်ခေါ်နေတာပါ။ ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲဟာ ဆင်းရဲသား အမေရိကန်ပြည်သူတွေနဲ့ အလယ်အလတ်လွှာ အမေရိကန်ပြည်သူတွေရဲ့ မျှော်လင့်ချက်ပျက်သုဉ်းပြီး ဒေါသူပုန်ထနေတာကို အာရုံစိုက်လာအောင် ဆောင်ကြဉ်းပေးခဲ့တာပါ။ ဒီဆင်းရဲသားပြည်သူတွေနဲ့ အလယ်အလတ်လွှာပြည်သူတွေရဲ့အမြင်မှာ အစိုးရဟာ စီးပွားရေးဆုတ်ယုတ်ကျဆင်းမှုနည်းပညာ အပြောင်းအလဲနဲ့ ပြည်ပနိုင်ငံတွေရဲ့ စီးပွားရေးပြိုင်ဆိုင်မှုတွေ အပါအဝင် စစ်ပွဲတွေက သူတို့မိသားစုတွေအပေါ် တအိအိ ဖိစီးလာမှုဆိုတဲ့ ဝန်ထုပ်ဝန်ပိုးတွေလျော့ပါးသက်သာအောင် ဖြစ်ဖြစ်မြောက်မြောက်လုပ်ပေးခဲ့တာ မရှိပါဘူး။

ပြည်သူလူထု အကျိုးထမ်းဆောင်ခဲ့တဲ့ ပြီးခဲ့တဲ့ နှစ်ပေါင်း ၄၀ ကျော်ကာလအတွင်းမှာ ဟီလာရီကလင်တန်ဟာ ဒီအဖြစ်အပျက်အလားအလာတွေကို လေ့လာသုံးသပ်နိုင်ခဲ့သလို ဒီပြဿနာတွေကို ဘယ်လိုကိုင်တွယ်ရမလဲဆိုတာကိုလည်း ချိန်ဆတွက်ချက်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ထောက်ခံမှုဟာ ပြည်သူလူထုအကျိုးကိုထမ်းဆောင်သယ်ပိုးခဲ့တဲ့ ကာလတစ်လျှောက်လုံး မြင်တွေ့ခဲ့ရတဲ့ ဟီလာရီကလင်တန်ရဲ့ ဉာဏ်ပညာအမြော်အမြင်၊ အတွေ့အကြုံ၊ ပြတ်သားခိုင်မာမှုနဲ့ ရဲရင့်သတ္တိတွေအပေါ် မြစ်ဖျားခံပေါ်ထွက်လာခဲ့တာပါ။

ဟီလာရီကလင်တန်ရဲ့ စွမ်းဆောင်မှုတွေကို ကြည့်လိုက်ရင် အမြစ်လှန်ပြောင်းလဲတာမျိုးထက် တဖြည်းဖြည်း တစ်စစပုံဖော်ရယူတာမျိုးကိုပဲ ပိုတွေ့ရမှာပါ။ သူ့ရဲ့သမိုင်းဖြတ်သန်းမှုကို ရုပ်လုံးကြွပုံဖော်လာစေမယ့် မူဝါဒတွေ၊ ပေါ်လစီတွေကို စုစည်းတင်ပြထားတယ်ဆိုတဲ့ သဘောမျိုးမဖြစ်ရလေအောင် ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်နိုင်ဖို့ ဟီလာရီကလင်တန်ဟာ သမ္မတလောင်းတစ်ယောက်အနေနဲ့ အတော်ကြီးကို ကြိုးစားခဲ့ပါတယ်။ ဒါဟာ ဟီလာရီကလင်တန်ရဲ့ မဲဆွယ်စည်းရုံးလှုပ်ရှားမှုမှာ အားနည်းချက်တစ်ခုလို ဖြစ်နေပြီး နားမလည်နိုင်စရာ၊ ဦးနှောက်ခြောက်စရာကိစ္စ ဖြစ်နေပါတယ်။ ပြောရရင် ဒီသဘောက ဖုံးဖိလို့မရအောင် ထင်ရှားနေပြီးသားပါ။ ဟီလာရီကလင်တန်ရဲ့ သမိုင်းဖြတ်သန်းမှုကို ကြည့်လိုက်ရင် စီးပွားရေးကသောင်းကနင်းကာလတွေမှာ လှုပ်ရှားရုန်းကန်နေကြရတဲ့ အမေရိကန်ပြည်သူတွေအတွက် အခွင့်အလမ်းတွေ ဖန်တီးပေးဖို့ ယတိပြတ်သန္နိဋ္ဌာန်ချထားတဲ့ ခေါင်းဆောင်တစ်ယောက်ဆိုတာ တွေ့ရမှာပါ။ မကြာခဏဆိုသလို လူမဆန်တဲ့ ကြမ်းကြုတ်ရက်စက်မှုတွေလွှမ်းမိုးနေတဲ့ ကမ္ဘာကြီးမှာ အမေရိကန်ပြည်ထောင်စုက တရားမျှတမှုအတွက် ရပ်တည်နိုင်အောင် အစဉ်အမြဲကြိုးပမ်းခဲ့တဲ့ ခေါင်းဆောင်တစ်ယောက်ဆိုတာကိုလည်း မြင်ရမှာပါ။

**(ဆက်လက်ဖော်ပြပါမည်)**

# စိတ်ကြိုက်ဝတ္ထုတိုပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် စာရေးဆရာအသင်း၏ စိတ်ကြိုက်ဝတ္ထုတိုပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ပညာရေးထောက်ပံ့လှူဒါန်းမှု အခမ်းအနားကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ် ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ စာရေးဆရာအသင်း ဥက္ကဋ္ဌ၊ ပြိုင်ပွဲဖြစ်မြောက်ရေးအဖွဲ့ခေါင်းဆောင်၊ သတင်းစာဆရာအသင်း ဥက္ကဋ္ဌတို့က စာဖတ်သမား သုံးမျိုးရှိကြောင်းနှင့် တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးပြုသည့် စာဖတ်သမားကောင်းများဖြစ်ကြ ရန်လည်းကောင်း၊ စာပေမြင့်မှ လူမျိုးမြင့်မည်။ စာကောင်းပေမွန်များ ရေးသားကြရန်လည်းကောင်း၊ စာပေသည်ဘဝနှင့် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် မီးရှူးတန်ဆောင်ဖြစ်သော စာပေဖြင့် မြန်မာ့ လွတ်လပ်ရေးကို စည်းရုံးလှုံ့ဆော်မီးမောင်းထိုးပေးခဲ့ကြသည့် သခင်အောင်ဆန်းနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ရုရှား၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့တွင်လည်း မားစ်၊ လူရွှန်း၊ တဂိုးလ် ကမ္ဘာ့စာပေပညာရှင်များ၏ စာပေကလောင်ဖြင့် ရေးသားဆောင်ရွက်ခဲ့ကြသလိုစာပေလောက ဖွံ့ဖြိုးတိုးတက်အောင် စာကောင်းပေမွန်များ ရေးသားကြရန် ပြောကြားသွားခဲ့သည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်း အမှုဆောင်များက ကျင်းပရခြင်း ရည်ရွယ်ချက်၊ စာမူများအပေါ် ဝေဖန်ပြောကြားခြင်းနှင့်ပြိုင်ပွဲဝင် စာရေးဆရာများအပေါ် မုဒိတာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် စိတ်ကြိုက်ဝတ္ထုတိုပြိုင်ပွဲ ဝါသနာရှင်အဆင့်၊ ပညာရှင်အဆင့်တို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် နှစ်သိမ့်ဆုများရရှိသည့် ပြိုင်ပွဲဝင်ဆုရ စာရေးဆရာ ၁၂ဦးတို့အား မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အလှူရှင်များ၊ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။ ဆက်လက်၍ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မြို့နယ်စာရေးဆရာအသင်းဝင်သားသမီး ကျောင်းသားကျောင်းသူ ၄၀ အတွက် စာရေးကိရိယာများ၊ ဗလာစာအုပ်များ၊ ထောက်ပံ့ငွေများကိုလည်း ပေးအပ်လှူဒါန်းခဲ့ကြသည်။

**(၆၈၄)**



# အဖတ်ဆယ်လို့ ရနိုင်ပါဦးမလား

## မောင်ဆွေ

**ယမန်နေ့မှအဆက်**

"ဒီလိုဖြစ်ရတာ ပညာရေးကို လျစ်လျူရှုခဲ့တဲ့ အကျိုးဆက်လို့ပဲ ငါမြင်တယ်။ မင်းတို့ ဖတ်ဖူးသလားတော့ မသိဘူး။ ဆရာ ကြည်မင်းရဲ့ ပညာခရီးနှင့် ပညာမျက်စိဆိုတဲ့ စာအုပ်ထဲမှာ ငါသိပ်ကြိုက်တဲ့ အပိုဒ်လေးပါတယ်။

"ဆရာက ဘာရေးထားသလဲဆိုတော့ အားကစားမှာ နိမ့်သွားရင် စီမံကိန်းချပြီး ပြန်ပြင်ရတာ လေးနှစ်လောက်နဲ့ ပြန်ကောင်းလာနိုင်တယ်။ စီးပွားရေးစီမံချက်မှားသွားရင် ခြောက်နှစ်လောက်အတွင်း ပြန်ကုစားနိုင်တယ်တဲ့။ ကျန်းမာရေးစီမံချက်တစ်ခုကိုတော့ နှစ် ၂၀ လောက်အချိန်ယူ ပြင်ဆင်ရင် ပြန်ကောင်းလာနိုင်တယ်တဲ့။ ပညာရေးမှာ အမှားအယွင်းဖြစ်ရင်တော့ ခံပေတော့ တစ်သက်လုံးဆိုတာမျိုးတဲ့။ ငါကတော့ အစမ်းသပ်ခံပညာရေးဘဝ၊ စမ်းတဝါးဝါး ပညာရေးဘဝ၊ မအောင်မရှိ ငါတပည့်ဆိုတဲ့ ပညာရေးဘဝ၊ ကျောင်းသားစာမေးပွဲကျရင် ဆရာက ဖြေရှင်းချက်ရေးတင်ရတဲ့၊ ဆရာတွေ ပြစ်တင်ရှုတ်ချခံရတဲ့ ဘဝဆိုးကြီးကနေ အမြန်ဆုံးလွတ်ပါစေလို့ပဲ ဆုတောင်းနေမိတယ်"

"အကျင့်ပျက်တယ်။ စိတ်ကောင်းနှလုံးကောင်းတွေ ရှားပါးလာတယ်။ ကိုယ်ချင်းစာတရား နည်းပါးလာတယ်။ ငွေသာရမယ်ဆိုရင် ဘနဖူး သိုက်တူးမယ်ဆိုတဲ့ လူတွေများလာတယ်။ ဂါရဝတရားလည်း နည်းပါးလာတယ်။ မသန့်ရှင်းတဲ့ငွေကို တပ်မက်တယ်။ ဦးဆောင်တဲ့သူတွေ၊ အာဏာရှိတဲ့သူတွေကလည်း တရားမဲ့ခဲ့တယ်။ စံပြပုဂ္ဂိုလ် ရှာမရဘူး။ အတုမြင်အတတ်သင်စရာက မကောင်းတာပဲရှိတယ်။ ငါကတော့ သစ်တောတွေပြုန်းတီးလို့ ရာသီဥတု ဖောက်ပြန်တယ်လို့ ပြောပေမယ့် ရာခိုင်နှုန်းအပြည့်တော့ မဟုတ်ဘူးလားလို့ တွေးမိတယ်။ ငါ့အတွေးနော်။

"လူတွေရဲ့ ဖောက်ပြန်မှုတွေကြောင့်လည်းပါလို့ တစ်နိုင်ငံလုံးနီးပါး ရေလွှမ်းတယ်။ တစ်နိုင်ငံလုံးအနှံ့ ဈေးတွေ အပါအဝင် မီးတွေ တဟုန်းဟုန်းလောင်တယ်လို့ စိတ်ထဲမှာထင်နေတယ်။ ဥပမာကွာ mask (နှာခေါင်းစည်း)တွေ၊ ဓာတ်ဆားထုတ်တွေ၊ ဆေးတွေကို ဝယ်လိုအားနဲ့ ရောင်းလိုအား မမျှလို့ဆိုပေမယ့် ဒါမျိုးက ဒီလို မတန်တဆ ဈေးတင်ကောင်းတဲ့၊ ဈေးကစားသင့်တဲ့ဟာမျိုး မဟုတ်ဘူး။ စားသုံးကုန်တွေ မတန်တဆ ဈေးတင်တာ လုပ်ကောင်းတဲ့ အရာမဟုတ်ဘူး။ လောဘသားတွေကတော့ လုပ်တာပဲ။ မသန့်ရှင်းတဲ့ငွေဆိုတာ ရန်သူမျိုး ငါးပါးကြောင့် ပျက်စီးမှာပဲ။ ဗေဒင်မေးရင် ဆန်ကုန်မယ်။ မင်းတို့ကြည့်နေ။ လျှင်ကလည်း မလှုပ်တာကြာလို့၊ လျှင်ကြောပေါ်မှာ ရှိတာမို့ အချိန်ကျလို့ လှုပ်တယ်လို့ ဆိုပေမယ့် အများစုရဲ့ မကောင်းတဲ့ စရိုက်တွေ၊ မကောင်းတဲ့ စိတ်ထားတွေကြောင့် သတိပေးတာလို့ ငါ့စိတ်ထဲမှာ စွဲနေတယ်။ ဒီအတိုင်းဆက်သွားရင်တော့ လျှင်က ဒီထက်ဆိုးရွားပြင်းထန်တာတွေ ကြုံရဦးမှာ မလွဲဘူး။

"တစ်ယောက်ချင်းစီကနေ စိတ်ကောင်းစိတ်မွန်တွေ မွေးမြူကြမယ်၊ ရိုးသားကြိုးစားတဲ့စိတ်တွေ မွေးမြူမယ်ဆိုရင်တော့ သဘာဝဘေးဒဏ်တွေကကော ဒုစရိုက်မှုတွေကပါ ကင်းဝေးမယ်၊ လျော့နည်းမယ်လို့ ထင်မိတယ်။ ကမ္ဘာတစ်ဝန်းကတော့ ငါလည်း မတတ်နိုင်ပါဘူး။ ငါတို့နိုင်ငံကတော့ ဗုဒ္ဓဘာသာနိုင်ငံပီပီ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ မကောင်းတာတွေ ဖြစ်နေတာ မကောင်းတာတွေ လုပ်နေလို့ပဲလို့ လော့ဂျစ်နည်းနဲ့ တွက်လို့ရတာမို့ လက်ရှိဖြစ်နေတာကို ပြင်ဖို့လိုကို လိုတယ်။ ငါပြောတာ မှားလား"

တစ်ယောက်တစ်ခွန်း ဝင်ဆွေးနွေးကြသည်။ ပြီးတော့ မောသွားသည်။ ဒီတော့ အားလုံး ဘီယာခွက်ကို တတိယမြောက် မြှောက်လိုက်ကြသည်။

"မင်းတို့ မြန်မာရုပ်ရှင်၊ ဗီဒီယိုကားတွေ၊ ပြဇာတ်တွေ ကြည့်ဖြစ်သေးလား"

"ငါကတော့ မြန်မာကား လုံးဝမကြည့်"

"မဟုတ်ဘူး။ ငါလည်း မကြည့်ပါဘူး။ ဟိုနေ့က ပျင်းပျင်းနဲ့ ဖေ့စ်ဘွတ်မှာ တွေ့လို့ လျှောက်ဖွင့်တာ။ ဇာတ်ကနေတာ။ မင်းသမီးကစပြီး လူပျက်နှစ်ယောက်ကို အိန္ဒိယ နွယ်ဖွားဆိုပြီး မပီကလာ ပီကလာအသံနဲ့ အောက်ပိုင်းပျက်လုံးတွေ ပျက်နေတာ တော်တော်မိုက်ရိုင်းတယ်။ ရွံစရာကောင်းတယ်၊ အမျိုးသားလူပျက်တွေ ပျက်တာတောင် တော်တော်ဆိုးလို့ ရှုတ်ချနေတာ။ အခု မင်းသမီးက ဦးဆောင်ပျက်နေတာတွေ့လို့ မင်းတို့ကြည့်မိသလား၊ သိသလား မေးမလို့။ ဇာတ်ဆရာတွေ၊ ဒါရိုက်တာတွေက ညွှန်ကြားတာဖြစ်ပေမယ့် အမျိုးကောင်း မြန်မာလူမျိုး မိန်းကလေးတစ်ယောက်အနေနဲ့ လုံးဝငြင်းရမယ့် ပျက်လုံးကွာ။ သူ့ဘာသာ အိမ်ထောင်သည်ဖြစ်ဖြစ်၊ အပျိုဖြစ်ဖြစ် လုံးဝ မပျက်သင့်တဲ့ ပျက်လုံးတွေ"

"အနုပညာဆိုတာ ကိုယ့်နိုင်ငံရဲ့ ကောင်းကွက်ကို ပေထက်အက္ခရာတင်သလို ပြရမှာ။ ငါတော့ တော်တော်များများ ဇာတ်ကားတွေ မကြည့်ဖြစ်ဘူး။ တစ်ခါလာလည်း ဖန်စီကား၊ အပျော်ကား၊ ဟာသကား၊ ရယ်စရာကားနဲ့။ တစ်ခါတလေ မှန်လုံနဲ့ ရန်ကုန်လာရင်း မလွှဲသာမရှောင်သာ မျက်စိထဲဝင်လာလို့ ရှောင်မရတာနဲ့ မြင်ရတာက ထိုးကြိတ်၊ အော်ဟစ် ဆဲဆိုနေတာ၊ အပြင်မှာတောင် ဒီလောက်မိုက်ရိုင်းတာ မကြားဖူးဘူး။ ဗီဒီယိုထဲမှာ လုပ်နေတာ၊ ဒီဒါရိုက်တာတွေ၊ သရုပ်ဆောင်တွေကိုလည်း အံ့ဩတယ်။ ဘယ်လိုစိတ်ကူးနဲ့ လုပ်ပြနေသလဲမသိဘူး။ ရွာသားဆိုရင် မိုက်ရိုင်းရမယ်။ မူးပေါက်မြောက်မယ်။ ဒါပဲ သရုပ်ဖော်နေတယ်။ ဒါလည်းတော်တော်ဆိုးတယ်။ မြန်မာရုပ်ရှင်ကားတွေရဲ့ အဆင့်အတန်းမြှင့်တင်ဖို့ဆိုရင် သရုပ်ဆောင်တွေရဲ့ အရည်အသွေးမြင့်မားဖို့၊ ဝတ္ထု၊ ဇာတ်ညွှန်းရေးသူတွေ၊ ဒါရိုက်တာတွေရဲ့ အရည်အချင်းမြင့်မားဖို့ကို အမြန်လုပ်မှပဲ ဖြစ်တော့မယ်လို့ ငါထင်တယ်။ အေးပေါ့လေ။ ရုပ်ရှင်ကြည့်ပရိသတ်ကလည်း အဆင့်အတန်းမြင့်ဖို့လိုတယ်လို့ပြောရမလားဘဲ"

"ငါ့အမြင်တော့ ကိုရီးယားကားတွေ ဆက်ပြမယ်ဆိုရင် အခု တို့နိုင်ငံမှာ အရေးကြီးဆုံးလိုနေတဲ့ အရာလို့ ငါမြင်တာ တစ်ခုကတော့ မိဘမဲ့ဂေဟာပဲ။ အိမ်ထောင်ရေး ဖောက်ပြန်၊ မယားလု၊ ယောကျ်ားလု၊ မိန်းကလေးတွေက မူးပေါက်မြောက်နဲ့ အများစု အတုခိုးတာက ဒါတွေပဲ။ ယောကျ်ားလေးတွေနဲ့ အတူတူ အရက်သောက်၊ ပြီးရင် မိန်းကလေးတွေ မူးပြီး မှောက်နေပြီ။ ဇာတ်လမ်းက အဲဒီမှာ စပြီလေ။ ဒါကြောင့် မိဘမဲ့ကလေးဂေဟာတွေ များများဆောက်ထားဖို့ လိုပြီလို့ ငါပြောတာ"

ခဏလေးနှင့် စတုတ္ထမြောက် ခွက်ချင်းတိုက်လိုက်ကြပြီး တစ်ကျိုက်မော့ဖြစ်သည်။

"ဘောလုံးပွဲတွေကော ကြည့်ဖြစ်သလား။ ငါကတော့ ညနေပိုင်းဆို အိမ်မှာ စကိုင်းနက်ကလာတဲ့ ဘောလုံးပွဲတွေ လျှောက်ကြည့်ရင်း တစ်ခါတလေ စိတ်ပါရင် လှမ်းဖုန်းဆက်ပြီး တစ်ပုံး၊ နှစ်ပုံး ဆွဲလိုက်တယ်"

"ငါကတော့ ဝါသနာမပါ"

"ငါလည်း နိုး"

"ငါက ဂေါက်ပွဲ၊ တင်းနစ်ပွဲ ပိုကြည့်ဖြစ်တယ်"

"ငါ့ကို မျိုးချစ်စိတ်မရှိသူ၊ သစ္စာဖောက်လို့ မစွပ်စွဲနဲ့။ ငါကတော့ နိုင်ငံခြားဘောလုံးပွဲကို ကြည့်တယ်။ ဘယ်အသင်းမှ ခရေစီ မဖြစ်ဘူး။ ဒီအတိုင်း ကြည့်လိုက်တာပါပဲ။ မန်ယူပရိသတ်လည်း မဟုတ်ဘူး။ ချယ်လ်ဆီးပရိသတ်လည်း မဟုတ်ဘူး။ ဘောလုံးပွဲကို စိတ်ပါရင်၊ ပျင်းရင် ကြည့်ဖြစ်တယ်။ ငါက နှလုံးရောဂါ မဖြစ်အောင် ရှောင်တဲ့အနေနဲ့ မြန်မာဘောလုံးအသင်းကစားတဲ့ပွဲတော့ လုံးဝမကြည့်ဘူး။ တချို့ဆိုသိပ်ရယ်ရတယ်။ တစ်ပွဲ၊ နှစ်ပွဲလောက်နိုင်ပြီဆို၊ ကွာတားလောက်တက်လာပြီဆို ဒီတစ်ခါတော့ သေချာပြီ၊ ဒိုင်းရတော့မယ်၊ ရွှေရတော့မယ်ဆိုပြီး အသားကုန်အားပေး။ နောက် ဖိုးသင်းမျောက်လည်း ဖြစ်ရော ရင်မောရရော။ ငါကတော့ နိုင်ရင် နိုင်တယ်လို့ မှတ်တယ်။ ရှုံးရင် ရှုံးသွားလား။ ဒါပဲ။ ငါ့အထင်တော့ မျိုးစေ့မမှန် ပင်မသန်သေးတော့ မရသေးဘူး။ အခြေခံအဆင့် နည်းစနစ်တကျ ကစားတတ်အောင်၊ အားကစားစိတ်ဓာတ်ခိုင်မာအောင် လုပ်ပေးဖို့ လိုသေးတယ်။ ကျောင်းတွေမှာ အားကစားတွေလုပ်ဖို့ လိုတယ်။ အားကစားစိတ်ဓာတ်မရှိဘဲ နိုင်ချင်စိတ်တစ်ခုတည်းနဲ့ ကစားနေကြတာ တွေ့တယ်။ ဘေးကန်ထုတ်ချင်စိတ်များတဲ့၊ တစ်ကိုယ်ကောင်းဆန် စိတ်များတဲ့၊ ဘောလုံးပညာ မပြည့်ဝသေးဘဲ တစ်ယောက်တည်း လိမ်ချင်၊ ခေါက်ချင်၊ ဂိုးသွင်းချင်တဲ့စိတ်တွေ ဖျောက်ဖို့ လိုသေးတယ်လို့ မြင်တယ်"

တဖြည်းဖြည်းနှင့် လက်ရည်ကျလာသည်။ အမြည်းတွေသာ လိုမ့်စားဖြစ်သည်။ ကိုယ့်နီးရာလူနှင့် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ စကားတွေဆက်ပြောကြသည်။ သောင်းဒန်နှင့် သူ စကားဆက်ပြောဖြစ်သည်။

"ငါ့ကုမ္ပဏီက အဘိုးကြီးသိလား၊ သိပ်ရယ်ရတယ်။ သူလုပ်သမျှကို မီဒီယာမှာ ပါချင်တယ်။ ဘယ်လိုမှ ပြောလို့မရဘူး။ သူက သတင်းတွေထဲပါမှ အလုပ် လုပ်တယ်လို့ အသိအမှတ်ပြုခံရပြီး အင်ပရက်ရှင်ကောင်းကောင်းရခဲ့တဲ့ ကာလက ကြီးပြင်းလာတာလို့ သူ့ကွယ်ရာမှာ တချို့ကပြောပြတယ်။ ငါကတော့ သိပ်နားမလည်ပါဘူး။ သူက သတင်းတွေ သိပ်ပါချင်တယ်။ ထင်ပေါ်ချင်တယ်။ သိပ် စိတ်ညစ်စရာ ကောင်းတာပဲ သိလား"

"မီဒီယာတွေမှာ မျက်စိနောက်အောင် ပါနေပြီဆိုရင် ပြည်သူကလည်း သိတယ်။ ပြည်သူအတွက်၊ တိုင်းပြည်အတွက် အလုပ်လုပ်နေတာ မဟုတ်ဘဲ ဒီလို ထင်ပေါ်ချင်နေတဲ့သူတွေ ငါလည်းတွေ့ဖူးတယ်။ အရင်ကဆိုရင် အလုပ်လုပ်ရုံနဲ့ မပြီးဘူး၊ ကိုယ်လုပ်တာကို ပေါ်လွင်အောင် ပြတတ်ဖို့လိုတယ်လို့ ကြွေးကြော်တဲ့သူတွေ တွေ့ဖူးတယ်။ ဖိုးရှော်၊ ဖော်ရှိုး (For show) သမားတွေပေါ့ကွာ။ ပြည်သူတွေကြားထဲမှာ ကောင်းတဲ့အလုပ်သာလုပ်၊ ပြည်သူလက်ခံရင် ကောင်းသတင်းထွက်လာမှာပဲ။ ကိုယ့်အဖွဲ့အစည်းအကြောင်း ကြော်ငြာနေစရာမလိုဘူး။ ပြည်သူသိအောင် တမင်ကြီးလုပ်ပြနေစရာ မလိုဘူး။ အေးပေါ့ကွာ။ တစ်ခါတလေတော့လည်း ဒီလို ဆိုက်ကိုသမားတွေ ရှိတတ်ပါတယ်"

လူမိုက်ဂိုဏ်းတွေ အကြောင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းနေသေးသည့်အကြောင်း၊ လာဘ်ပေးလာဘ်ယူများ ရှိနေဆဲအကြောင်း၊ မိမိကိုယ်တိုင် ကော့ကော် ကန်ကား၊ မလုံမခြုံနှင့် လုပ်သည့်အကျိုးဆက်က တစ်နေရာရာမှာ အဓမ္မပြုကျင့်ခံရမှုများ ဖြစ်ပွားရာတွင် သွယ်ဝိုက်သောနည်းဖြင့် ပတ်သက်မှုရှိသည်ကို သတိထားပြီး မိန်းကလေးများ လုံလုံခြုံခြုံဝတ်ဆင်ဖို့ လိုသည့်အကြောင်း စတာတွေကို အဖွဲ့လိုက် ပြောဖြစ်ကြသည်။

ရန်ကုန်ရောက် နယ်မြို့လေးမှ ငယ်သူငယ်ချင်းများ။ သူတို့အနေဖြင့် နိုင်ငံသားများဖြစ်သည့်အားလျော်စွာ သူငယ်ချင်းများနှင့် တွေ့ဆုံခိုက် ကိုယ့်အတွေ့အကြုံအရ ဖြစ်ပျက်နေသည့် နိုင်ငံ့အရေးကိစ္စရပ်များ၊ ဖြစ်စေချင်သည်များ၊ စိုးရိမ်သောကများ၊ လိုလားချက်များကို ရင်ဖွင့်ထုတ်ဖော်ဖလှယ်ကြ၊ ဆွေးနွေးမိကြခြင်းဖြစ်သည်။

သူတို့သူငယ်ချင်းအုပ်စုထဲတွင် ကိုယ်ပိုင်ကုမ္ပဏီဖွင့်လှစ်လုပ်ကိုင်နေသူ၊ ပုဂ္ဂလိကဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်း၊ ကိုယ်ပိုင်စီးပွားရေးသမား၊ သွားဆရာဝန်၊ တပ်မတော်သားဟောင်း စသည်ဖြင့် လူစုံပါရှိကြသည်။ ညနေ ၆ နာရီခွဲမှ စတင်ခဲ့သော သူတို့တွေ့ဆုံပွဲ စကားဝိုင်းလေးက ည ၁၀ နာရီခွဲတွင် အတင်းလူစုခွဲပြီး နှုတ်ဆက်ပြန်ခဲ့ရသည်။

"ဟော့ကောင်တွေ၊ ဒီနေ့ပြောတာတွေ၊ ငယ်ကျိုးငယ်နာတွေ မေ့လိုက်တော့နော်။ အိမ်ပြန်သယ်မသွားနဲ့၊ တောစကား တောပျောက်၊ တောင်စကား တောင်ရောက်"ဟု သူတို့အုပ်စုတွင် ရည်းစားအများဆုံး စိုးမိုးလွင်က ကားပေါ်မှ အော်ပြောသွားသည်။

သူကတော့ တောစကား တောမပျောက်နိုင်။ ငါတို့နိုင်ငံကြီး အဖတ်ဆယ်လို့ ရပါဦးမလားဆိုသည့် သိန်းနိုင်၏စကားသံကို အိပ်ရာထဲရောက်သည်အထိ မမေ့ပျောက်နိုင်ခဲ့။ မသိမသာတစ်မျိုး၊ သိသိသာသာ တစ်ဖုံ ဘက်စုံထောင့်စုံမှ ချို့ယွင်းပျက်စီးနေသော မိမိတို့နိုင်ငံကြီး မြန်မြန်အဖတ်ဆယ်နိုင်ပါစေဟု ဆုတောင်းရုံမှ တစ်ပါး . . .။

**ငါ့အမြင်တော့ ကိုရီးယားကားတွေ ဆက်ပြမယ်ဆိုရင် အခု တို့နိုင်ငံမှာ အရေးကြီးဆုံး လိုနေတဲ့အရာလို့ ငါမြင်တာတစ်ခုကတော့ မိဘမဲ့ဂေဟာပဲ။ အိမ်ထောင်ရေး ဖောက်ပြန်၊ မယားလု၊ ယောကျ်ားလု၊ မိန်းကလေးတွေက မူးပေါက်မြောက်နဲ့ အများစု အတုခိုးတာက ဒါတွေပဲ။ ယောကျ်ားလေးတွေနဲ့ အတူတူ အရက်သောက်၊ ပြီးရင် မိန်းကလေးတွေ မူးပြီးမှောက်နေပြီ။ ဇာတ်လမ်းက အဲဒီမှာ စပြီလေ။ ဒါကြောင့် မိဘမဲ့ကလေးဂေဟာတွေ များများ ဆောက်ထားဖို့ လိုပြီလို့ ငါပြောတာ။**



# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ဘော်ဆိုင်းဒေသရှိ လူမှုရေးအသင်းအဖွဲ့သို့ မော်တော်ယာဉ်တစ်စီးနှင့် သောက်ရေသန့်စက်များ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၅**

ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM)က ရှမ်းပြည်နယ်(တောင်ပိုင်း) ဘော်ဆိုင်းဒေသရှိ လူမှုရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အသုံးပြုရန်အတွက် သိန်း ၂၄၀ တန်ဖိုးရှိ Super Custom အမျိုးအစား မော်တော်ယာဉ်တစ်စီးကို စက်တင်ဘာ ၂၂ ရက်က မြတ်ဆရာခန်းမ၌ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက လူမှုရေးအသင်းဥက္ကဋ္ဌ ဦးစိုင်းတင်ဖေထံ သွားရောက်လှူဒါန်းခဲ့သည်။

ရှေးဦးစွာ ဖောင်ဒေးရှင်းဥက္ကဋ္ဌက မော်တော်ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို လူမှုရေးအသင်းဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းပြီး ဦးစိုင်းတင်ဖေက မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အောက်ပုံ)** ထို့နောက် ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သောက်သုံးရေသန့်စက်များကို ရွှေဂူကျောင်း၊ ဘော်ဆိုင်းဆေးရုံ၊ ဘော်ဆိုင်း အထကတို့တွင် တပ်ဆင်လှူဒါန်းခဲ့သည်။

ယင်းဖောင်ဒေးရှင်းသည် ခေတ်အဆက်ဆက် ရေချိုလုံးဝမထွက်ရှိဖူးသည့် ဓနုလူမျိုးများနေထိုင်ရာ ဘော်ဆိုင်းဒေသတွင် ၂၀၁၄ ခုနှစ် မတ် ၁၁ ရက်မှ ယနေ့အချိန်အထိ ရေတွင်းတူးစက်ကြီးများဖြင့် ရေတွင်းပေါင်း ၂၀ နှင့် ရေကန်ပေါင်း ၃၂ ကန်၊ ရေတိုင်ပေါင်း ၉၉ တိုင်ဖြင့် သန့်ရှင်းသော သောက်သုံးရေချိုများ ရရှိရေး တူးဖော်လှူဒါန်းခဲ့သည်။ ထို့အတူ နိုင်ငံတစ်ဝန်းတွင် ရေတွင်းပေါင်း ၁၇၂ တွင်း၊ ရေကန်ပေါင်း ၁၀၂ ကန်နှင့် ရေတိုင်ပေါင်း ၂၈၄ တိုင်တို့ကို တူးဖော်လှူဒါန်းပေးခဲ့သည့်အပြင် အိမ်တိုင်ရာရောက် ရေတိုင်များသွယ်တန်းပေးခြင်း၊ ရေတင်စက်များအတွက် အင်ဂျင်၊ ဒိုင်နမိုများ တပ်ဆင်ပေးခြင်း၊ အင်ဂျင်၊ ဒိုင်နမိုများ အပိုဆောင်းထားပေးခြင်းတို့အပြင် တစ်နှစ်စာ စက်သုံးဆီ လှူဒါန်းခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့် ရေရှားပါးသော ကလော၊ ပင်းတယ၊ အောင်ပန်း၊ ဟဲဟိုး၊ တောင်ကြီး၊ ဟိုပုံး၊ နမ့်ဆန်မြို့နယ်များအပါအဝင် ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ရှမ်း၊ ဗမာ၊ ကယား၊ လီဆူးစသော ဒေသခံတိုင်းရင်းသားများအတွက် သန့်ရှင်းသောသောက်သုံးရေများ လှူယ်ကူအဆင်ပြေခဲ့ကြောင်း သိရသည်။ **(ဝ၁ဝ)**



# ကျား၊ မ အခြေပြုအကြမ်းဖက်မှုနှင့်စပ်လျဉ်းသော အသိပညာပေးဆွေးနွေးပွဲ သင်တန်းဖွင့်

**လားရှိုး စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)ကကြီးမှူးကျင်းပသော ကျား၊ မအခြေပြုအကြမ်းဖက်မှု (Gender Based Violence - GBV) နှင့်စပ်လျဉ်းသော အသိပညာပေးဆွေးနွေးပွဲ သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့(လားရှိုး) ရဲရန်အောင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရဲမှူးကြီးအောင်မြတ်မိုးက အဖွင့်အမှာစကားပြောကြားကာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ တာဝန်ရှိသူများနှင့် GBV ဥက္ကဋ္ဌ Mr. Lionel တို့က သင်တန်းကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။ အဆိုပါသင်တန်းကို စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကျင်းပခဲ့ပြီး သင်တန်းသားရဲတပ်ဖွဲ့ဝင်ဦးရေ ၅၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**

❑

**❍ မြန်မာ့လက်ရွေးစင်အသင်းမှ**

မြန်မာ့လက်ရွေးစင်အသင်းသည် စတုတ္ထခြေစမ်းပွဲအဖြစ် VVV-Venlo အသင်းနှင့် စက်တင်ဘာ ၂၆ ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၁၁ ရက်မှစတင်ကာ ဂျာမနီနိုင်ငံ ဒုစ်ဘတ်မြို့၌ လေ့ကျင့်နေခြင်းဖြစ်ပြီး နယ်သာလန်နှင့် ဘယ်လ်ဂျီယံနိုင်ငံများသို့ သွားရောက်ကာ ခြေစမ်းပွဲ သုံးပွဲ ကစားထားရာ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခရီးစဉ်တွင် နိုင်ပွဲမရသေးဘဲ နယ်သာလန်ကလပ် EVV Echt အသင်းနှင့် တစ်ဂိုးစီသရေ၊ ဘယ်လ်ဂျီယံဒုတိယတန်းကလပ် ဘာချမ်အသင်းနှင့် တစ်ဂိုးစီသရေကျကာ နယ်သာလန်ပထမတန်းကလပ် Roda JC ယူ-၂၃အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင် အသင်းနှင့် ယနေ့ခြေစမ်းမည့် VVV-Venlo အသင်းသည် နယ်သာလန် ဒုတိယတန်းတွင် ငါးပွဲကစားအပြီး၌ ထိပ်ဆုံး ငါးသင်းစာရင်းဝင်နေသည့် အသင်းဖြစ်ပြီး နယ်သာလန်ကစားသမားအများစုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယခုခြေစမ်းပွဲကို နယ်သာလန်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲ ခုနစ်ပွဲကစားမည်ဖြစ်ပြီး ဂျာမနီနိုင်ငံအပြီးတွင် ဆိုက်ပရပ်စ်နိုင်ငံ၌ ဆက်လက်လေ့ကျင့်မည်ဖြစ်ကာ ခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

## ထစ်ချုန်းသည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်မည်

**နေပြည်တော် စက်တင်ဘာ ၂၅**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း၊ အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ မန္တတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သိမ်ဇရပ်မြို့တွင် ၄ ဒသမ ၄၅ လက်မ၊ ဂွမြို့တွင် ၃ ဒသမ ၈၂ လက်မ၊ ဝမ်းတွင်း(စိုက်ပျိုးရေး)တွင် ၂ ဒသမ ၉၅ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ညောင်လေးပင်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ကြို့ပင်ကောက်မြို့တွင် ၂ ဒသမ ၁၆ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ဝ၁ လက်မနှင့် ဖြူးမြို့တွင် ၁ ဒသမ ၉၇ လက်မတို့ ဖြစ်ကြသည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။



(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ကျော်ဦးစီးသော အရာရှိ၊ အကြပ်၊ တပ်သား ၁၇ ဦးတို့က မြို့နယ်ပြည်သူ့ဆေးရုံသွေးလှူဘဏ်တွင် စက်တင်ဘာ ၂၃ ရက်က စုပေါင်းသွေးလှူဒါန်းကြစဉ်။

**စိုင်း(သီပေါ)**



(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံသတင်းရဲတပ်ဖွဲ့ (အမှတ်-၂၂၆) တပ်ဖွဲ့စုရုံး ဒိုက်ဦးမှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး မျိုးလွင်ထွေး ဦးဆောင်သော တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၄ ရက်တွင် ဘုရားကြီးကျောင်းတိုက်ဝင်းအတွင်း မြက်ချုံနွယ်များ ရှင်းလင်းဆောင်ရွက်စဉ်။

**ကျော်ကျော်(IPRD)**



(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး(ယာယီ) ဒုတိယရဲမှူးကြီးမြင့်ကြည် အနီးကပ်ကြီးကြပ်၍ ခရိုင်ရုံးနှင့် မြို့နယ်ခြောက်မြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ တပ်ဖွဲ့စုမှူးများ၊ ပြည်မြို့ပေါ်ရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၃)ယာဉ်ထိန်းတပ်ဖွဲ့စု၊ အမှတ်(၉)တပ်ဖွဲ့စု၊ သရေခေတ္တရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးတပ်ဖွဲ့စုတို့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စက်တင်ဘာ ၂၃ ရက်တွင် ပြည်မြို့ ခုတင်(၅၀၀) အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းစဉ်။

**(၄၉၇)**

**❖ ကျောဖုံးမှ**

လေယာဉ်ကွင်းလမ်းအတိုင်း စီးနင်းကြပြီး ဝဲကျွန်းရပ် ရေးလမ်းမှ ဥတ္တံတားကြီးလမ်းဆုံ၊ ထိုမှတစ်ဆင့် ဗိုလ်ချုပ်လမ်း၊ ညောင်ပင်ကြီးလမ်းဆုံမှ တစ်ဆင့် ဘုမ္မော်ရပ် တိုက်သစ်ဘုန်းကြီးကျောင်းလမ်း၊ ကရပ်ပြင်လမ်းဆုံ၊ ထိုမှတစ်ဆင့် ရွှေတောင်စားစေတီဘုရားကြီးလမ်းမှ ရွှေဝယ်သီရိအားကစားကွင်းအတွင်း ပန်းဝင်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အရိပ်ရပင်များစိုက်ပျိုး

**သိန်းနီ စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းကြီးဘေး သိန်းနီမြို့အဝင် အောင်မင်္ဂလာခန်းမရှေ့ရှိ လမ်းမကြီးတစ်လျှောက် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးတို့အတွက် အရိပ်ရပင်များစိုက်ပျိုးခြင်းကို မြို့နယ်စည်ပင်သာယာရေးဌာနက စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြသည်။

အဆိုပါအရိပ်ရပင်များစိုက်ပျိုးခြင်းကို သိန်းနီမြို့နယ်စည်ပင်သာယာရေးဌာနအမှုဆောင်အရာရှိ ဦးညီညီမောင်နှင့် ဌာနဝန်ထမ်းများက အရိပ်ရပင် ၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(သီပေါကိုလတ်)**

# သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေး ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အပိုင်နယ်မြေ (၃၆)နေရာတို့၌ စက်တင်ဘာ ၂၂ ရက် နံနက် ၇ နာရီမှစတင်၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်နေပြည်သူများ၊ ခြင်မှကူးစက်သည့်ရောဂါများ မဖြစ်ပွားစေရေးအတွက် ညနေ ၄ နာရီကျော်အထိ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါခြင်ဆေးမှုတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတို့၏လမ်းညွှန်ချက်နှင့်အညီ အဆိုပါခြင်ဆေးမှုတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ရပ်ကွက်အတွင်းရှိ ဆယ်အိမ်စုမှူးများ၊ ရာအိမ်မှူးများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ယင်းခြင်ဆေးမှုတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်လင်း(အင်းစိန်)**

# ငြိမ်းချမ်းရေးကော်မရှင်နှင့် UNFC က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့တို့ ထိုင်းနိုင်ငံ ချင်းမိုင်တွင် တွေ့ဆုံဆွေးနွေး

**ချင်းမိုင် စက်တင်ဘာ ၂၅**

ငြိမ်းချမ်းရေးကော်မရှင်နှင့် UNFC က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့သည် ယနေ့ မွန်းလွဲ ၂ နာရီက ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ ရှန်ဂရီလာ ဟိုတယ်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် အစိုးရဘက်မှ ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကြည် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း)က အဖွင့်အမှာစကားပြောကြားရာတွင်"စေ့စပ်ညှိနှိုင်းရေးစားပွဲမှာ အခုလိုပြဿနာတွေ၊ မကျေလည်မှုတွေကိုဖြေရှင်းနေတာ အင်မတန်ကောင်းမွန်ပါတယ်။ တစ်ဖက်ကကြည့်ရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အတူတကွပူးတွဲလုပ်ဆောင်နေတယ်ဆိုတာ ထင်ရှားတဲ့ သာဓကတစ်ခုပါ။ သွားရမယ့် ငြိမ်းချမ်းရေးခရီးစဉ်က တော်တော် ရှည်လျားပါတယ်။ ကြိုးကြိုးစားစားနဲ့ ဆက်လုပ်ရမယ့်အလုပ်တွေ အများကြီးရှိနေတယ်လို့ ကျွန်တော်တို့က မြင်ပါတယ်။ ကျွန်တော်တို့ အခုတည်ဆောက်နေတဲ့ ငြိမ်းချမ်းရေးဟာ စစ်ပွဲမရှိရုံမျှနဲ့ ပြီးသွားမယ့် ငြိမ်းချမ်းရေးမဟုတ်ပါဘူး။ ပြည်သူလူထုရဲ့ စားဝတ်နေရေး ပြည့်စုံဖူလုံနေရုံလုပ်တဲ့ ငြိမ်းချမ်းရေးလည်းမဟုတ်ပါဘူး။ မည်သည့် ကြမ်းတမ်းမှု၊ ခက်ခဲမှုမှမရှိတော့ဘဲ စိတ်အေးချမ်းသာစွာနေနိုင်တဲ့အထိ မျှော်မှန်းပါတယ်။ ခရီးလမ်းဟာ ဝေးပင်ဝေးငြား မဖြစ်မနေလုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ရှိရင်ရပါတယ်။ သွားချင်တဲ့ ပန်းတိုင်ကို ရောက်နိုင်အောင် နှစ်ဦးနှစ်ဖက် ပြေပြေလည်လည်နဲ့ သွားကြမယ်ဆိုရင် ကျွန်တော်တို့ သွားချင်တဲ့ ပန်းတိုင်ကိုမလွဲမသွေရောက်မှာပါ။ ကျွန်တော်တို့ အခုရှိနေတဲ့ အာသီသဟာ ပြည်သူတွေအားလုံး ကိုယ်စိတ်နှစ်ပါးချမ်းသာပြီး မည်သည့်ဖိနှိပ်မှုမျိုး၊ အကြမ်းနည်းနဲ့ပြုမူမှုမျိုးကိုမခံရဘဲ နေထိုင်သွားရတဲ့ ဘဝကို တည်ဆောက်သွားကြဖို့ပါ။ အားလုံးရှေ့ကို တက်ညီလက်ညီနဲ့ ရှေ့ဆက်လမ်းလျှောက်သွားကြပါစို့လို့ တိုက်တွန်းပါတယ်"ဟု ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်က "ကျွန်တော်တို့တိုင်းပြည်ရဲ့ ပြဿနာကိုပြောရင် လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ ပြဿနာဖြစ်တော့ ပြဿနာအရင်းအမြစ်ကို ထုတ်နုတ်ပြီး ဖြေရှင်းဖို့ကြိုးစားတဲ့အခါမှာတော့ ကျွန်တော်တို့ စိတ်ရှည်သည်းခံခြင်းနဲ့ အပြန်အလှန်နားလည်မှု၊ အပြန်အလှန် အသိအမှတ်ပြုမှုက အရေးကြီးတယ်လို့ ကျွန်တော်ထင်ပါတယ်။ အထူးသဖြင့် ဒီနေရာမှာ ကျွန်တော်တို့ ပြဿနာဖြစ်တဲ့ ဖြစ်စဉ်တွေက အင်မတန်ရှုပ်ထွေးပြီး ဖြစ်တဲ့အချိန်ကကြာမြင့်လာတော့ ကျွန်တော်တို့ ကြားထဲမှာ ယုံကြည်မှုက အင်မတန် နည်းပါးကြတာကို တွေ့ရပါတယ်။ အခုတစ်ကြိမ်လည်းပိုပြီးတော့ တိကျခိုင်မာတဲ့ တွေ့ဆုံဆွေးနွေးမှု ဖြစ်စဉ်တွေဟာ အရင့်အရင်ကတွေ့ကြုံတဲ့ သင်ခန်းစာတွေကိုအခြေခံပြီးတော့ တွေ့ဆုံဆွေးနွေးတဲ့နေရာမှာ တစ်ဖွဲ့ချင်းအနေနဲ့သော်လည်းကောင်း၊ အစုအဖွဲ့နဲ့ တွေ့ဆုံတဲ့နေရာမှာသော်လည်းကောင်း ပိုပြီးတော့ တိကျတဲ့ဆွေးနွေးမှုတွေ လုပ်နိုင်လာတယ်လို့ ကျွန်တော်နားလည်တယ်။ သို့သော် အခန့်မသင့်ဘဲ ကျွန်တော်ပြောသလို အခု ကြိုးကြားကြိုးကြားတိုက်ပွဲတွေဖြစ်ရင်းကနေ အရှိန်အဟုန်တွေ မြင့်မားလာတာကို ကျွန်တော်တို့တွေ့ရပါတယ်။ လူထုရဲ့ မျက်နှာစာမှာ၊ နိုင်ငံတကာရဲ့မျက်နှာစာမှာ ကျွန်တော်တို့က ပြီးပြီ ရယ်ပြီ နှုတ်ဆက်ပြရင်းနဲ့ ငြိမ်းချမ်းရေးစကားကို ဖောင်ဖွဲ့ပြီးပြောကြတယ်။ ဆိုကြတယ်။ တစ်ချိန်တည်းမှာ စစ်ပွဲကြောင့် မြို့တွေနဲ့ အလှမ်းဝေးတဲ့နေရာမှာ လူထုတွေပြေးနေတယ်၊ လွှားနေတယ်၊ ငတ်ပြတ်နေတယ်"ဟု အဖွင့်နှုတ်ခွန်းဆက်စကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင်များ၏ အဆိုပြုချက်မူကြမ်းအား နှစ်ဖက်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် တိကျခိုင်မာသည့် သဘောထားများရယူ၍ ရှေ့ဆက်သွားနိုင်ရန် ညှိနှိုင်းခဲ့ကြကြောင်းနှင့် အထွေထွေကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ(UNFC)နှင့် ဆွေးနွေးပွဲများကို အောက်တိုဘာလဆန်းတွင် ဆက်လက်ပြုလုပ်နိုင်ရန် အကြမ်းဖျင်းသဘောတူညီခဲ့ကြပြီး ညနေ ၄ နာရီတွင် အစည်းအဝေးပြီးဆုံးခဲ့ကြောင်း သိရသည်။

**(ရဲခေါင်ညွန့်)**

**❖ နိုင်ငံတော်မှ**

၄။ (၂၁-၉-၂၀၁၆) ရက်နေ့တွင် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပါသည်။ ယင်းနေ့တွင်ပင် နျူကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ် (Comprehensive Nuclear-Test-Ban Treaty- CTBT) သို့ အတည်ပြုပါဝင်သည့် စာချွန်လွှာပေးအပ်ပွဲသို့ တက်ရောက်ပေးအပ်ခဲ့ပြီး Asia Society က စီစဉ်ကျင်းပသည့် လူထုဟောပြောပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားခဲ့ပါသည်။

၅။ (၂၂-၉-၂၀၁၆) ရက်နေ့တွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ CNN သတင်းဌာနမှ တွေ့ဆုံမေးမြန်းမှုကိုလက်ခံဖြေကြားခဲ့ပြီး ကမ္ဘာ့စီးပွားရေးဖိုရမ်ဥက္ကဋ္ဌ Prof. Klaus Schwab၊ Open Society Foundation တည်ထောင်သူနှင့်ဥက္ကဋ္ဌ Mr. George Soros၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး H.E. Mr. ZeidRa'ad Al Hussein တို့အားသီးခြားစီလက်ခံတွေ့ဆုံခဲ့ပါသည်။ ယင်းနေ့ညနေပိုင်းတွင် New York Public Library ၌ Academy of Achievement အဖွဲ့မှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ပေးအပ်ချီးမြှင့်သည့် Academy's Golden Plate Award ကိုတက်ရောက်လက်ခံခဲ့ပါသည်။

၆။ နယူးယောက်မြို့သို့ မသွားရောက်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ (၁၀-၉-၂၀၁၆) ရက်နေ့မှ (၁၃-၉-၂၀၁၆) ရက်နေ့အထိ သွားရောက်ကာ လန်ဒန်မြို့ရှိ မြန်မာသံရုံး၌ ဥရောပဒေသ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသတို့မှ မြန်မာသံအမတ်ကြီး ၁၂ ဦးနှင့်တွေ့ဆုံခဲ့ပြီး ဗြိတိန်နိုင်ငံအကြီးအကဲများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ထို့အပြင် အမေရိကန်ပြည်ထောင်စုအစိုးရ၏ ဖိတ်ကြားချက်အရ ဝါရှင်တန်မြို့သို့ (၁၃-၉-၂၀၁၆) ရက်နေ့မှ (၁၆-၉-၂၀၁၆) ရက်နေ့အထိ တရားဝင်ခရီးစဉ်သွားရောက်ကာ အမေရိကန်သမ္မတ မစ္စတာ ဘာရက်ခ်အိုဘားမားအပါအဝင် အစိုးရအဖွဲ့အကြီးအကဲများ၊ လွှတ်တော်အမတ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်**

**✪ ရွှေဖုံးမှ**

ဝန်ကြီးဌာနတာဝန်ရှိသူများက ကျိုက်ထီးရိုးဆံတော်ရှင်တောင်တော်ဒေသ၌ စီးပွားရေးဆောင်ရွက်ရာတွင် တရားဥပဒေနှင့်အညီ ဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ နှစ်စဉ်လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်း၊ ရှင်၊ လူ ပြည်သူများ စိတ်ချမ်းမြေ့စွာ ဘုရားဖူးနိုင်ရေး၊ ပြည်သူများ သက်သောင့်သက်သာဖြင့် တည်းခိုနိုင်ရန် ဆောက်လုပ်ထားသော ဓမ္မာရုံများတွင် အခမဲ့တည်းခိုနိုင်ရေး၊ ကျိုက်ထီးရိုးဆံတော်ရှင်အတွက် ရည်မှန်းလှူဒါန်းသော အလှူခံဌာနများကို ကန်ထရိုက်စနစ်ပယ်ဖျက်၍ ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့၏ကြီးကြပ်မှုဖြင့် ဂေါပကဝန်ထမ်းများခန့်ထားပြီး အလှူခံပုံးများထားရှိ၍ စနစ်တကျကောက်ခံလှူဒါန်းနိုင်ရေး၊ စေတီတော်သို့လှူဒါန်းသည့် ရွှေဆိုင်းများသည် အရည်အသွေး စံချိန်စံညွှန်းမီ၍ ဈေးနှုန်းမှန်ကန်စွာဖြင့် လှူဒါန်းနိုင်အောင် ဆောင်ရွက်ရေး၊ ဟိုတယ်အဆောင်များ ဆောက်လုပ်မှုသည် ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုမရှိခြင်းနှင့် မူလဘူမိမြေအား ခိုင်မာမှုကို ပျက်စီးစေပြီး သဘာဝနယ်မြေအတွင်း သဘာဝအနေအထားတစ်ခုခုကို ပျက်စီးစေခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း အဆိုပါဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ခဲ့သည်။

ယင်းသို့ ဆွေးနွေးခဲ့ရာတွင် ဆံတော်ရှင်ကျိုက်ထီးရိုးတောင်တော်ဒေသတွင် ရိုးရိုးလေးကုမ္ပဏီက ဆောက်လုပ်ထားသော ဟိုတယ် ခုနစ်လုံး၊ အခန်း ၂၄၁ ခန်းကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြင်ဆင်တည်ဆောက်၍ ဆောက်လုပ်ထားသော ဟိုတယ်ဆောင်များသည် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဝတ္တကမြေအတွင်း ရိုးရိုးလေးကုမ္ပဏီတည်းခိုခန်းအဖြစ် တည်ဆောက်ထားသော ရွှေနန်းကျင်ဓမ္မာရုံ၊ ထောက်လှမ်းရေးဓမ္မာရုံတို့ကို ဘုရားဖူးပြည်သူများ အခမဲ့တည်းခိုနိုင်ရန် လက်ရှိအခြေအနေအတိုင်း ကျိုက်ထီးရိုးဂေါပက(အသစ်)ထံ စနစ်တကျ လွှဲပြောင်းပေးမည်ဟု သိရသည်။

အထက်ပါ ညှိနှိုင်းဆောင်ရွက်ချက်အရ ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ဘုရားဖူးနိုင်ရန် ရည်မှန်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ညှိနှိုင်းပြီး ဂေါပကအဖွဲ့ကို ကြီးကြပ်၍ ကျိုက်ထီးရိုးဆံတော်ရှင်ဝတ္တကမြေအတွင်းရှိ ဓမ္မာရုံများတွင် ပြည်သူများအခမဲ့တည်းခိုနိုင်ရေး ဂေါပကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက စက်တင်ဘာ ၂၄ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

"ဟိုးအရင် ငယ်ငယ်တုန်းက ကျိုက်ထီးရိုးဘုရားဖူးသွားရတာ ပျော်ဖို့လည်းကောင်းတယ်။ ခြေကျင်ပဲ တက်ရတယ်။ ဓမ္မာရုံတွေမှာ အခမဲ့တည်းကြရတယ်။ အလှူငွေထည့်တာပေါ့။ နောက်ပိုင်း တဖြည်းဖြည်းနဲ့ ဘုရားဖူးများလာတော့ ထမင်းဆိုင်တွေမှာ တည်းတယ်။ ထမင်းဆိုင်မှာ ထမင်းစားပြီး အခမဲ့တည်းခွင့်ပေးတာပေါ့။ အခုနောက်ပိုင်းတော့ နေရာတိုင်းမှာ စီးပွားရေးဆန်လာတယ်။ ဘုရားသွားတာ အကုသိုလ်များရတဲ့ကိစ္စတွေ ဖြစ်လာတာပေါ့။ တောင်ပေါ် စတက်တာကနေ တောင်ပေါ်ရောက် ဘုရားဖူးတဲ့အထိ အလှူခံတွေက စီးပွားရေးဆန်လာတယ်။ ဒီဘုရားက နိုင်ငံခြားသားတွေတောင် စိတ်ဝင်တစားအများကြီးလာနေတာဆိုတော့ သေချာထိန်းသိမ်းပြုပြင်သင့်ပါတယ်။ ဒီအစိုးရလက်ထက်မှာ ပြုပြင်ပြောင်းလဲလိုက်တာတွေကို ကြိုဆိုပါတယ်" ဟု ပြည်တွင်းပြည်ပ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသူ မနန်းက ပြောသည်။

ယင်းသို့ အခမဲ့တည်းခိုဆောင်များ ဆောင်ရွက်ပေးသွားမည့်အပြင် ဘုရားဖူးပြည်သူများ ထည့်ဝင်လှူဒါန်းသော အလှူငွေများကိုလည်း ကန်ထရိုက်စနစ်ကို ဖျက်သိမ်း၍ ဂေါပကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဂေါပကဝန်ထမ်းများ ခန့်ထားပြီး အလှူခံပုံးသို့ ထည့်သွင်းလှူဒါန်းထိန်းသိမ်းသော စနစ်ကို ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၀၀၁)**

# မရမ်းကုန်းမြို့နယ်အတွင်း ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ လူနေထူထပ်သော ဆင်ခြေဖုံးရပ်ကွက်ခြောက်ခု၌ ဖြစ်ပေါ်နေသော ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းရေးနှင့် ဓာတ်တိုင်အသစ် စိုက်ထူခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ရဲဗဟိုပြုလုပ်ငန်းရန်ပုံငွေမှ ပြည်သူများအဆင်ပြေစေရေးအတွက် ကျခံဆောင်ရွက်ပေးလျက်ရှိကြောင်း မရမ်းကုန်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

လူနေထူထပ်သော ဆင်ခြေဖုံးရပ်ကွက်များဖြစ်သည့် (၅)ရပ်ကွက်၊ (၈)ရပ်ကွက်နှင့် (၉)ရပ်ကွက်တို့တွင် ဖြစ်ပေါ်နေသော ၄၀၀ ဗို့အားလိုင်း လျှပ်စစ်ဓာတ်ကြိုးများ ရှုပ်ထွေးစွာသွယ်တန်းထားသည့်ဓာတ်တိုင်များမှ ဓာတ်ကြိုးအဟောင်းအဆွေးများအား ဖြုတ်ချကာ ကွန်ကရစ်ဓာတ်တိုင်အသစ်စိုက်ထူခြင်း၊ သတ်မှတ်နေရာများနှင့်အညီ Egg Insulator (ကြက်ဥကြွေသီးများ)တပ်ဆင်ခြင်းနှင့် ဆားဗစ်ကြိုးများလဲလှယ်ခြင်းကို စက်တင်ဘာ ၁၇ ရက်မှ စတင်ကာ ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ မြို့နယ် ၁၁ ခုမှ လျှပ်စစ်ဝန်ထမ်းအင်အား တစ်ရာကျော် စုပေါင်းပါဝင်၍ ပလက်ဖောင်းထရပ်ယာဉ်များဖြင့် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။ ထပ်မံ၍ ကျန်ရက်များတွင်လည်း (၂)ရပ်ကွက်၊ (၄)ရပ်ကွက်နှင့် (၆)ရပ်ကွက်တို့ကို မြို့နယ်ပေါင်းများစွာဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မရမ်းကုန်းမြို့နယ် လျှပ်စစ်မန်နေဂျာ(စီမံ) ဦးအောင်ကျော်မိုးထံမှ သိရသည်။

ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းခြင်းနှင့် ကွန်ကရစ်ဓာတ်တိုင်များအသစ်လဲလှယ်ခြင်းကို ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဒါရိုက်တာအဖွဲ့ဝင်(၂) ဦးရန်လင်း၊ ခရိုင်လျှပ်စစ်မန်နေဂျာ (စီမံ) ဦးခိုင်ဇော်ငြိမ်း၊ ခရိုင်လျှပ်စစ်မန်နေဂျာ (အင်ဂျင်နီယာ) ဦးမျိုးဝင်းနှင့် မရမ်းကုန်းမြို့နယ် ဓာတ်အားဖြန့်ဖြူးရေးရွှေပြည်တံခွန်ကုမ္ပဏီမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းမြင့်တို့က အနီးကပ်ကြီးကြပ်ကာ လိုက်လံကြည့်ရှုဆောင်ရွက်ပေးကြောင်း သိရသည်။

မရမ်းကုန်းမြို့နယ် လျှပ်စစ်မန်နေဂျာ(စီမံ) ဦးအောင်ကျော်မိုးက "ရှုပ်ထွေးဆားဗစ်ကြိုးတွေဟာ



ဓာတ်တိုင်တစ်ခုတည်းကို စုပြုံပြီး ကြိုးပေါင်းများစွာနဲ့ ချိတ်ဆက်ရောထွေးနေတော့ ကြာလာရင် ဓာတ်ကြိုးတွေ ပူလာပြီး မီးထလောင်နိုင်သလို လမ်းသွားလမ်းလာ ပြည်သူတွေအတွက် အလွန်ကိုအန္တရာယ်ကြီးနိုင်ပါတယ်။ ဒါ့အပြင် သစ်ပင်သစ်ကိုင်းတွေမှာ သွယ်တန်းကျဆင်းနေမယ်ဆိုရင်လည်း ဓာတ်လိုက်နိုင်သလို ဓာတ်အားပျောက်ဆုံးမှုတွေလည်းဖြစ်ပေါ်စေပါတယ်။ ဒါကြောင့် ပြည်သူတွေရဲ့ အခက်အခဲကို အဆင်ပြေစေဖို့အတွက် မရမ်းကုန်းမြို့နယ် ပြည်သူ့ရဲဗဟိုပြုလုပ်ငန်းစီမံချက် ရန်ပုံငွေကနေပြီး ကျခံပေးတာဖြစ်ပါတယ်"ဟု ရှင်းပြသည်။

**(ပွင့်သစ္စာ)**

■

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး စစ်တွေမြို့အတွင်း လှည့်လည်ကြည့်ရှု



**နေပြည်တော် စက်တင်ဘာ ၂၅**
ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုတို့သည် ယနေ့နံနက်ပိုင်းတွင် မင်းဂံရပ်ကွက် သစ်သို့ရောက်ရှိပြီး ပြည်သူများ၏နေအိမ်များတွင် ထောက်ပံ့ထားရှိသော မီတာဘောက်များတပ်ဆင်ထားရှိမှုနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ကယ်ဆယ်ရေးဂိုဒေါင်သို့ ရောက်ရှိပြီး စက်တပ်လှေများ၊ ကယ်ဆယ်ရေးပစ္စည်းများ ထိန်းသိမ်းသိုလှောင်ထားရှိမှုအခြေအနေများကိုကြည့်ရှုပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ရေသန့်စက်တစ်လုံး ပေးအပ်ထောက်ပံ့ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူခဲ့သည်။ **(သတင်းစဉ်)**

# ပုဗ္ဗသီရိမြို့နယ် ဆင်သေချောင်းရေတိုက်စား၍ ကမ်းပါးပြိုကျမှုကြောင့် နေအိမ်ပြောင်းရွှေ့ရသည့် အိမ်ထောင်စုများအား ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၂၅**
နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကုလားကျေးရွာနှင့် သာယာကုန်းကျေးရွာတို့တွင် ဆင်သေချောင်းရေတိုက်စား၍ ကမ်းပါးပြိုကျမှုများဖြစ်ပွားခဲ့ပြီး နေအိမ်ပြောင်းရွှေ့ခဲ့ကြရသည့် အိမ်ထောင်စု ၂၈ စုအား နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း ဦးဆောင်၍ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ပြည်သူများက ယနေ့မွန်းလွဲ ၁ နာရီက အဝတ်အထည်၊ စားသောက်ကုန်နှင့် ထောက်ပံ့ငွေများ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။



ရေဘေးသင့် ပြည်သူများအား နေပြည်တော်ကောင်စီဝင် ပုဗ္ဗသီရိမြို့နယ်တာဝန်ခံ ဦးတင်ထွန်းက ချောင်းတစ်လျှောက် ကမ်းပါးရေတိုက်စားမှုဒဏ်ခံနိုင်သော သဘာဝအပင်များ စိုက်ပျိုးထားရန်၊ ရေတိုရေရှည် ကာကွယ်နည်းများကို စဉ်းစား၍ နိုင်ငံတော်ဘက်မှ ရေ့ဆက်လက်လုပ်ဆောင်ပေးမည့်ကိစ္စများနှင့် ကျေးရွာနေပြည်သူများကလည်း ပူးပေါင်းပါဝင်ကူညီကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်က မြစ်ကြောင်းထိန်းသိမ်းရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်တိုင်ပင်၍ ကမ်းပါးပြိုကျမှုရန်မှ ထိန်းသိမ်းနိုင်မည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများဘက်ကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်ပြီး လက်ရှိတွင် ရွှေ့ပြောင်းပေးလိုက်ရသည့် နေအိမ်များအနေဖြင့် မိမိတို့ပိုင် အခြားသောမြေနေရာများတွင် အိမ်ဆောက်လုပ်၍ နေနိုင်ကြောင်း အားပေးစကားများပြောကြားခဲ့သည်။

ဆက်လက်၍ ကမ်းပြိုမှုကြောင့် ရွှေ့ပြောင်းပေးလိုက်ရသော အိမ်ထောင်စု ၂၈ စုတို့မှ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်ငါးသောင်း၊ ဆန်ငါးပြည်၊ ဆီ၊ အဝတ်အထည်နှင့် ခေါက်ဆွဲခြောက်ထုပ်များကို နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်၊ စည်ပင်သာယာရေးကော်မတီဝင်(၄) ဦးမင်းသူ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်းနှင့် ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများက ပုဗ္ဗသီရိမြို့နယ် ပြည်သူလူထုကိုယ်စား အိမ်ထောင်စုများသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

■

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ဦးတင်မောင်အေး ချီးကျူးဂုဏ်ပြုပွဲတက်ရောက်ရန် ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၅**
ဂျပန်နိုင်ငံ အဆာဟိရှင်ဘွန်းသတင်းစာ၏ မြန်မာနိုင်ငံဆိုင်ရာ သတင်းထောက်အဖြစ် နှစ်ပေါင်းများစွာလုပ်ကိုင်ဆောင်ရွက်ခဲ့သော ဦးတင်မောင်အေးအား အဆာဟိရှင်ဘွန်းသတင်းစာမှ နှစ်ရှည်လများ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့မှုကို ချီးကျူးဂုဏ်ပြုရန် ဖိတ်ကြားခံရသဖြင့် ယနေ့ညတွင် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်အေးနှင့်အတူ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသည်။

ဦးတင်မောင်အေးသည် မြန်မာနိုင်ငံခြားသတင်းထောက်အသင်းတွင် အလုပ်အမှုဆောင်အဖြစ် ဆယ်စုနှစ် တစ်စုနီးပါးလုပ်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင်မူ အသင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ယခုမြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးတို့နှင့်ပတ်သက်၍ သတင်းများ၊ ဆောင်းပါးများကို ပြည်တွင်းပြည်ပတို့၌ ရေးသားလျက်ရှိသည်။ **(ကြေးမုံ)**



# မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး၌ ယာဉ်မတော်တဆမှုမကြာခဏဖြစ်ပွားလျက်ရှိ

**ကျောက်မဲ စက်တင်ဘာ ၂၅**
မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဂုတ်တွင်းလမ်း ကျောက်မဲမြို့နယ်ဘက်ခြမ်း ခြောက်ထပ်ကွေ့၌ စက်တင်ဘာ ၂၄ ရက်ည ၇ နာရီခွဲခန့်က ဘီတင်ပြားများတင်ဆောင်လာသည့် အဆင်းတွဲယာဉ်ကြီးတစ်စီး တိမ်းမှောက်မှုဖြစ်၍ အတက်အဆင်းယာဉ်များ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်ပွားရာသို့ အမှတ်(၁၂၀) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒု-ရဲမှူးချစ်စိန်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များရောက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ တိမ်းမှောက်နေသည့်တွဲယာဉ်ကြီးကို အလေးချိန်များလျှော့ချခြင်း၊ ကရိန်းယာဉ်ဖြင့် မရွှေ့ခြင်းတို့ဆောင်ရွက်ပေးခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ပေးမှုကြောင့် တိမ်းမှောက်နေသော တွဲယာဉ်ကြီးအား ဖယ်ရှားရှင်းလင်းနိုင်ခဲ့ပြီး အတက် အဆင်းယာဉ်များ သွားလာနိုင်အောင် ကြပ်မတ်စီစဉ်ပေးခဲ့ကြသည်။

ဆက်လက်၍ စက်တင်ဘာ ၂၅ ရက် နံနက် ၇ နာရီ မိနစ် ၅၀ ခန့်တွင် မန္တလေးဘက်မှ ဆန်အိတ်များတင်ဆောင်လာသောခြောက်ဘီးယာဉ်သည် ကျောက်မဲမြို့နယ်ဘက်ခြမ်းခြောက်ထပ်ကွေ့လေးထပ်မြောက်အတက်ကွေ့ကြော၌ အင်ဂျင်ချွတ်ယွင်းသွား၍ လမ်းကန့်လန့်ပိတ်ဆို့မှုထပ်မံဖြစ်ပွားခဲ့သည်။



ယင်းနေရာသို့ ကျောက်မဲ အမှတ်(၁၂၀)ယာဉ် ထိန်းရဲတပ်ဖွဲ့စုမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းပေးပြီး နံနက် ၁၀ နာရီခန့်တွင် အတက်အဆင်းယာဉ်များ သွားလာနိုင်ရန် စီမံဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ယခုဖြစ်ပွားသော ကျောက်မဲဘက်ခြမ်းရှိ ခြောက်ထပ်ကွေ့အနီးတစ်ဝိုက်နေရာသည် မကြာခဏ ယာဉ်တိမ်းမှောက်မှု၊ ယာဉ်မတော်တဆမှုများဖြစ်ပေါ်လေ့ရှိပြီး ယာဉ်ကြီးမောင်းနှင်သူများ အထူးသတိပြုမောင်းနှင်ကြရန် လိုအပ်သလို လမ်းကိုလည်း ယခုထက်ပိုမိုကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်ပေးစေလိုကြောင်း ယာဉ်ကြီးမောင်းနှင်သူတစ်ဦးက ပြောသည်။ **(သီပေါကိုလတ်)**

# ကျောက်မဲဘူတာ၌ ကလေးငယ်နှစ်ဦးအား တွေ့ရှိ၍ မိဘများထံသို့ ရထားရဲတပ်ဖွဲ့မှ ပြန်လည်အပ်နှံ

**ကျောက်မဲ စက်တင်ဘာ ၂၅**
ရထားရဲတပ်ဖွဲ့ အမှတ်(၅)တပ်ခွဲ တပ်စု(၂) (ကျောက်မဲ)မှ တပ်စုမှူး ဒု-ရဲအုပ် ဇော်မင်းထိုက်နှင့်အဖွဲ့သည် စက်တင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီခွဲတွင် ကျောက်မဲဘူတာအတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် အမှတ်(၁၃၂)အစုန် လားရှိုး-မန္တလေး ရထားသည် ကျောက်မဲဘူတာသို့ ဆိုက်ရောက်ခဲ့ပြီး ဘူတာစင်္ကြံပေါ်၌ ကလေးငယ်နှစ်ဦးအား အုပ်ထိန်းသူမဲ့တွေ့ရှိခဲ့သဖြင့် တပ်စုရုံးသို့ခေါ်ဆောင်စစ်ဆေးရာ သန်းထွန်းအောင် (၁၀) နှစ် (ဘ)ဦးစံမိုး (မိ)ဒေါ်စန်းဝင်း ရပ်ကွက်(၁) နယ်မြေ(၄) ကျောက်မဲမြို့နေသူနှင့် ကျော်ကျော်ဗိုလ်(၁၀)နှစ် (ဘ)ဦးမိုးမြင့်ကျော် ရပ်ကွက် (၁) နယ်မြေ(၄) ကျောက်မဲမြို့နေသူတို့ဖြစ်ကြောင်းသိရသည်။ ၎င်းတို့နှစ်ဦးသည် မိဘများမသိအောင် နေအိမ်ဗီရိုအံဆွဲထဲမှ ငွေ ၉၀၄၀၀၀၊ Coolpad အမျိုးအစား လက်ကိုင်ဖုန်းနှစ်လုံးတို့အားယူဆောင်၍ နေအိမ်မှ ထွက်လာခဲ့ပြီး ချောင်းသာသို့သွားရောက်မည်ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့၏ မိဘများထံသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။

ကလေးငယ်နှစ်ဦးတို့၏ မိဘများသည် ည ၁၂ နာရီခွဲတွင် ကျောက်မဲဘူတာ တပ်စုရုံးသို့ရောက်ရှိလာရာ သက်သေများရှေ့တွင် ကလေးငယ်နှစ်ဦးနှင့်အတူ ငွေ ၉၀၄၀၀၀၊ Coolpad အမျိုးအစား လက်ကိုင်ဖုန်းနှစ်လုံးတို့အား ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အုပ်ချုပ်မှုသင်တန်းကျောင်း၌ သင်ခန်းစာဟောပြော

**ရန်ကုန် စက်တင်ဘာ ၂၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယမန်နေ့နံနက် ၁၁ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့အုပ်ချုပ်မှုသင်တန်းကျောင်း၌ ဖွင့်လှစ်သည့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၄/ ၂၀၁၆)သို့ လာရောက်ဆွေးနွေးပို့ချသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက Inclusive and Equitable Quality Basic Education ခေါင်းစဉ်ဖြင့် ဟောပြောပို့ချခဲ့သည်။

အဆိုပါသင်တန်း၌ ပညာဘာသာရပ်ဆိုင်ရာပို့ချချက်၊ စီမံဘာသာရပ်ဆိုင်ရာပို့ချချက်နှင့် ဘဏ္ဍာဘာသာရပ်ဆိုင်ရာပို့ချချက် သင်ခန်းစာများကို သင်ကြားပေးလျက်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အခြေခံပညာအထက်တန်းကျောင်းအုပ် ဆရာ ဆရာမ သင်တန်းသား သင်တန်းသူစုစုပေါင်း ၂၀၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ စက်တင်ဘာ ၆ ရက်မှ ၂၇ ရက်အထိ ၂၂ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၅**

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၈) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံရေး၊ စီးပွားရေးအုပ်ချုပ်မှု ယန္တရားနှင့် ပုဂ္ဂလိကကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ စဉ်ဆက်မပြတ် လုပ်ဆောင်နေသည့်အတွက် သိသာမြင်သာသည့် တိုးတက်မှုများရှိလာပြီဖြစ်ကြောင်း၊ အထူးသဖြင့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးစေရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုဖြေလျှော့ပေးခြင်း လုပ်ငန်းဆိုင်ရာနယ်ပယ်၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းနယ်ပယ်၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးလုပ်ငန်းနယ်ပယ်၊ ကုန်သွယ်မှု စေ့စပ်ညှိနှိုင်းရေးလုပ်ငန်း နယ်ပယ်၊ ကုန်သွယ်မှုပညာပေးရေးလုပ်ငန်းနယ်ပယ်တို့ကို ဦးစားပေးလုပ်ဆောင်ခဲ့သည့်အတွက် ကုန်သွယ်မှုကဏ္ဍတွင် ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

သင်တန်းကာလအတွင်း ပြည်တွင်း ပြည်ပ စီးပွားရေးပညာရှင်များ၏ Business Talk စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများကို သင်တန်းသားများ အတွေးအမြင်ကျယ်ပြန့်နိုင်ရေးအတွက် ကျင်းပပေးခဲ့ကြောင်း၊ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးစေရန်နှင့် အရည်အသွေးမြင့်မားပြီး စီးပွားရေးကျင့်ဝတ်ကောင်းသော လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများ ဖြစ်ပေါ်စေရန် ရည်ရွယ်၍ ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းဘာသာရပ်များကို ဟောပြောဆွေးနွေးပေးခဲ့ပြီး သင်တန်းသားများအနေဖြင့် မိမိတို့သင်ယူတတ်မြောက်ထားသည့် ပြည်တွင်း ပြည်ပ ကုန်သွယ်ရေးဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ လက်တွေ့ပိုင်းဆိုင်ရာလုပ်ငန်း၊ အကြောင်းအရာများကို မိမိတို့လုပ်ငန်းနယ်ပယ်တွင် ပြန်လည်အသုံးချကာ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ စီးပွားရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြု ပါဝင်ဆောင်ရွက်သွားကြရန် စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက သင်တန်းတွင် ထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းသို့ သင်းတန်းသား သင်တန်းသူ ၈၇ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

○

## ကော့သောင်းမြို့တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးမည်

**ကော့သောင်း စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံ စားဖိုမှူးများအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့နယ်များမှ စေတနာရှင်များပူးပေါင်းကာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီးတွင် အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ (ဒုတိယအကြိမ်)အဖြစ် ခရိုင်အတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များအား ဇီဝိတကုသိုလ်ဒါနအဖြစ် အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် ဂျာမနီနိုင်ငံမှ ကျွမ်းကျင်အဆင့် ပရဟိတ ဆရာဝန်ကြီးများနှင့်အတူ မြန်မာနိုင်ငံမှ ဆရာဝန်ကြီးများပူးပေါင်းကာ ခရိုင်အတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များ၊ အရေပြားပေါ်ရှိ အကျိတ်အဖုများ၊ မီးလောင်ဒဏ်ကြောင့်ဖြစ်သည့် အနာရွတ်များ၊ အဆိပ်ရှိ သတ္တဝါများအကိုက်ခံရသဖြင့် ကြွက်သား၊ အရေပြားပျက်စီးမှုရောဂါများ အစရှိသည့် ရောဂါဝေဒနာများအား အခမဲ့ကုသိုလ်ဖြစ် ခွဲစိတ်ကုသပေးမည်ဖြစ်ပြီး နယ်မှ လာရောက်ကုသမှုခံယူမည့် ဝေဒနာရှင်များအား လူနာအပါအဝင် လူနာစောင့်တစ်ဦးအတွက် မော်တော်ယာဉ်လက်မှတ်ခ အသွား/အပြန် ခရီးစရိတ်၊ နေထိုင်တည်းခိုစားသောက်စရိတ်များပါ ကုသိုလ်ပြုကျခံပေးမည်ဖြစ်သည်။ သို့ပါ၍ ကုသမှုခံယူလိုသည့် ရပ်နီးရပ်ဝေးမှ ဝေဒနာရှင်များ ဆက်သွယ်အကြောင်းကြားနိုင်မည့် ဖုန်းနံပါတ်များ ဖော်ပြပါရှိသည့် ဗီနိုင်းကြော်ငြာ ပိုစတာကြီးများ ကော့သောင်းမြို့ပေါ် ရပ်ကွက်များ၊ လေဆိပ်၊ ရေဆိပ်၊ ကားဂိတ်များ အပါအဝင် မြို့၏အချက်အချာ အသွားအလာများပြားရာ လမ်းဆုံလမ်းခွများတွင် အသိပေးကြော်ငြာထားကြောင်း သိရသည်။ **(ကျော်စိုး)**



## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၅**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့နံနက် ၈ နာရီခွဲက အမှတ်(၂၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒု-ရဲမှူးကြီး ကျော်ဝင်း ဦးဆောင်သောအရာရှိ၊ အခြားအဆင့် စုစုပေါင်းအင်အား ၅၉ ဦးတို့ စုပေါင်းသွေးလှူဒါန်းကြသည်။ သွေးလှူဒါန်းမှုတွင် ပါဝင်သူများအား အာဟာရအဖြစ် အချိုရည်၊ ငှက်ပျောသီးနှင့် ကြက်ဥများ ကျွေးမွေးကြသည်။

အလားတူ စက်တင်ဘာ၂၂ ရက် နံနက်ပိုင်းက နေပြည်တော်ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးကြီးနေထွန်း ဦးစီး၍ ဒု-တပ်ဖွဲ့မှူး ဒုရဲမှူးကြီး ညွန့်သာ၊ ဦးစီးအရာရှိ(ပထမတန်း) ဒု-ရဲမှူးကြီး လှဝင်းတို့နှင့်တပ်ဖွဲ့ဝင် ၁၆ ဦးသည် နေပြည်တော်ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ စက်တင်ဘာ ၂၃ ရက်က ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထွန်းဦး ဦးစီးသည့် တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများက သွေးလှူဒါန်းခဲ့ရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဆေးရုံအုပ်ကြီး၊ သွေးလှူဘဏ်တာဝန်ခံတို့က လှည့်လည်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်အစားအစာများ ပေးအပ်စဉ်။ **(ကိုကိုရှုပ)**

## ၂၀၁၆- ၂၀၁၇ ပညာသင်နှစ် ပညာတန်ဆောင်ထူးချွန်ဆရာရွေးချယ်ရေးစာမေးပွဲ မြို့နယ်အဆင့်ကျင်းပ

**တပ်ကုန်း စက်တင်ဘာ ၂၅**

နေပြည်တော် တပ်ကုန်းမြို့နယ် ပညာရေးမှူးရုံးမှ ဦးစီးကျင်းပသည့် ၂၀၁၆- ၂၀၁၇ ပညာသင်နှစ် ပညာတန်ဆောင်ထူးချွန်ဆရာရွေးချယ်ရေး မြို့နယ်အဆင့် ရေးဖြေနှင့် နှုတ်မေး၊ နှုတ်ဖြေစာမေးပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အဆိုပါရွေးချယ်ရေး စာမေးပွဲတွင် အထက်တန်းပြ ဆရာ ဆရာမ ၁၉ ဦး၊ အလယ်တန်းပြ ဆရာ ဆရာမ ၃၆ ဦး၊ မူလတန်းပြ ဆရာ ဆရာမ ၅၉ ဦး စုစုပေါင်း ဆရာ ဆရာမ ၁၁၄ ဦး ဝင်ရောက်ဖြေဆိုကြသည်။ ယနေ့ မွန်းလွဲ ၁ နာရီတွင် သွက်လက်ချက်ချာမှု၊ ဆရာကိုယ်ရည်သွေး၊ အထွေထွေဗဟုသုတ၊ ဆင်ခြင်သုံးသပ်ဆုံးဖြတ်နိုင်မှု၊ ဆရာ့စိတ်ဓာတ်နှင့် ခံယူချက်များကို နှုတ်မေး၊ နှုတ်ဖြေ စိစစ်အောင်မြင်သည့် အဆင့်လိုက် ပထမရရှိသူ



သုံးဦးအား ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်(မြန်/ဆက်)**



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်စိုးဦးစီးသော အရာရှိနှင့် တပ်ဖွဲ့ဝင် ၁၀၀ ခန့်သည် ယမန်နေ့နံနက်ပိုင်းက အောင်မင်္ဂလာရပ်ကွက်ရှိ ခံစပ်ကုန်းကန်ပေါင်ပေါ်မှ ချုံနွယ်ပိတ်ပေါင်းနှင့် ကန်အတွင်း မှော်ဒိုက်များ ရှင်းလင်းဆောင်ရွက်ကြစဉ်။ **(ခရိုင် မြန်/ဆက်)**

## ခွဲစိတ်ခန်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်

**သာစည် စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသည့် ခွဲစိတ်ခန်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း လုပ်ငန်းများကို နိုင်ငံတော်အစိုးရက လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း အသုံးစရိတ် ရန်ပုံငွေခွင့်ပြုချက်ရရှိခဲ့ပါက တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဆေးရုံကြီး၏ ရှေ့မျက်နှာစာကို အုတ်တံတိုင်းကာရံပေးခြင်း၊ ဆေးရုံဘေးနှစ်ဖက်နှင့် အနောက်ဘက်ခြံစည်းရိုးကို အုတ်ခုံတုံးပါ Chain Link ခြံစည်းရိုးဖြင့် ကာရံပေးသွားမည်ဖြစ်သည့်အပြင် ဆေးရုံကြီးအတွင်းရှိ လမ်းများကို ကွန်ကရစ်ခင်းခြင်းကိုမူ ၂၀၁၆ -၂၀၁၇ ခုနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေဖြင့်ပင် ဆောက်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ သာစည်ပြည်သူ့ဆေးရုံကြီး၏ လိုအပ်နေသော တည်ဆောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၉) ရက်မြောက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက သာစည်မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၏ မေးမြန်းမှုကို ပြန်လည်ရှင်းလင်းခဲ့သည်။

**မောင်ကို (သာစည်)**

## ပြည်တွင်းရေးရာ

# ချင်းတွင်းတံတား (ဟုမ္မလင်း)တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိ



**ဟုမ္မလင်း စက်တင်ဘာ ၂၅**

ချင်းတွင်းမြစ်အထက်ပိုင်းဒေသများတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ ဒေသကုန်စည် စီးဆင်းမှု၊ နယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူဖြစ်စေမည့် ချင်းတွင်းမြစ်ကူးတံတား (ဟုမ္မလင်း)ကို စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် တမူး- အောင်ဇေယျ-ကက်သာ-ဟုမ္မလင်း လမ်းပေါ်တွင် ချင်းတွင်းမြစ်ကို ဖြတ်ကူး၍ ဩဂုတ် ၂၁ ရက် မှ စတင်ကာ တည်ဆောက်နေပြီဖြစ်ကြောင်း တံတားအထူးအဖွဲ့(၂) (မုံရွာ)ထံမှ သိရသည်။

"ချင်းတွင်းမြစ် အထက်ပိုင်းဒေသတွေမှာ က ကုန်စည်ကူးသန်းသွားလာဖို့ဆိုရင် မိုးတွင်းမှာ ကုန်းလမ်းက သွားလို့မကောင်းတော့ဘူး။ ရေကြောင်းလမ်းကိုပဲ အဓိကထားသဖြင့် အခက်အခဲမျိုးစုံဖြင့် သွားလာနေရတာ။ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် နယ်စပ်ဒေသကုန်သွယ်ရေး လုပ်ငန်းများ၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားကဏ္ဍစုံ ပိုမိုမြင့်မားလာစေရန်ရည်ရွယ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ချင်းတွင်းတံတား(ဟုမ္မလင်း)ကို ဩဂုတ် ၂၁ ရက်မှာ စတင်၍ ပန္နက်တင်၊ တွင်းတော်ဝန်းမင်္ဂလာလုပ်ငန်းတွေနဲ့ စတင်တည်ဆောက်လျက်ရှိရာ လက်ရှိမှာ ဟုမ္မလင်းဘက်ကမ်း ချဉ်းကပ်တံတားတိုင် H 1 , H 2 , H 4, H 5 , H 6 နှင့် ပင်မတံတား R P 4 , R P 7 ဘိုးပိုင် လုပ်ငန်းများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နေပါတယ်။

"ဘိုးပိုင်အုတ်မြစ် လုပ်ငန်းများလည်း စတင်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစွာနဲ့ သတ်မှတ်စံချိန်စံညွှန်းများနဲ့အညီ သတ်မှတ်ကာလမှာ လုပ်ငန်းအဆင့်ဆင့်တွေ ပြီးမြောက်ဖို့ ကြိုးစားဆောင်ရွက်လျက် ရှိပါတယ်။ ချင်းတွင်းမြစ် အနောက်ဘက်ကမ်း (ဟုမ္မလင်းတစ်ဖက်ကမ်း)က ဒေသခံတွေက ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေး၊ စီးပွားရေးလုပ်ငန်းတွေကို သဘာဝကပေးထားတဲ့အတားအဆီးသဖွယ်ဖြစ်နေတဲ့ ချင်းတွင်းမြစ်ကို စက်လှေတွေနဲ့ဖြတ်ကူးကာ ဟုမ္မလင်းဘက်ကို သွားရောက် ကူးသန်းရောင်းဝယ်နေရတယ်။ ဒီတံတားကြီး တည်ဆောက်ပြီးစီးသွားပါက ဟုမ္မလင်း - တမူး - ကလေးဝ - ရေဦး - မုံရွာ ကနေ မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ အောက်ပိုင်းတွေကိုပါ ရာသီမရွေး သွားလာနိုင်တော့မှာဖြစ်တဲ့အတွက် ဒေသခံတွေကလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပါတယ်"ဟု တံတားအထူးအဖွဲ့(၂)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ချင်းတွင်းတံတား (ဟုမ္မလင်း)ကို ချင်းတွင်းမြစ် အရှေ့ဘက်ကမ်း ဟုမ္မလင်းမြို့နှင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ကက်သာကျေးရွာတို့ကို ချိတ်ဆက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အကုန်အကျခံ ဆောက်လုပ်မည်ဖြစ်သည်။

အဆိုပါ ချင်းတွင်းတံတား (ဟုမ္မလင်း)၏ အမျိုးအစားမှာ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်ဖြစ်ပြီး သံကူကွန်ကရစ် ကမ်းကပ်ခုံနှင့် ကိုယ်ထည်ဖြစ်ကာ တံတားအပေါ်ထည်မှာ သံမဏိသံပေါင် အမျိုးအစားဖြစ်သည်။ တံတားအရှည်မှာ ၈၄၂ မီတာနှင့် တံတားအကျယ် ၁၀ ဒသမ ၂ မီတာ ရှိမည်ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ်မှာ ၈ ဒသမ ၅ မီတာရှိ သံကူကွန်ကရစ် ကြမ်းခင်းအမျိုးအစားဖြစ်သည်။ တံတားခန်းဖွင့်အကျယ်အနေဖြင့် ၂၀ မီတာ ၁၂ခန်း၊ ၁၂၀ မီတာ လေးခန်းနှင့် ၆၀ မီတာ နှစ်ခန်း စုစုပေါင်း ၁၈ ခန်းပါ ရှိမည်ဖြစ်သည်။ တံတားခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ပြီး တံတားကင်းလွတ်အမြင့်မှာ ၁၂ မီတာနှင့် တံတားကင်းလွတ်အကျယ် ၁၀၅ မီတာတို့ အသီးသီး ပါရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ ချင်းတွင်းမြစ်ကို ဖြတ်ကူးတည်ဆောက်ထားသည့် တံတားကြီးများအဖြစ် ချောင်းဦးမြို့နယ်ရှိ ချင်းတွင်းမြစ်ကူးဆင်ဖြူရှင်တံတား၊ မုံရွာမြို့နယ်ရှိ ချင်းတွင်းတံတား(မုံရွာ)တို့မှာ လက်ရှိ အသုံးပြုနေပြီး ချင်းတွင်းမြစ်ကူးတံတား(ကလေးဝ)မှာ တည်ဆောက်နေဆဲဖြစ်၍ ပြီးစီးလုနီးပါးရှိနေပြီဖြစ်သည်။ ယခုထပ်မံပြီး ချင်းတွင်းတံတား (ဟုမ္မလင်း)ကို စတင်တည်ဆောက်လျက်ရှိပြီး ချင်းတွင်းမြစ်ကူးတံတား ငါးစင်းမြောက်အဖြစ် ချင်းတွင်းတံတား(ခန္တီး)ကိုလည်း တစ်ပြိုင်တည်း တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# စက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ တို့ ပူးပေါင်း၍ RECP စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံ စက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂစက်မှု ဖွံ့ဖြိုးရေးအဖွဲ့ (UNIDO)တို့ ပူးပေါင်း၍ စားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် ဟိုတယ်လုပ်ငန်းများတွင် ထိရောက်စွာ အကျိုးပြုနိုင်မည့် Resource Efficient and Cleaner Production (RECP) စီမံကိန်းကို မြန်မာနိုင်ငံတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းစီမံကိန်းသည် မြန်မာနိုင်ငံ၏ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဟိုတယ်လုပ်ငန်းများတွင် စွမ်းအင်အရင်းအမြစ်များ (ကုန်ကြမ်းများ၊ ရေအရင်းအမြစ်နှင့် လျှပ်စစ်သုံးစွဲမှု)ကို ထိရောက်စွာအသုံးပြုခြင်းအားဖြင့် ကုန်ထုတ်စွမ်းအားနှင့် အကျိုးအမြတ်များတိုးတက်စေနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးထွက်ဆိုးကျိုးများ လျှော့ချနိုင်ခြင်း (စက်မှုလက်မှုလုပ်ငန်းမှ စွန့်ပစ်ပစ္စည်းများ၊ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုများနှင့် လေထုညစ်ညမ်းမှုများကိုလျှော့ချနိုင်ခြင်း) တို့ကို ISO 140001၊ ISO 50001 နည်းစနစ်များနှင့်အညီ အောင်မြင်မှုရရှိစေရန် ရည်ရွယ်ကြောင်း ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO)မှ သိရသည်။

အဆိုပါစီမံကိန်း အစီအစဉ်အရ နောင်လာမည့်ကာလများအတွင်း National Cleaner Production Center (NCPC) ကို တည်ထောင်၍ RECP ဆိုင်ရာ နည်းပညာများကိုသင်ကြားပေးခြင်း၊ နယ်ပယ်အသီးသီး စက်ရုံ၊အလုပ်ရုံများကို နည်းပညာ အကူအညီများပေးရန် အစီအစဉ်များရှိကြောင်း သိရသည်။

Resource Efficient and Cleaner Production (RECP) စီမံကိန်းကို မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဆွစ်ဇာလန်နိုင်ငံ အစိုးရ၏အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းအစီအစဉ်ဖြင့် နယ်ပယ်အသီးသီး စက်ရုံ၊ အလုပ်ရုံများကို နည်းပညာအကူအညီများပေးရန်နှင့် ပတ်သက်၍ ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO) သည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်တို့နှင့် ပူးပေါင်း၍ အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး စတုတ္ထထပ်၌ နံနက် ၈ နာရီခွဲမှ ညနေ ၅ နာရီအထိ နှစ်ရက်တာ RECP နှင့် ပတ်သက်သောအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲတွင် Gasifiers များနှင့်ပတ်သက်သော နည်းပညာများအား ရှင်းလင်းတင်ပြခြင်း၊ ရေဆိုးသန့်စင်ခြင်းလုပ်ငန်းအကြောင်း ရှင်းလင်းတင် ပြခြင်းနှင့် Resource Efficient and Cleaner Production (RECP) နည်းပညာများကို ဆန်စက်များတွင် လက်တွေ့အကောင်အထည်ဖော်ရန် ဆွေးနွေးခြင်းစသည့် နည်းပညာများအကြောင်းဆွေးနွေးတင်ပြသွားမည်ဖြစ်သည်။ တက်ရောက်နိုင်သူများမှာ ဆန်စက်ရုံမန်နေဂျာများ၊ အင်ဂျင်နီယာများ၊ ISO သို့မဟုတ် Good Manufacturing Practice (GMP) process ဆိုင်ရာလုပ်ငန်းများနှင့် လုပ်ဆောင်နေသူများဖြစ်ပြီး အဆိုပါသင်တန်းသည် နှစ်ရက်သင်တန်းဖြစ်၍ အချိန်ပြည့် တက်ရောက်နိုင်သူများသာ စာရင်းပေးသွင်းရန်လိုအပ်မည်ဟု သိရသည်။ ယင်းသင်တန်းကို ဆန်စက်လုပ်ငန်းဆိုင်ရာ ပြည်ပကျွမ်းကျင်ပညာရှင်များက သင်တန်းကြေးအခမဲ့ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ တက်ရောက်ရန်အတွက် စိတ်ဝင်စားသည့် စက်ရုံမန်နေဂျာများ၊ အင်ဂျင်နီယာများသည် အောက်တိုဘာ ၁၀ ရက် နောက်ဆုံးထား၍ ဦးသိန်းဇော်ဖြိုး ဖုန်း-၀၉-၂၆၃၃၃၈၁၂၅ Email: t.phyoe @ unido.org နှင့် ဒေါ်စန္ဒာမျိုး ဖုန်း-၀၉-၄၅၀၆၂၂၈၅၂ Email: s.myo@unido.orgတို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO)မှ သိရသည်။

**(ဆုနှင်းလဲ့)**

# ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်းတွင် လမ်းဘေးလွှတ်ကျောင်းသောနွားများကို သတိပြုရန်လို

**ရေတာရှည် စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောကြိုးဝိုင်းဒေသကို တောင်မှ မြောက်သို့ ဖြတ်သန်းသွားသည့် ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်း၌ ကျေးရွာများမှ လွှတ်ကျောင်းသော နွားများ နေ့စဉ်လိုလို မြင်တွေ့နေရ၍ ယာဉ်မောင်းများသတိပြုရန် လိုအပ်ကြောင်း ကြုံတွေ့ခဲ့ရသည့် ယာဉ်မောင်းများက ပြောသည်။

"နွားတွေက လမ်းကိုရုတ်တရက် ဖြတ်ကူးရင် ယာဉ်တွေအန္တရာယ်ရှိတယ်။ နောက် နွားကျောင်းတာကလည်း ကလေးတွေ၊ ဘာမှသိပ်နားလည်ကြတာမဟုတ်ဘူး"ဟု ဆက်လက်ပြောသည်။ သစ်တောကြိုးဝိုင်းကို အမြန်လမ်းမကြီးဖြတ်သန်းဖောက်လုပ်ခြင်းမပြုမီကပင် ကျေးရွာများ တည်ရှိနေပြီး တောသူတောင်သားများဖြစ်သည့်အတွက် လယ်ယာသုံးကျွဲ၊ နွားများကို အဆင်ပြေသလိုလွှတ်



ကျောင်းကြရသည်များရှိနေသည်။

ကျေးရွာများနှင့် ထိစပ်နေသည့် လမ်းပိုင်းများတွင် သံဆန်ခါများကာရံထားသော်လည်း ကျွဲ၊ နွားများ လမ်းမပေါ် တက်ရောက်လာမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ခရီးသွားလာသူအချို့က ပြောသည်။

"ကျွန်တော်တို့ ကျွဲ၊ နွားတွေက တောထဲလွှတ်ကျောင်းလို့လည်း မရဘူးဗျ၊ ကျွန်းစိုက်ခင်းတွေ စိုက်ထားတော့ ကုမ္ပဏီတွေနဲ့ ပြဿနာဖြစ်ရတာလည်းရှိတယ်။ အဆင်ပြေတဲ့ နေရာတွေကိုပဲ လွှတ်ကျောင်းနေကြရတာ" ဟု ကမ်းပါးနီကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**



**အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ New York Film Academy တွင် အနုပညာဆိုင်ရာပညာရပ်များ သင်ယူခဲ့သော ဟန်သီသည် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့ပြီးနောက်ပိုင်းတွင် အနုပညာအလုပ်များ ဆက်တိုက်ဆိုသလို လုပ်ဆောင်လျက်ရှိသည်။ လတ်တလော ဟန်သီလုပ်ဆောင်နေသည့် အနုပညာအလုပ်များအကြောင်း မေးမြန်းတင်ပြလိုက်ရပါသည်-**

# ဟန်သီနှင့် တွေ့ဆုံခြင်း

မင်းလှသား - မေးမြန်းသည်။



**လတ်တလောအနုပညာလှုပ်ရှားမှုအကြောင်း ပြောပြပါ။**

အခုလတ်တလောအနုပညာလှုပ်ရှားမှုကတော့ ပြက္ခဒိန်ရာသီဆိုတော့ ပြက္ခဒိန်တွေရိုက်ဖြစ်တယ်။ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေအတွက် မျက်နှာဖုံး ကာဗာတွေရိုက်ဖြစ်နေတယ်။ မြဝတီရုပ်သံမှာ တစ်နေ့တာအစီအစဉ် ရိုက်ထားတယ်။ MRTV – 4 နဲ့လည်း တစ်နေ့တာ ရိုက်ထားပါတယ်။ အခုတလော ရွှေဆိုင်တွေအတွက် ကြော်ငြာတွေ ရိုက်ဖြစ်နေပါတယ်။

**ရုပ်ရှင်ဇာတ်ကားရိုက်ကူးဖို့ စီစဉ်နေတယ်လို့သိရပါတယ်။**

ဟန်သီကို ရုပ်ရှင်ရိုက်ဖို့ ကမ်းလှမ်းကြပါတယ်။ ဒါပေမယ့် ဟန်သီအတွက် ပထမဆုံးရုပ်ရှင်ကားအတွက် နည်းနည်းရွေးဖြစ်နေတယ်။ ကိုယ်တတ်ထားတဲ့ အနုပညာနဲ့ မြန်မာနိုင်ငံက ပရိသတ်တွေ အကြိုက်တွေ့မယ့် ကာရိုက်တာမျိုးကိုရိုက်ချင်တော့ နည်းနည်းရွေးချယ်နေတာပါ။ ဟန်သီရိုက်ချင်တာက ပရိသတ်ရင်ထဲကျန်ခဲ့စေချင်တယ်။ ပညာပေး ဇာတ်လမ်းလည်း ဖြစ်နိုင်တယ်။ ပရိသတ်တွေအတွက် Message တစ်ခုခုကျန်ခဲ့စေမယ့် ဇာတ်ကားမျိုးပဲရိုက်ချင်တာ။

**ဟန်သီရဲ့တစ်နေ့တာလုပ်ဆောင်မှုကို ပြောပြပါ။**

ဟန်သီ တစ်နေ့တာလုပ်ဖြစ်တာကတော့ Business management ကျောင်းတက်နေတယ်။ ကျောင်းက ၉ နာရီခွဲ တက်ရတယ်။ ဟန်သီမနက်ဆို ၇ နာရီ ထပြီး ၈ ခွဲဆို ကျောင်းသွားပြီ။ မွန်းလွဲ ၁ နာရီထိ ကျောင်းတက်ရတယ်။ ကျောင်းကပြန်လာရင် ဗုဒ္ဓဟူး၊ ကြာသပတေးဆိုရင် တရုတ်ဘာသာစကားတက်နေတယ်။ တရုတ်စာ သင်တန်းမရှိရင် အိမ်ပြန်တယ်။ အချိန်ရရင် ပြန်အိပ်တယ်။ ပြီးတော့ စာလုပ်ဖြစ်တယ်။ နားချိန်မှာတော့ ရုပ်ရှင်ကြည့်ဖြစ်တယ်။ စာအုပ်ဖတ်ဖြစ်တယ်။ စန္ဒရားတီးဖြစ်တယ်။ ကျောင်းပိတ်ရက်တွေ ဘာတွေဆိုရင်တော့ ပန်းချီပါဆွဲဖြစ်တယ်။

**ဟန်သီက ဂီတဘက်မှာ တူရိယာတွေတီးတာဝါသနာပါလား။**

ဟန်သီက စန္ဒရားကိုအသက် (၁၂) နှစ်မှာ ခဏသင်ဖြစ်တယ်။ အသက် (၁၆)နှစ်မှာ စပြီးပြန်တီးဖြစ်တယ်။ ဘယ်လို သီချင်းပိုကြိုက်လဲဆိုတော့ သကြ်န်သီချင်းတွေတီးဖြစ်တယ်။ ပြီးတော့ သီချင်းအေးအေးလေးတွေ တီးရတာ ပိုကြိုက်တယ်။ စိတ်အေးချမ်းစေမယ့် သီချင်းအေးအေးလေးတွေကို တီးရတာပိုကြိုက်တယ်။

**အိမ်မှာရေကူးကန်ရှိတယ်ဆိုတော့ အမြဲရေကူးဖြစ်မှာပေါ့။**

ရေကူးတာက ဟန်သီအသက် (၁၂) နှစ်၊ မောင်လေး (၉) နှစ်လောက်က အိမ်နားက ဇီဇဝါဥယျာဉ်မှာ မေမေတို့ကပို့တော့ ရေကူးသင်ဖြစ်တယ်။ အဲဒီမှာစကူးဖြစ်တယ်။ အဲဒီချိန်ကတည်းက ဟန်သီဆက်တိုက်ကူးဖြစ်တယ်။ အရင်က အိမ်မှာတော့ ရေကူးကန်မရှိဘူး၊ အခုမှရှိတယ်။ ဒါပေမယ့်ဟန်သီ အဒေါ်ရဲ့အိမ်မှာ အမြဲသွားကူးဖြစ်တယ်။ ရေကူးရတာကြိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကျန်းမာရေးအတွက်လည်းကောင်းတယ်။ ပြီးတော့ အညောင်းပြေတယ်။ အမောပြေတယ်။ ရေက ခန္ဓာကိုယ်ကို လန်းဆန်းစေတယ်။ ရေကူးရင်ဟန်သီက ဟိုဘက်ဒီဘက် နှစ်ခေါက် သုံးခေါက်လောက် ဆက်တိုက်ကူးဖြစ်တယ်။ အရင်က ရည်မှန်းချက်ကတော့ အရပ်ရှည်ဖို့အတွက် အခုလည်းအကျင့်ပါပြီး ကူးဖြစ်တယ်။ အရပ်ရှည်တယ်။ ခန္ဓာကိုယ်အဆီမတက်ဘူး။ ရေထဲမှာတစ်ချိန်လုံးလှုပ်ရှားနေတာဆိုတော့ ဝိတ်လည်း သိပ်မတက်ဘူး။ ပြီးတော့သက်လုံ ကောင်းတယ်။ ဟန်သီတို့ဆို အနုပညာလုပ်နေတော့ တစ်ခါတလေ အလွန်မောတယ်။ သူများတွေ မောနေတဲ့အချိန်မှာ ဟန်သီက အဲလောက်မမောဘူး။ ဘာလို့လည်းဆိုတော့ ရေကူးထားတဲ့ အခြေခံရှိနေတော့လေ။

**ကျောင်းကနေ သင်ယူခဲ့တဲ့ပညာတွေက ညီမအတွက် ဘယ်လောက်ထိ ပြောင်းလဲသွားတယ်လို့ ထင်လဲ။**

ဟန်သီအတွက် အများကြီးပြောင်းလဲသွားတယ်။ ဟန်သီ စကားပြောပုံ၊ နေပုံထိုင်ပုံ၊ ပြီးတော့ ဟန်သီအနေနဲ့ ရွေးချယ်မှုတစ်ခုခုကအစ အကုန်ပြောင်းလဲသွားတယ်။ အမြင်လည်း ပိုကျယ်သွားတယ်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှု ပိုရှိလာတယ်။ ကိုယ်ကိုယ်တိုင်လည်း ဆုံးဖြတ်ချက်ချတတ်လာတယ်။

**ကျောင်းကသင်ယူလာတဲ့ပညာတွေက လက်တွေ့နယ်ပယ်မှာ ဘယ်လိုပြန်ပြီး အသုံးချဖို့ စိတ်ကူးထားလဲ။**

အမေရိကန်မှာသင်တဲ့ အကြောင်းအရာတွေကတော့ တော်တော်များများ အသုံးချလို့ရတာပေါ့။ အိုက်တင်ပိုင်းတွေ၊ အိုက်တင်မှာ ဘယ်လိုကာရိုက်တာသွင်းတယ်။ ဒါတွေကိုတော့ အသုံးချလို့ရတယ်။ ဒါပေမယ့် အချို့ဟာတွေကျတော့ TV Show တွေကို တစ်ခါတည်း တစ်ချက်တည်း ရိုက်တဲ့ဟာတွေမျိုးပေါ့။ Studio အကြီးကြီးတွေမှာ တကယ့်အိမ်တွေလိုမျိုးလုပ်ပြီး ရိုက်တဲ့ဟာတွေ မြန်မာနိုင်ငံမှာမရှိသေးဘူး။ အဲဒါတွေကတော့ အသုံးချလို့ မရသေးဘူး။ ဒါပေမယ့် တစ်ရက်ရက်တော့ အသုံးချခွင့်ရဖို့ ဟန်သီမျှော်လင့်ထားတယ်။ မြန်မာနိုင်ငံလည်း တိုးတတ်လာပြီဆိုတော့ အနုပညာပိုင်းတွေလည်း တိုးတတ်လာတော့ နောင်တစ်ချိန်တော့ အသုံးချလို့ရလာမှာပေါ့။ သင်လာတဲ့ အဓိကတော့ သရုပ်ဆောင်ပိုင်း ကာရိုက်တာအသက်သွင်းတဲ့ အပိုင်းတွေ၊ ဒီကာရိုက်တာတစ်ခုကို ဘယ်လိုလုပ်မလဲ။ ပြီးတော့ ဒါရိုက်တာပညာပါ သင်ခဲ့ရတော့ ဒါရိုက်တာရဲ့အမြင်ပါ သိလာတယ်။ သရုပ်ဆောင်ပိုင်းကိုပါ အများကြီးအထောက်အကူပြုပါတယ်။ ဒါတွေကတော့ အသုံးဝင်မယ်လို့ ထင်ပါတယ်။

**သင်ယူခဲ့တဲ့ပညာရပ်တွေက လက်ရှိအနုပညာလုပ်ကိုင်တဲ့ အခါမှာ ဘယ်လိုအထောက်အကူပြုလဲ။**

လက်တွေ့လုပ်နေတဲ့ အချိန်မှာတော့ ဟိုမှာက အခုလုပ်နေတဲ့ TV Program အတွက်ကို ကိုယ်ကဘယ်လို သရုပ်ဆောင်ရမယ်။ ကင်မရာရှုထောင့်ယူတဲ့နေရာမှာ ဘယ်လိုနေရမယ်၊ ဘယ်လိုစကားပြောရမယ်ဆိုတဲ့ သင်ခဲ့တာတွေကတော့ အလွန်ကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟန်သီ အင်တာဗျူးအလွန်များတော့ အဲဒီနေရာမှာ အသုံးဝင်တယ်။ အခုဆိုရင် ကင်မရာတွေ၊ TV show တွေရှေ့မှာ သီချင်းဆိုပြရတယ်။ သရုပ်ဆောင်ပြရတာတွေအတွက် ကျေးဇူးတင်တယ်။ သူတို့ သင်ပေးထားတဲ့ ပညာလေးတွေပြန်ချပြခွင့်ရတယ်။ ဓာတ်ပုံရိုက်တဲ့နေရာမှာလည်း ဟိုမှာက ဒါရိုက်တာအပိုင်းလည်း သင်ရတယ်။ Lighting အပိုင်းတွေလည်း သင်ရတော့ Lighting ကို ပိုယူတတ်တယ်။ ကင်မရာ ဘယ်လိုထားရင် ဘယ်လိုနေရမယ်ဆိုတာကို ပိုပြီးနားလည်လာတယ်။ ကင်မရာအကြောင်း နားလည်တော့ ရိုက်ရတာ ပိုကောင်းတယ်။

**ကျောင်းကဆရာတွေ သူငယ်ချင်းတွေနဲ့ ဆက်သွယ်ဖြစ်လား။**

သူငယ်ချင်းတွေနဲ့ အခုထိတော့ အဆက်အသွယ်ရှိနေတယ်။ သူငယ်ချင်း နှစ်ယောက်ကလာဖို့ရှိတယ်။ သူတို့က မြန်မာနိုင်ငံကို လာလည်ချင်တယ်ဆိုလို့ လာလည်ဖို့ ဖိတ်ခေါ်ထားတယ်။ သူတို့အရင်ရောက်ဖြစ်မလား၊ ဟန်သီအရင်သွားဖြစ်မလားတော့ မသိသေးဘူး။ ကျောင်းက ဆရာတွေနဲ့ကတော့ Facebook မှာအဆက်အသွယ်ရှိပါတယ်။

**ဟန်သီရဲ့ အနုပညာလှုပ်ရှားမှုကို ကျောင်းမှဆရာတွေက ဘယ်လိုမှတ်ချက်တွေ ပေးလဲ။**

ဆရာတွေက ဟန်သီစရောက်သွားတဲ့အချိန်မှာ ဟန်သီကို ဘယ်သူမှန်း ဘယ်သူကမှမသိကြဘူး။ Facebook အကောင့်မှာ မိတ်ဆွေတွေ၊ သူငယ်ချင်းတွေဖြစ်ပြီးတော့မှ ဟန်သီတင်တာတွေကိုတွေ့ပြီး သူငယ်ချင်းတွေကလည်း မြန်မာစကား နားမလည်ပေမယ့် အလွန်အားပေးကြတယ်။ အလွန်လည်း အားကျကြတယ်။ ဟိုက သရုပ်ဆောင် သူငယ်ချင်းတွေတောင် ဟန်သီလောက် ပရိသတ်မရှိကြဘူး။ ဟန်သီလည်း သူငယ်ချင်းတွေကို ပြန်အားပေးပါတယ်။ ကိုယ်ကြိုးစားရင် ကိုယ်ကြိုးစားသလောက်ရလာမှာပါလို့ အားပေးစကားပြောပါတယ်။

**အလှအပနဲ့ ပတ်သက်ပြီး ဘယ်လိုထိန်းသိမ်းဖြစ်လဲ။**

အလှအပနဲ့ ပတ်သက်လို့ကတော့ အဓိကအများဆုံးကတော့ ဟန်သီလေ့ကျင့် ခန်းလုပ်ဖြစ်ပါတယ်။ ယောဂပေါ့။ သရုပ် ဆောင် ယောဂပါ။ ရိုးရိုးယောဂ မဟုတ်ဘူး။ ရိုးရိုးကကျတော့ ခန္ဓာကိုယ်လှအောင်ပဲ၊ သရုပ်ဆောင် ယောဂကျတော့ ခန္ဓာကိုယ်ရော၊ စိတ်ရောပါ ကျန်းမာပြီးတော့ ကာရိုက်တာတွေ ဘာတွေလည်း သွင်းလို့ရအောင်၊ ပြီးတော့ ကိုယ့်စိတ်ထဲမှာ တွေးရတာ လွယ်ကူအောင် ယောဂအမြဲလုပ်ဖြစ်တယ်။ ခန္ဓာကိုယ်လည်း လှစေတယ်။ ကျန်းမာစေတယ်။ လေ့ကျင့်ခန်းလည်း အမြဲလုပ်ဖြစ်တယ်။ အသားအရေ လှပဖို့အတွက် လေ့ကျင့်ခန်းလုပ်တာလည်းပါတယ်။ ပြီးတော့ ရေများများ သောက်တယ်။ Skin Care ကို နေ့၊ ည၊ မနက် ခွဲပြီးသေချာလုပ် ဖြစ်ပါတယ်။

**ပရိသတ်တွေအတွက် စကား လက်ဆောင်တရော။**

အနုပညာရှင်ဆိုတာ ပရိသတ်တွေရဲ့အားပေးမှု အများကြီး လိုပါတယ်။ ပရိသတ်ရဲ့အားပေးမှုက အောင်မြင်မှုပါပဲ။ ဒါ့ကြောင့် ဆက်လက်အားပေးကြပါလို့ ပြောချင်ပါတယ်။

ဟန်သီကို အားပေးတဲ့ ပရိသတ်တွေလည်း စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ ။

## “ကိုလေကြွားနဲ့စပ်စုမ” တေးစီးရီး မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

“အလျှံပါဗျို့”တေးစီးရီးဖြင့် ယနေ့တိုင် အောင်မြင်ကျော်ကြားလျက်ရှိသည့် တေးရေးစက်မှုဇုန်ကြည်ဝင်း၏ “ကိုလေကြွားနဲ့စပ်စုမ” တေးစီးရီးမိတ်ဆက်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ Orchid Hotel ၌ ကျင်းပရာ သက်ဆိုင်ရာ အနုပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် စာနယ်ဇင်းမီဒီယာများတက်ရောက်ခဲ့ကြသည်။

စက်မှုဇုန်ကြည်ဝင်းသည် ၁၉၈၈ ခုနှစ်က တေးဆို “မိုက်ကယ်”အမည်ဖြင့် “အရူးထင်ပါစေ”တစ်ကိုယ်တော်အပြင်းစားတေးစီးရီးကို ဖန်တီးခဲ့ပြီး ဒုတိယခြေလှမ်းအဖြစ် ဘာသာ သာသနာအကျိုးအတွက် “အလျှုံပါဗျို့” တေးစီးရီးတို့ရေးသားထုတ်လုပ်ခဲ့သည့်အတွက် တောရောမြို့ပါမကျန် အလှူခံမဏ္ဍပ်တိုင်းမှာရော လူတိုင်းပါးစပ်ဖျားမှာပါ ရေပန်းစားသည်အထိ အောင်မြင်မှုရခဲ့သည်။ ယခုတစ်ဖန် တတိယခြေလှမ်းအဖြစ် “ကိုလေကြွားနဲ့စပ်စုမ” တေးစီးရီးကို ကိုယ်တိုင်ရေးသားပြီး တေးသံရှင် အေမီခိုနှင့်တွဲဖက်၍ ကိုယ်တိုင်သီဆိုထားပြန်သည်။ စန္ဒရားမြဦး၏သားဂီတမျိုးမင်းဦး၏လက်ရာမြောက်တီးလုံးတီးကွက်များနှင့်အတူ မြန်မာ့ဂီတနှင့်ကမ္ဘာ့ဂီတအလှများ ပေါင်းစည်း၍ မြူးမြူးကြွကြွ ရိုးရိုးနှင့်ယဉ်ယဉ် တစ်မျိုးတစ်ဘာသာ ဆန်းသစ်တီထွင်ထားသည့်အတွက် ပရိသတ်အကြိုက်တွေ့စေမည့် တေးစီးရီးဖြစ်သည်။ မကြာမီ မင်္ဂလာစိန်တေးသံသွင်းမှ တစ်ပြည်လုံးသို့ ဖြန့်ချိသွားမည်ဖြစ်သည်။ **(ကြေးမုံ)**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၂၆-၉-၂၀၁၆ (တနင်္လာနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
၈း၃၅ ၂၀၁၆ ခုနှစ်၊ (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန်(အဆိုဘာသာပြန်) (အမျိုး ဂုဏ်၊ဇာတိဂုဏ်မြင့်တင်ရေး တေးသီချင်း) (အဆင့်မြင့်ပညာ အဆင့်) (အမျိုးသမီး)
၈း၅၀ “ရှန်းကန်လှုပ်ရှားဘဝများ” (လင်းလက်လာတော့မည့် မျှော်လင့်ချက်ရောင်ခြည်များ)
၉း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၁၀း၃၅ The Farmer
၁၁း၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ “ဘုရင်မရဲ့ပန်းရွှေကြာ” (အပိုင်း-၄)
၁း၃၀ “ချစ်သောဘာဘီ”
၂း၁၀ အတီးပြိုင်ပွဲ(စောင်း) (အခြေခံပညာအဆင့်(၁၀-၁၅)နှစ်) (အမျိုးသမီး)(ပထမဆု) (မအေးသဒ္ဒါဖြူ)(ကရင်ပြည်နယ်)
၂း၂၀ "KARAOKE World Championships (KWC) Myanmar 2016" (LEVEL-1)(Group-7)
၃း၃၅ Tasty Trip
၄း၁၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဒဿနိကဗေဒ အထူးပြု)(ဒဿနိကဗေဒ)
၄း၃၅ လူမှုစီးပွားမြင်ကွင်းများ
၅း၂၀ This Week's Special Interest
၅း၃၅ Yes or No Talk Show (Choice on Degree) "Follow your Heart or Follow The Trend" (Part-6)
၅း၅၀ “ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်(ရန်ကုန်)”
၆း၃၅ ဥပဒေရေးရာအဖြာဖြာ “အတွေ့အကြုံ” (ညီကျော်၊ ရိုတ၊ အိသန္တာ)(ဒါရိုက်တာ-ဝေဠု(ဝသန်))
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “တုံ့မယူလို” (အပိုင်း-၆)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ “ပြည်သူ့အတွက်အကောက်ခွန် ဦးစီးဌာနရဲ့ နည်းပညာသစ် MACCS”
၉း၀၀ ပြည်တွင်းသတင်း
-မျက်မှောက်ရေးရာသုံးသပ်စရာ
-နိုင်ငံခြားဇာတ်လမ်းတွဲ “ဘုရင်မရဲ့ပန်းရွှေကြာ”(အပိုင်း-၅)

| စက်တင်ဘာ ၂၄/၂၅ ရက် အနိုင်/အရှုံးရလဒ်များ | | | |
|---|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၆** | | | |
| အာဆင်နယ် | ၃ - ၀ | ချယ်လ်ဆီး | |
| ဝက်စ်ဟမ်း | ၀ - ၃ | ဆောက်သမ်တန် | |
| **လာလီဂါ ပွဲစဉ် - ၆** | | | |
| ဘီဘာအို | ၃ - ၁ | ဆီဗီလာ | |
| လက်စ်ပါးမက်စ် | ၂ - ၂ | ရီးယဲလ်မက်ဒရစ် | |
| လီဂါနက်စ် | ၁ - ၂ | ဗလင်စီယာ | |
| အက်သလက် | ၁ - ၀ | ဒီပို့တီဗို | |
| **စီးရီးအေ ပွဲစဉ် - ၆** | | | |
| ပါလာမို | ၀ - ၁ | ဂျူဗင်တပ် | |
| နာပိုလီ | ၂ - ၀ | ချီယေဗို | |
| တိုရီနို | ၃ - ၁ | ရိုးမား | |
| ဂျီနိုအာ | ၁ - ၁ | ပက်စ်ကာရာ | |
| အင်တာမီလန် | ၁ - ၁ | ဘိုလော့နာ | |
| လာဇီယို | ၂ - ၀ | အမ်ပိုလီ | |
| ဆာစူအိုလို | ၁ - ၀ | အူဒီးနိစ် | |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၅** | | | |
| ဝါဒါဘရီမင် | ၂ - ၁ | ဝုဖ်ဘတ် | |
| ဟော့ဖန်ဟိမ်း | ၂ - ၁ | ရှော်ကေး | |

မောင်မောင်ဇော်

## ရှုံးနိမ့်ခဲ့သော်လည်း ကစားသမားများ၏ စွမ်းဆောင်ရည်အပေါ် ကျေနပ်ကြောင်း ပါလာမိုနည်းပြ ဇာဘီပြောကြား

ပါလာမိုအသင်းသည် စီးရီးအေပွဲစဉ်(၆)တွင် ဂျူဗင်တပ်အား ရှုံးနိမ့်ခဲ့သော်လည်း ကစားသမားများ၏ ကြိုးစားအားထုတ်မှု အပိုင်းနှင့် ပတ်သက်၍ ကျေနပ်ကြောင်း ပါလာမိုနည်းပြဇာဘီက ထုတ်ဖော်ပြောကြားလိုက်သည်။ ပါလာမိုအသင်းသည် အယ်လ်ဒိုရာဒို၏ ကိုယ့်ဂိုးကိုယ်သွင်းယူမှုကြောင့် ဂျူဗင်တပ်အသင်းနှင့် သရေရလဒ်ထွက်ပေါ်နိုင်မည့် အခွင့်အရေးကို လွဲချော်ခဲ့ရသည်။

ဇာဘီက ကစားသမားများအားလုံး တက်တက်ကြွကြွ၊ ရဲရဲရင့်ရင့်ဖြင့် ကစားခဲ့သည့် စွမ်းဆောင်ရည်မှာ ဂုဏ်ယူစရာကောင်းသလို ဂျူဗီကဲ့သို့ အင်အားကြီးပြိုင်ဘက်ကို ကြောက်ရွံ့ခြင်းမရှိဘဲ လေးစားမှုဖြင့်သာ ရင်ဆိုင်ခဲ့သည့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက်လည်း ကျေနပ်ကြောင်း ဆိုလိုက်သည်။

**မေလွှဲသင်း - ရေးသားသည်။**

# ချယ်လ်ဆီးနှင့် ပွဲစဉ်တွင် အာဆင်နယ် ပြီးပြည့်စုံလုနီးပါး ကောင်းမွန်ခဲ့သည်ဟု ဝင်းဂါးယုံကြည် ချယ်လ်ဆီးကစားသမားများ၏ ပြိုင်ပွဲဝင်စိတ်ဓာတ်အပေါ် မေးခွန်းထုတ်လိုက်တဲ့ ကွန်တီ



ချယ်လ်ဆီးကို ရင်ဆိုင်ခဲ့သည့် ပွဲစဉ်တွင် အာဆင်နယ်အသင်း၏ ကစားဟန်မှာ ဟန်ချက်ညီပြီး ပြီးပြည့်စုံလုနီးပါး ကောင်းမွန်ခဲ့ကြောင်း အာဆင်နယ်နည်းပြ ဝင်းဂါးက ချီးကျူးစကားဆိုခဲ့သည်။ အဆိုပါ ပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ဆန်းချက်ဇ်၊ ဝဲလ်ကော့နှင့် အိုဇေးလ်တို့သွင်းဂိုးများဖြင့် ပထမပိုင်းမှာပင် သုံးဂိုးပြတ်ဦးဆောင်နိုင်ခဲ့သည်။

အာဆင်နယ်မှာ ချယ်လ်ဆီးအား ၂၀၁၁ ခုနှစ်နောက်ပိုင်း တစ်ကြိမ်တစ်ခါမျှ အနိုင်ရခဲ့ခြင်းမရှိခဲ့ရာ ယခုနိုင်ပွဲမှာ ငါးနှစ်အတွင်း ပထမဦးဆုံးသော နိုင်ပွဲဖြစ်ခဲ့သလို ၁၉၉၇ခုနှစ် ဧပြီလနှောင်းပိုင်း အကြီးမားဆုံးသော အနိုင်ရလဒ်လည်း ဖြစ်လာခဲ့သည်။ အာစင်ဝင်းဂါးမှာ သူ၏ အာဆင်နယ်နည်းပြသက်တမ်း နှစ်(၂၀)ပြည့်တွင် ချယ်လ်ဆီးကဲ့သို့ ပြိုင်ဘက်ကို အနိုင်ယူကာ မှတ်တမ်းကောင်းတစ်ရပ်ကို ရေးထိုးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ချယ်လ်ဆီးသည် အာဆင်နယ်အတွက် အခက်ခဲဆုံးသော ပရီမီယာလိဂ်ပြိုင်ဘက်ဖြစ်ခဲ့သည်မှာ ကာလအတန်ကြာပြီဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ရလဒ်ပိုင်းယိုင်နည်နေခဲ့သော ချယ်လ်ဆီးကို နှစ်ကျော့လုံး အရေးနိမ့်ခဲ့သေးသည်။

ဝင်းဂါးက"ကျွန်တော်တို့ အသင်းရဲ့ ပထမပိုင်းကစားပုံက ပြီးပြည့်စုံလုနီးပါးကို ကောင်းမွန်ခဲ့တယ်။ ဒီဘက်ပိုင်းနှစ်တွေရဲ့ အကောင်းဆုံး ကစားနိုင်ခဲ့မှုပါ" ဟု ဖွင့်ဟပြောကြားလိုက်သည်။ အာဆင်နယ်မှာ ယခုနိုင်ပွဲကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယား အဆင့်(၃)နေရာအထိ တက်လှမ်းလာနိုင်ခဲ့သော်လည်း ရှုံးပွဲကြုံခဲ့သည့် ချယ်လ်ဆီးအသင်းမှာ အမှတ်ပေးဇယား အဆင့်(၈)နေရာ အထိ ရောက်ရှိသွားခဲ့သည်။

ချယ်လ်ဆီးနည်းပြကွန်တီကမူ အသင်း၏ လူစာရင်းမှာ စာရွက်ပေါ်တွင် အလွန်တောင့်တင်းနေသော်လည်း ဘောလုံးကစားနည်းဆိုသည်မှာ တစ်ဦးကောင်းကစားနေ၍ ရသော ကစားနည်းမဟုတ်သည်ကို ကစားသမားများသိသင့်ကြောင်း၊ ပထမပိုင်းအတွင်း ပြိုင်ပွဲကို ချဉ်းကပ်ခဲ့သည့် ကစားသမားများ၏ ခံယူချက်အပေါ် မိမိမေးခွန်းထုတ်ရတော့မည်ဖြစ်ကြောင်း ဝေဖန်ခဲ့သည်။ နည်းပြ ကွန်တီမှာ




ပရီမီယာလိဂ်ပွဲစဉ်ခြောက်ပွဲအပြီး ချယ်လ်ဆီး၏ မော်ရင်ဟိုကိုင်တွယ်ခဲ့သည့် ၂၀၁၅-၂၀၁၆ဘောလုံးရာသီရလဒ်နှင့် အမှတ်ပေးဇယား ရပ်တည်မှုအဆင့်ကို ယခုနှစ် ကွန်တီလက်ထက် ရလဒ်ပိုင်းနှင့် နှိုင်းယှဉ်ဖော်ပြရလျှင်

| | ၂၀၁၅-၂၀၁၆ ဘောလုံးရာသီ မော်ရင်ဟိုလက်ထက် မှတ်တမ်း | ၂၀၁၆-၂၀၁၇ ဘောလုံးရာသီ ကွန်တီလက်ထက် မှတ်တမ်း |
|---|---|---|
| နိုင်ပွဲ | ၂ | ၃ |
| သွင်းဂိုး | ၉ | ၁၀ |
| ရမှတ် | ၇ | ၁၀ |
| ရပ်တည်မှုအဆင့် | ၁၅ | ၈ |


ယခုနှစ် ချယ်လ်ဆီး၏ ရာသီအဖွင့် ပွဲစဉ်သုံးပွဲလုံးကို ရာနှုန်းပြည့် နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ဆွမ်ဆီးကို နှစ်ဂိုးစီသရေသာ ကစားနိုင်ခဲ့ပြီးနောက် လီဗာပူးနှင့် အာဆင်နယ်တို့ကို ဆက်တိုက်အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။

ယခုကဲ့သို့ ချယ်လ်ဆီး၏ သုံးပွဲဆက် ရလဒ်ဆိုးရွားမှုကြောင့် ပွဲစဉ်ခြောက်ပွဲ ကစားပြီးနောက် ဦးဆောင်သူ မန်စီးတီးနှင့် ရှစ်မှတ်အထိ ကွာဟသွားခဲ့ပြီဖြစ်သလို ချယ်လ်ဆီး၏နောက်တန်းခံစစ်ကို အရေးတကြီးပြုပြင်ရန် လိုအပ်သည်ဆိုသည့်အချက်ကိုလည်း မီးမောင်းထိုးပြသရာ ရောက်ခဲ့သည်။ ထို့ပြင် ရာသီအစ ပွဲစဉ်ခြောက်ပွဲရလဒ်များအရ ချယ်လ်ဆီးအတွက် ကွန်တီ၏ယခုနှစ် စွမ်းဆောင်ရည်မှာ နည်းပြဟောင်း မော်ရင်ဟို၏ ယမန်နှစ် စွမ်းဆောင်ရည်နှင့် သိသိသာသာ ကွာခြားခြင်းမရှိသည်ကို တွေ့ရသည်။

ကွန်တီက တစ်ပွဲတည်း သုံးဂိုးပေးခဲ့ရသည့် အသင်း၏ နောက်တန်းခံစစ်ကြောင်းကို ပြုပြင်နိုင်ရန် အဖြေတစ်ရပ် အမြန်ဆုံး ရှာဖွေရမည်ဟု ပြောကြားခဲ့သော်လည်း သူ၏ အသင်းမှာ ချန်ပီယံဆုစာရင်းကို စိန်ခေါ်နိုင်စွမ်းရှိနေဆဲ ဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

# ဝိန်းရွန်းနီကို ရာနှုန်းပြည့် ယုံကြည်ဆဲဟု မော်ရင်ဟိုဆို

မန်ယူအသင်းက လက်စတာအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် အသင်းခေါင်းဆောင် ဝိန်းရွန်းနီကို ပွဲထွက်လူစာရင်းမှ ချန်လှပ်ခဲ့သော်လည်း ယခုထိ ရာနှုန်းပြည့် ယုံကြည်မှု ရှိနေဆဲဖြစ်သည်ဟု မန်ယူနည်းပြ မော်ရင်ဟိုက ပွဲအပြီးတွင်ထည့်သွင်းပြောကြားလိုက်သည်။ ရွန်းနီမပါဝင်ခဲ့သည့် မန်ယူအသင်းမှာ ကစားကွက်ပိုကောင်းခဲ့ပြီး ပထမပိုင်းအပြီး လေးဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သလို ငါးမိနစ်အတွင်းမှာပင် မာတာ၊ ရက်ရှ်ဖို့ဒ်နှင့် ပေါ့ဘာတို့ သုံးဂိုးဆက်တိုက် သွင်းယူနိုင်ခဲ့သည်။



မော်ရင်ဟိုမှာ အစောပိုင်း ပရီမီယာလိဂ်ပွဲစဉ်များတွင် ဝိန်းရွန်းနီအား အီဗရာဟီမိုဗစ်ချ်ကို ပံ့ပိုးပေးသော နောက်ချန်တိုက်စစ်မှူးအဖြစ် အသုံးပြုခဲ့သော်လည်း ပရီမီယာလိဂ် ပွဲစဉ်(၄)နှင့်(၅) တို့တွင် ကွင်းလယ်ကစားသမားအဖြစ် အသုံးပြုခဲ့ရာ ခြေစွမ်းလုံးဝပျောက်ဆုံးသွားခဲ့သည်။အဆိုပါ လက်စတာနှင့်ပွဲစဉ်တွင် ရွန်းနီမှာ ပွဲပြီးခါနီး ရှစ်မိနစ်အလိုမှသာ ရက်ရှ်ဖို့ဒ်နေရာတွင် လူစားဝင်ကစားသမားအဖြစ် ဝင်ရောက်ကစားခွင့်ရခဲ့သည်။ သို့သော် ပြီးခဲ့သည့် ဘောလုံးရာသီ ဘောက်ဆင်ဒေးပွဲစဉ်တွင်လည်း နည်းပြ ဗန်ဟားလ်က ဝိန်းရွန်းနီအား ချန်လှပ်ခဲ့သေးသည်ကို သတိပြုရမည်ဖြစ်သည်။

ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်အတော်များများက ဝိန်းရွန်းနီအား ပွဲထွက်လူစာရင်းမှ ချန်လှပ်ခဲ့ခြင်းကိစ္စရပ်ကိုသာ အဓိကထားမေးမြန်းခဲ့ကြရာ မော်ရင်ဟိုက" ခင်ဗျားတို့က ရက်ရှ်ဖို့ဒ်ကို မထည့်ရင်လည်း ဘာလို့လဲလို့ မေးကြဦးမယ်။ လင်းဂတ်ကို ချန်ခဲ့ရင်လည်း ဒီအတိုင်းပဲ မေးကြဦးမှာပဲ။ တစ်ခါတလေတော့ ကစားသမားတစ်ဦးကို ပွဲထွက်စာရင်းမှာ အသုံးမပြုတာကို ခေါင်းစဉ်ကြီးတပ်ပြီး ဖော်ပြနေကြတာ ကျွန်တော်ဖတ်နေရတာပဲ။ ဒီကိစ္စရပ်က ဘောလုံးလောကရဲ့ ဖြစ်ရိုးဖြစ်စဉ်ပဲဆိုတော့ ကျွန်တော်ဘာမှ ထူးပြီး မခံစားရပါဘူး" ဟု တုံ့ပြန်ခဲ့သည်။

သို့သော် ဘီဘီစီအားကစားသတင်းထောက် ဆီမွန်စတုန်းကမူ သုံးပွဲဆက်အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည့် မန်ယူအနေဖြင့် ပုံမှန်ကစားအားအောက် ရောက်ရှိနေသည့် ဝိန်းရွန်းနီအား ခဏတာ ပွဲထွက်စာရင်းမှ ချန်လှပ်ခဲ့ခြင်းဖြစ်ပြီး ဇော်ရာအသင်းနှင့် ရင်ဆိုင်မည့် ယူရိုပါလိဂ်ပွဲစဉ်တွင် ပွဲထွက် လူစာရင်းတွင် ပြန်လည်အသုံးပြုမည်ဖြစ်ကြောင်း အိုးထရက်ဖို့ဒ်ကွင်းမှ တိုက်ရိုက်သတင်းပေး သုံးသပ်ခဲ့သည်။ ထို့ပြင် စတုန်းက မော်ရင်ဟိုအနေဖြင့် လာမည့်နှစ်ရာသီကျော်လွန်ပြီးမှသာ ဝိန်းရွန်းနီ၏ ကျောနံပါတ်(၁၀) ဆက်ခံသူကို ရှာဖွေလိမ့်မည်ဖြစ်သဖြင့် ရွန်းနီနှင့် မန်ယူအနာဂတ် ယခုနှစ်ဘောလုံး ရာသီအတွင်း ဆက်ရှိနေမည်ဖြစ်ကြောင်းလည်း တစ်ဆက်တည်း သုံးသပ်ခဲ့သည်။




## ဂျာဂန်ကလော့ပ်အား အန်စလော့တီနေရာ အစားထိုးရန် ဘိုင်ယန်အလိုရှိနေ

ဘိုင်ယန်မြူးနစ်အသင်းသည် လက်ရှိနည်းပြ အန်စလော့တီနှင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့လျှင် လီဗာပူးနည်းပြ ဂျာဂန်ကလော့ပ်ကို နည်းပြသစ်အဖြစ် အစားထိုးခန့်အပ်နိုင်ရေးလိုလားနေကြောင်း ဒေးလီးမေးလ် သတင်းဌာနက ဖော်ပြသည်။

ဂျာဂန်ကလော့ပ်သည် ဘွန်ဒက်စ်လီဂါကလပ်အသင်းများဖြစ်သည့် မိန့်ဇ်၊ ဒေ့ါမွန် တို့ကို ကိုင်တွယ်ခဲ့သူဖြစ်ပြီး ဒေ့ါမွန်အသင်းအား ဘွန်ဒက်စ်လီဂါဖလားနှစ်ကြိမ်နှင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိရောက်အောင် ဦးဆောင်မှုပေးနိုင်ခဲ့သည်။ ဂျာဂန်ကလော့ပ်နှင့် လီဗာပူးနှင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၂၂ခုနှစ်အထိဖြစ်သော်လည်း ဘိုင်ယန်မြူးနစ်တာဝန်ရှိသူများကမူ ၎င်းအား အန်စလော့တီနေရာ ဆက်ခံသူနည်းပြအဖြစ် မျှော်မှန်းထားခြင်း ဖြစ်သည်။

## အရပ်ဘက်အဖွဲ့အစည်းများ ကွန်ရက်ကျင်းပ

**ရွှေကျင် စက်တင်ဘာ ၂၅**
ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ကရင်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း(KDN) မှ ဦးစီးကျင်းပသော အရပ်ဘက်အဖွဲ့အစည်းများကွန်ရက် အစည်းအဝေးကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီမှစ၍ ရွှေအင်းဝဧည့်ရိပ်သာခန်းမ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ကရင်လူမှုဖွံ့ဖြိုးရေးအသင်းမှ ဆရာအယ်လယ်က မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများ လူမှုဘဝ ပြန်လည်မြှင့်တင် တည်ဆောက်ရေးလုပ်ငန်းများ စသည့်မိမိတို့အဖွဲ့အစည်း၏ လုပ်ငန်းစဉ်များကို ပြောကြားပြီး တက်ရောက်လာသော ရွှေကျင်မြို့နယ်ရှိ အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ငန်းများနှင့် မိမိတို့အဖွဲ့အစည်း၏ လုပ်ငန်းစဉ်များ ပူးပေါင်းလုပ်ဆောင်နိုင်ရေးကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်း၊ မြို့နယ်ရဲမှူးသန်းနိုင်နှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# ဝါးခယ်မမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေသခံများနှင့်တွေ့ဆုံ ဆွေးနွေး

**ဝါးခယ်မ စက်တင်ဘာ ၂၅**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဝါးခယ်မမြို့နယ် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးမှုကို စက်တင်ဘာ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ရှေးဦးစွာ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးသန်းထွန်းက တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေရေးရာအကြောင်း သိကောင်းစရာအနေနှင့် တရားစီရင်ရေး၊ ဥပဒေ၊ နည်းဥပဒေနှင့်ပတ်သက်ပြီး အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဂါ့မိုးမြတ်မြတ်သူက ကရင်တိုင်းရင်းသားရေးရာနှင့်ပတ်သက်၍လည်းကောင်း၊ မိမိကိုယ်တိုင်သာမက မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်လာစေရန် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အသိပညာကောင်းများဖြင့် ဘက်စုံထောင့်စုံ ကြိုးစားဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သည်များကိုလည်းကောင်း ရှင်းလင်းတင်ပြပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူကိုရှေးရှုသော ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် လုပ်ဆောင်သင့်ကြောင်း၊ တစ်ဦးတစ်ယောက်ကစ၍ မည်သည့်လုပ်ငန်းကိုမဆို စည်းကမ်းရှိရှိ၊ စနစ်တကျဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## မိုးနှောင်းငွေချည် (၉) ချည်မျှင်ရှည်ဝါ စံပြကွက်တွင် ဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများကို ပညာပေးကွင်းသရုပ်ပြ



**ခင်ဦး စက်တင်ဘာ ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကြို့ကန်အုပ်စု တမုတ်ကျေးရွာ တောင်သူ ဦးကြည်နှင်း၏ ကွင်းအမှတ်(၂၄၉၄)၊ ဦးပိုင်အမှတ်(၄၆)တွင် စိုက်ပျိုးထားသော မိုးနှောင်းငွေချည် (၉) ချည်မျှင်ရှည်ဝါ သုံးဧက စံပြကွက်၌ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေ ကွင်းသရုပ်ပြပွဲနှင့် နည်းပညာပေး ဆွေးနွေးပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးအောင်က တောင်သူများ ဝါစိုက်ပျိုးရေး နည်းပညာ သိရှိပြီး ဝါပိဿာ ၁၀၀၀ အထက်ထွက်ရှိရေး ထုတ်လုပ်စိုက်ပျိုးနိုင်ရန် ရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းနောက် မိုးနှောင်းငွေချည် (၉) ချည်မျှင်ရှည်ဝါ စိုက်ပျိုးသော ကျေးရွာအုပ်စု (၁၂) အုပ်စုမှ တောင်သူ ၁၂၀ ခန့်က ကွင်းအတွင်း လှည့်လည် လေ့လာပြီး သိရှိလိုသည်များကိုမေးမြန်းကြရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ပြန်လည်ဆွေးနွေးခဲ့သည်။

ယခုစိုက်ပျိုးသော ငွေချည် (၉) ချည်မျှင်ရှည်ဝါကို တစ်ဧကလျှင် အပင် ၁၃၉၁၉ ပင် စိုက်ပျိုးထားပြီး စိုက်စနစ်မှာ နှစ်ပေခွဲပတ်လည်နှင့် တစ်ကျင်းလျှင် နှစ်ပင်ချန်စနစ်ဖြင့် စိုက်ပျိုးထားကြောင်း၊ ယခုအပင်များမှာ၄၁ရက်သာ ရှိသေးကြောင်း ကွင်းပိုင်ရှင်က ပြောသည်။

**ခင်ဦးစိုးဝေ**

## မိုးနဲမြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) မှ ဌာနဆိုင်ရာများ နားခံကျေးရွာသို့ကွင်းဆင်း

**မိုးနဲ စက်တင်ဘာ ၂၅**
ရှမ်းပြည်နယ် တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) မှ ဌာနဆိုင်ရာများ စုပေါင်း၍ ဒေသခံပြည်သူများ၏ လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက နားခံကျေးရွာအုပ်စု မိုင်းပုတ်ဘုန်းတော်ကြီးကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွဋ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်က မူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်ညွန့်က လူဦးရေ၊ အိမ်အကြောင်းအရာနှင့် သန်းခေါင်စာရင်းအကြောင်းကိုလည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်က မြေစာရင်းပုံစံ (၇)နှင့် ပတ်သက်၍ လိုအပ်ချက်များကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးဝင်းနိုင်က သီးနှံပိုးမွှားရောဂါကာကွယ်ရေးကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီး မရှင်းလင်းသည့်အချက်များကို ဒေသခံများကမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

# မိုးစပါးများစတင်ရိတ်သိမ်းပြီဖြစ်သော်လည်း ဝယ်သူနည်း၍ဈေးကွက်အေးနေ

**ရေတာရှည် စက်တင်ဘာ ၂၅**
ကျေးလက်ဒေသနေ တောင်သူများသည် မိမိတို့၏ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းမှသာ စီးပွားရေလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းကာ လူနေမှုဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ ပြောင်းလဲလာသော ရာသီဥတုကြောင့် စိုက်ပျိုးသည့်သီးနှံများ အောင်မြင်မှုနည်းပါးခြင်းအပြင် လက်ရှိ ပဲအမျိုး မျိုး၊ နှမ်း၊ စပါးသီးနှံများ ဈေးကွက်တွင် အခြေခိုင်ဖြစ်နေခြင်းကြောင့် ဝင်ငွေလျော့နည်းလာကာ သီးနှံစိုက်ပျိုးစရိတ်၊ လုပ်အားခ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဝါး၊ မျိုးစရိတ် အစရှိသော သွင်းအားစုကုန်ကျစရိတ်များကို နုတ်ဖယ်လိုက်ပါက အရှုံးဘက်ကို ဦးတည်နေကြောင်း တောင်သူအချင်းချင်း သုံးသပ်ပြောကြားမှုများလည်း ရှိနေသည်။

လက်ရှိ မိုးစပါးစိုက်တောင်သူအချို့ ကောက်စောစပါးများ စတင်ရိတ်သိမ်း၍ ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိသော်လည်း တင်း ၁၀၀ လျှင် ငွေကျပ် ၄၅၀၀၀၀ ဝန်းကျင်သာ ပေါက်ဈေးရှိသည်ဟု စပါးရောင်းချလိုက်သည့် တောင်သူတစ်ဦးက ပြောသည်။

“မနှစ်က ခုလိုအချိန်မှာ ၅၀၀၀၀၀ ကျော်ဈေးရတယ်။ ဒီနှစ်မှာ ဝယ်သူကိုရှားနေတာ။ လတ်တလော အလုပ်သမားစရိတ်တွေ ရှင်းရအောင်လို့ ရောင်းလိုက်ရတယ်”ဟု ကုန်းကြီးကျေးရွာအုပ်စု အင်ကျင်းကုန်းကျေးရွာနေ တောင်သူတစ်ဦး ကပြောသည်။

အချို့သောတောင်သူများမှာ ပွဲစားများထံသို့ စပါးရောင်းချခြင်းမရှိဘဲ ဆန်စက်များသို့ပို့ကာ ကိုယ်တိုင်ကြိတ်ခွဲ၍ ဆန်ထွက်ကို ပြန်လည်ရောင်းချသည့်အခါ တစ်တင်းလျှင် ကျပ် ၂၀၀၀၀ ရရှိကြောင်းသိရသည်။

“ကျွန်တော်တို့ ဆန်စက်တွေမှာလည်း အခက်အခဲရှိတာပေါ့။ တရုတ်က ဒီဘက်က ဆန်တွေကို ဖမ်းနေတာ၊ အရင်က ကျွန်တော်တို့ လွတ်လွတ်လပ်လပ် ရောင်းခွင့်ရှိတုန်းက ဈေးကွက်လည်းကောင်းတယ်။ အခုကျတော့ ခိုးကြောင်ခိုးဝှက် ရောင်းရတယ်ဗျာ။ အဲတော့ ပြည်တွင်းမှ စပါးဈေးကွက်အေးတာ ဒါကြောင့်လည်းပါတယ်”ဟု ရေတာရှည်မြို့ရှိ ဆန်စက်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

တောင်သူများအနေဖြင့်လည်း စိုက်ပျိုးစရိတ်ချေးငွေ၊ သမချေးငွေ၊ ဓာတ်မြေဩဇာ ကျွေးရသည့်စရိတ်၊အခြားသော လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကုန်ကျစရိတ်များစွာ ရှိရာ စပါးဈေးမကောင်းပါက များစွာအခက်တွေ့နိုင်၍ စိုးရိမ်မှုများလည်းရှိနေကြောင်း တောင်သူများက ပြောသည်။

စပါးဈေးကွက်နှင့် အခြားသောသီးနှံများအား ဈေးကွက်တစ်ခု ထူထောင်နိုင်ရန်မှာ ပြည်ပဈေးကွက်၏ ဝယ်လိုအားအပေါ်၌ တည်မှီလျက်ရှိရာ လက်ရှိလယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဓာတုဆေးဝါးများ အလွန်အကျွံသုံးစွဲခြင်းကြောင့် ကုန်စည်အရည်အသွေးပိုင်းကို သက်ရောက်မှုရှိကာ ပြည်ပဈေးကွက်သို့ ထိုးဖောက်ရာတွင် အခက်အခဲများစွာ ကြုံတွေ့ကြရသည်လည်းရှိနေကြောင်း ကျွမ်းကျင်သူအချို့က သုံးသပ်သည်။

**ကိုလွင်(ဆွာ)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိတ္ထီလာဘိုးဘွားရိပ်သာတွင် သန့်ရှင်းရေးဆောင်ရွက်

**မိတ္ထီလာ စက်တင်ဘာ ၂၅**
၅၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့ ဘိုးဘွားရိပ်သာဝင်းအတွင်းရှိ ချုံနွယ်များ၊ မြက်ရိုင်းပင်များ သန့်ရှင်းရေးကို စက်တင်ဘာ ၂၃ ရက် နံနက် ၇ နာရီက ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ဘိုးဘွားရိပ်သာဝင်း အုတ်တံတိုင်းပတ်လည်ရှိ ချုံနွယ်များ၊ မြက်ရိုင်းပင်များ ရှင်းလင်းသန့်ရှင်းရေးကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရဲထွဋ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ရွှေ ဦးဆောင်၍ စုပေါင်းသန့်ရှင်းခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**





# မိုးရွာသွန်းမှုကြောင့် ဧက ၁၀၀ အကျိုးပြုနေသည့် လိပ်ခွဲတစ်ဖက်ဆည်ကန် တာပေါင်ကျိုးပြတ်

**မလှိုင် စက်တင်ဘာ ၂၅**
မလှိုင်မြို့နယ်တွင် စက်တင်ဘာ ၂၂ ရက် ညပိုင်းက မိုးရေချိန် လက်မ ၁ ဒသမ ၂၀ ထိ မိုးရွာသွန်းခဲ့သဖြင့် ရုံးပင်ဖောက်ကျေးရွာအုပ်စု လိပ်ခွဲကျေးရွာ ကွင်းအမှတ် (၃၆၃) လိပ်ခွဲတောင်ကွင်းရှိ လိပ်ခွဲတစ်ဖက်ဆည်ကန်သည် ထူးပေါက်ပြီး တာပေါင်ကျိုးပြတ်ခဲ့ကြောင်း သိရသည်။

လိပ်ခွဲ တစ်ဖက်ဆည်ကန်ပေါင်တွင် အကျယ် ၁၅ ပေရှိ ထူးပေါက်တစ်ခုနှင့် အကျယ် ၅ ပေရှိ ထူးပေါက်တစ်ခု စုစုပေါင်း ထူးပေါက်နှစ်ခုဖြစ်ပေါ်ခဲ့ပြီး အကျယ် ၁၅ ပေရှိ ထူးပေါက်နေရာမှ တာပေါင်ကျိုးပြတ်ပြီး ရေများအဆက်မပြတ် ထွက်လျက်ရှိသည်။ တာပေါင် ကျိုးပေါက်မှုကြောင့် လူ၊ တိရစ္ဆာန်နှင့် လယ်ယာမြေ ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။

အဆိုပါကန်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆည်မြောင်းဦးစီးဌာနမှ တူးဖော်ပေးခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးမြေ ဧက ၁၀၀ ကို အကျိုးပြုနေသည့် ကန်ဖြစ်သည်။ ကန်၏ တာပေါင် အလျားမှာ ပေ ၁၀၀၀၊ အမြင့် ၁၀ ပေ၊ ထိပ်ပြင်အကျယ် ၁၄ ပေရှိသည်။

တာပေါင် ကျိုးပေါက်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအန်ခါးတောမ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မြင့်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ လ/ထ ညွှန်ကြားရေးမှူးနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဌေး (မလှိုင်)**

# မူလတန်းကျောင်းအုပ်ကြီးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မိုးနဲ စက်တင်ဘာ ၂၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ပညာရေးဌာန၏စီစဉ်မှုဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အခြေခံပညာမူလတန်းကျောင်းအုပ်ကြီးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့ဆွေးနွေးပွဲ အခမ်းအနားတွင် ရှမ်းပြည်နယ်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းရွှေ၊ မိုးနဲမြို့နယ်ပညာရေးမှူး ဦးတိုးလှနှင့် အခြေခံ ပညာအထက်တန်းကျောင်းအုပ် ဦးလှသောင်းတို့က အမှာစကား ပြောကြားခဲ့ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မိုးနဲမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းအုပ်ကြီးများတက်ရောက်ခဲ့ပြီး ကျောင်းအုပ်ကြီးများအား ထူးချွန်ထက်မြက်သော ကျောင်းအုပ်ကြီးများဖြစ်ပေါ်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ဆွေးနွေးပွဲကျင်းပခဲ့ကြောင်း တာဝန်ရှိသူ၏ ပြောကြားချက်အရသိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

# မြို့နယ်မူလတန်းအဆင့် သင်္ချာဘာသာနှင့် မြန်မာစာ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ ကနီ၌ကျင်းပ

**ကနီ စက်တင်ဘာ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ပညာရေးဝန်ကြီးဌာန လမ်းညွှန်ချက်နှင့်အညီ မြို့နယ်ပညာရေးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်မူလတန်းအဆင့် သင်္ချာဘာသာနှင့် မြန်မာစာ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီတွင် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ စွမ်းရည်ပြိုင်ပွဲတွင် သင်္ချာဘာသာရပ်၌ ဒုတိယတန်း ၂၄ ဦး၊ တတိယတန်း ၂၄ ဦး၊ မြန်မာစာ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲတွင် ဒုတိယတန်း ၂၅ ဦး၊ တတိယတန်း ၂၉ ဦး၊ စုစုပေါင်းကျောင်းသား ကျောင်းသူ ၁၀၄ ဦး ဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

မြန်မာစာ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၌ ဒုတိယတန်းတွင် 'ဖွဲ့မလျှော့စတမ်း' နှင့် တတိယတန်းတွင် 'သစ္စာရှိသော သူငယ်ချင်း' ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။



ယခုလိုပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူလေးများ ငယ်ရွယ်စဉ်ကာလကပင် အတန်းစာများ အပြင် အခြားဗဟုသုတများကိုပါ စိတ်ပါဝင်စားလာစေရန်နှင့် စာဖတ်ပြီး မှတ်သားသည့် အလေ့အကျင့်များရရှိလာစေရန်တို့ကို ရည်ရွယ်၍ ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

# မူလတန်းကြိုကျောင်း ဉာဏစွမ်းရည်ပြိုင်ပွဲ ရွှေဘိုတွင် ကျင်းပ

**ရွှေဘို စက်တင်ဘာ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း ကျောင်းတွင်း ဉာဏစွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက အဆိုပါမူလတန်းကြိုကျောင်း၌ ကျင်းပခဲ့သည်။

ယင်းနေ့အခမ်းအနားတွင် ကျောင်းအတွက် လိုအပ်သောနေရာများ၌ ပစ္စည်းများလှူဒါန်းပေးသောအလှူရှင်များကို ဂုဏ်ပြုလက်မှတ်များပေးအပ်ခဲ့ပြီး မူလတန်းကြိုကျောင်းသား၊ ကျောင်းသူ ကလေးငယ်များက ကဏ္ဍခြောက်မျိုးဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရကလေးငယ်များကို ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ပတ်သက်၍ ကျောင်းအုပ်ဆရာမကြီးက ရင်သွေးငယ်များရဲ့ စိတ်လှုပ်ရှားမှုဖွံ့ဖြိုးခြင်း၊ ရဲရင့်တဲ့စိတ်ရှိခြင်း၊ မိမိကိုယ်ကို ယုံကြည်မှုရှိခြင်း၊ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်လာစေခြင်း စသည့်ကောင်းကျိုးများရရှိလာစေရန်ရည်ရွယ်၍ ယင်းနေ့ပွဲကို ကျင်းပပေးရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနေ့က ပြိုင်ပွဲခြောက်မျိုးပြုလုပ်ရာ အငယ်ဆင့်တွင် ၉၆ ဦး၊ အကြီးဆင့်တွင် ၁၅၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ပြိုင်ပွဲဝင်ကလေးငယ်များကိုလည်း အမှတ်တရဆုလက်ဆောင်များ ပြန်လည်ချီးမြှင့်ခဲ့သည်။ **စိုးသီဟ(ပြန်/ဆက်)**

# ကလေးမြို့တွင် မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြော

**ကလေး စက်တင်ဘာ ၂၅**
ကလေးမြို့ တာဟန်းရပ်ကွက်တွင် ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း MANA တို့ ပူးပေါင်းကာ မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ရက် မွန်းလွဲ ၁ နာရီခွဲက အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ဇော်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်သိန်းက မူခင်းကျဆင်းရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာများအကြောင်း၊ မူးယစ်တပ်ဖွဲ့ စု (၅) (ကလေး)မှ ဒုတိယရဲမှူးလှထွေးက မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း၊ ရဲအုပ်ဝင်းလှိုင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်မြင့်စိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းချက်များအကြောင်း၊ ခရိုင် MANA အသင်း ဒုတိယဥက္ကဋ္ဌ ဦးလှဝင်းက MANA အသင်း၏ လှုပ်ရှားဆောင်ရွက်မှုများအကြောင်းစသည်တို့ကို အသီးသီးဆွေးနွေးဟောပြောကြသည်။

အဆိုပါဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ၄၇၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြု၍ စုပေါင်းသွေးလှူဒါန်း

**ပြည် စက်တင်ဘာ ၂၅**
အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီးမြင့်ကြည် ဦးဆောင်၍ ခရိုင်အတွင်း မြို့နယ်ခြောက်မြို့နယ်မှ အရာရှိအရာခံတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုနှင့် ကမ္ဘာလှည့်ရဲတပ်ဖွဲ့တို့မှ အရာရှိအရာခံတပ်ဖွဲ့ဝင်၊ မိသားစုဝင် စုစုပေါင်း ၉၆ ဦးတို့သည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ပြည်မြို့ ခုတင် ၅၀၀ ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီး သွေးလှူဌာန၌ ပြည်သူ့ကျန်းမာရေးအကျိုးပြု ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# မူခင်းကျဆင်းရေး အလုပ်ရုံဆွေးနွေးပွဲကို ညောင်တုန်းမြို့၌ကျင်းပ ကြိုတင်သတင်းပေးခြင်းက နစ်နာသူအတွက်သာမက နိုင်ငံတော်အတွက်ပါအကျိုးရှိ

**ညောင်တုန်း စက်တင်ဘာ ၂၅**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ပူပေါင်း၍ မူခင်းကျဆင်းရေး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပခဲ့သည်။

ယင်းနောက် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးခင်ဦးက မူခင်းကျဆင်းရေးနှင့် ပတ်သက်၍ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးခြင်း၊ ညောင်တုန်းမြို့နယ်စခန်းမှူး ဒုရဲမှူးဝင်းနိုင်က မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်နှင့် ဖြစ်စဉ်များအကြောင်းရှင်းလင်းပြောကြားခဲ့သည်။

မူခင်းတစ်ခုဖြစ်ပွားပြီးမှ ပေါ်ပေါက်အောင် စုံစမ်းခြင်းထက် ကြိုတင်သတင်းပေးခြင်းက နစ်နာသူအတွက်သာမက နိုင်ငံတော်အတွက်ပါပို၍ အကျိုးရှိနိုင်သည့်အတွက် တက်ရောက်လာကြသူအားလုံးက မိမိတို့ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မူခင်းကျဆင်းရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးရေး တက်ရောက်လာသူများနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန စာရေးဝန်ထမ်း အခြေခံ သင်တန်းဆင်းပွဲကျင်းပ

**မုံရွာ စက်တင်ဘာ ၂၅**
စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ပြည်တွင်းအခွန်များ ဦးစီးဌာန လက်အောက်ရှိ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရန် ရည်ရွယ်ပြီး စာရေးဝန်ထမ်း အခြေခံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းအမှတ်စဉ်(၃) ဆင်းပွဲကို စက်တင်ဘာ ၂၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီး ပြည်တွင်းအခွန်များ ဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းအား ၂၀၁၆ ခုနှစ် ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ရာ တိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းအခွန်များဦးစီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးကျော်ဇေယျက သင်တန်းတွင် ထူးချွန်ဆုရရှိခဲ့သည့် ဟုမ္မလင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဦးဇော်မိုးနိုင်အား ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# ဘဲသွေးချောင်းတံတားပေါ်တွင် ၃ တန်အောက်ယာဉ်များ စတင်ဖြတ်သန်းသွားလာခွင့်ပြု

**အောင်လံ စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့အရှေ့ဘက် အောင်လံ-သမ္ဘုလကားလမ်းပေါ် ရွာမထုံးနှင့် အောင်မြေကုန်းကျေးရွာများကြားရှိ ဘဲသွေးချောင်းတံတားသည် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တံတားအောက်ခံခုံ ရေလယ်တိုင်မှာ ပြိုလဲခဲ့သဖြင့် တံတားပေါ်သို့ ယာဉ်များဖြတ်သန်းသွားလာမှုကို ခေတ္တပိတ်ထားခဲ့ရသည်။ ထို့ကြောင့် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆွေ၏ လမ်းညွှန်မှာကြားချက်၊ ခရိုင်ကျေးလက်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြီး၏ ကြီးကြပ်စီမံမှုတို့ဖြင့် စက်တင်ဘာ ၁၃ ရက်မှစတင်၍ ပြိုလဲသွားသောရေလယ်တိုင်နေရာတွင် သံပေါင်များထူ၍ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၂ ရက်တွင် ပြီးစီးခဲ့သဖြင့် စက်တင်ဘာ ၂၃ ရက်တွင် တံတားခံနိုင်ဝန်အားဖြစ်သော ၃ တန်နှင့်အောက် မော်တော်ယာဉ်များ စတင်၍ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

၃ တန်အထက်ယာဉ်များကိုမူ ယခင်က ဆောင်ရွက်ပေးထားခဲ့သော လမ်းလွှဲမှသာ မောင်းနှင်ခွင့်ပြုထားသဖြင့် ၃ တန်အထက်ယာဉ်များ ဆက်လက်ဖြတ်သန်းသွားလာနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကို မြို့နယ်ကျေးလက်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးကြည်နှင့်ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းလွင်(ပြန်ဆက်)**



## အုတ်ကန်တောရစာသင်တိုက်တွင် သာသနာ့ဝင်စိစစ်ရေးကတ်ပြားများဆက်ကပ်

**မုံရွာ စက်တင်ဘာ ၂၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အုတ်ကန်တောရစာသင်တိုက်တွင် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက မုံရွာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်ထွန်းနှင့် ဝန်ထမ်းများက စာသင်သံဃာတော်များအား သာသနာ့ဝင် စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆက်ကပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သာသနာ့ဝင်စိစစ်ရေးကတ်ပြားများဆက်ကပ်ပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်တို့ တက်ရောက်အားပေးခဲ့ပြီး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က ဆရာတော်ကြီးများထံ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ပြီး သာသနာ့ဝင်စိစစ်ရေးကတ်ပြားများအား သံဃာတော် တစ်ပါးချင်းအား ဆက်ကပ်ခဲ့သည်။ **ဖိုးချမ်း(မုံရွာ)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာသို့ ဒုတိယအကြိမ် ချေးငွေများထုတ်ပေး

**ခရမ်း စက်တင်ဘာ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိနိုင်စေရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်ရန်ပုံငွေဖြင့် ကျေးရွာ ၁၈ ရွာတွင် စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင်ကျေးရွာ ၁၈ ရွာမှ ပထမနှစ်စီမံကိန်းကာလ တစ်နှစ်ပြည့်မြောက်ပြီဖြစ်၍ စီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီနှင့် ကျေးရွာမြစိမ်းရောင်ကော်မတီတို့ ပူးပေါင်း၍ ဒုတိယအကြိမ်ချေးငွေထုတ်ပေးခြင်းကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက ခရမ်းမြို့နယ် ကံကောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းခမ္မာရုံ၌ ကျင်းပခဲ့သည်။

ယင်းသို့ချေးငွေထုတ်ပေးမှုကို ကျေးရွာမြစိမ်းရောင်စီမံကိန်းကော်မတီဝင်များမှ ဆောင်ရွက်လျက်ရှိရာ ခရမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစတင်မျိုးလွင်နှင့် ဝန်ထမ်းများကကြီးကြပ်၍ ကျေးလက်နေအိမ်ထောင်စု ၉၉ စုတို့အား ငွေရင်းသိန်း ၃၀၀၊ တစ်နှစ်စာအတိုးရှိ ငွေ ၄၃၃၀၀၀၀ စုစုပေါင်းသိန်း ၃၄၃၃၀၀၀၀ အား စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးအတွက် ဒုတိယအကြိမ်အဖြစ် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

## မုန့်ဆိုင်များတွင် စီးကရက်ဘူးပုံစံ ရောင်စုံမုန့်ဘူးများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး



**ကန်ကြီးထောင့် စက်တင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ကလေးငယ်များ အတုယူမှားစေနိုင်သော စီးကရက်ဘူးပုံစံ ရောင်စုံမုန့်ဘူးများ ရောင်းချမှုမရှိစေရေးအတွက် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ဒါးကကျေးရွာရှိ မုန့်ဆိုင်များနှင့် အခြေခံပညာအထက်တန်းကျောင်း(ဒါးက)ရှိ မုန့်ဆိုင်တန်းများတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးစိန်ဆန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်ဦးစီးနှင့်ဝန်ထမ်းများ၊ မြို့နယ်စားသုံးသူရေးရာဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒါးကရဲကင်းမှ ရဲအုပ်နှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ ဒါးကဈေးရှိမုန့်လက်လီ၊ လက်ကားရောင်းချနေသောဆိုင်ကြီးများနှင့် ဒါးက (အ. ထ. က)ကျောင်းဝင်းအတွင်းရှိ မုန့်ဆိုင်တန်းများတွင် ၈၈၈ ဘူး အဖုံးတံဆိပ်နှင့်အတူ (SMOKE CANDY) ဟူသော အင်္ဂလိပ်စာတန်းနှင့် တရုတ်စာတန်းများပါသော စီးကရက်ဘူးပုံစံ ရောင်စုံမုန့်ဘူးများ ရောင်းချမှုရှိ-မရှိစစ်ဆေးခြင်း၊ သက်တမ်းလွန်မုန့်များ၊ အချိုရည်ဘူးများရောင်းချမှု ရှိ-မရှိစစ်ဆေးခြင်း၊ ဆိုးဆေးများအသုံးပြုထားသောမုန့်များ ရောင်းချမှုများ ရှိ-မရှိ စစ်ဆေးခဲ့ပြီး အဆိုပါမုန့်များရောင်းချခြင်းမပြုကြရန် အသိပညာပေးဆွေးနွေးခြင်းများ၊ စီးကရက်ဘူးပုံစံ မုန့်ဘူးပုံများပါသောစာရွက်များ အခမဲ့ဖြန့်ဝေပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“၈၈၈ ဘူးအဖုံးတံဆိပ်နှင့်အတူ (SMOKE CANDY) အင်္ဂလိပ်စာတန်းနှင့် တရုတ်စာတန်းပါ စီးကရက်ဘူးပုံစံ ရောင်စုံမုန့်ဘူးများကို ကျောင်းသား၊ ကျောင်းသူကလေးငယ်များ စားသုံးမိပြီး ဆေးလိပ်သောက်ခြင်းအမူအကျင့်များရပြီး အတုမြင်အတတ်သင်ဆိုသလို ဖြစ်သွားမှာစိုးရိမ်လို့ အဆိုပါမုန့်ဘူးများ ရောင်းချခြင်းမပြုစေရန် ခုလိုလိုက်လံစစ်ဆေးအသိပညာပေးရခြင်းဖြစ်ပြီး လက်ရှိချိန်ထိ မုန့်ဆိုင်များတွင် အဆိုပါမုန့်ဘူးများ ရောင်းချခြင်းတော့မတွေ့ရပါဘူး။ အကယ်၍ ရောင်းချခြင်းများတွေ့ရှိပါက မုန့်များကိုသိမ်းဆည်းသွားမှာဖြစ်ပါတယ်” ဟု မြို့နယ်စည်ပင်ဦးစီး ဦးရဲထွန်းဦးက ပြောသည်။

**နန်းထိုက် (ပြန်/ဆက်)**

## ပြည်သူ့အကျိုးပြုအသိပညာပေးလုပ်ငန်းများကွင်းဆင်းဆောင်ရွက်

**ကျောက်မဲ စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် ပင်ပေါကျေးရွာအုပ်စု လုံကြိမ်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျေးရွာနေပြည်သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဌာနဆိုင်ရာများပူးပေါင်း၍ စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က ကျေးရွာအရောက် ကွင်းဆင်း၍ အသိပညာပေးဟောပြောရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ နောင်ပိန်နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်စွာဝင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ မြို့နယ်ကျန်းမာရေးမှူး ဒေါ်ဌေးဌေးမြင့်က ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ရေး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး-၂ ဦးစိုးရွှေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ပင်ပေါကျေးရွာအုပ်စုမှ ကျောင်းကုန်း၊ နောင်ပြစ်၊ ကောင်းလန်း၊ လုံကြိမ်ကျေးရွာတို့မှ မိဘပြည်သူများ တက်ရောက်ခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှထုတ်ဝေသော ဒို့ကျေးရွာဂျာနယ်နှင့် ကျန်းမာရေးဦးစီးဌာနမှ ထုတ်ဝေသော ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**

## ရွှေကျင်မြို့တွင် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြော

**ရွှေကျင် စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲကို အနောက်ဘက်ကျေးရွာ အ-လ-က(ခွဲ)ကျောင်း၌ စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် အလယ်တန်းပြဆရာမဒေါ်အေးအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်မိုးညွန့်က လူကုန်ကူးခံရခြင်းနှင့်ပတ်သက်၍ သိကောင်းစရာများ၊ ဒေါ်မို့မို့သွင် (ရုပ်/သံ-၃) က လူကုန်ကူးခံရသူများ ခံစားရသည့်ဒုက္ခများကို ဟောပြောခဲ့သည်။

ယင်းနေ့ဟောပြောပွဲသို့တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များကိုမေးမြန်းကြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လှိုင်သာယာမြို့နယ်အသင်းသို့ အောင်နိုင်ရေးအလံပေးအပ်ပွဲကို စက်တင်ဘာ ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးက အဖွင့်အမှာစကားပြောကြား၍ မီးသတ်ဦးစီးအရာရှိ ဦးမြင့်ဦးက အောင်နိုင်ရေးအလံအား မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဦးစောဝင်းနှင့် အားကစားကော်မတီမှ ဒေါ်ဖြိုးပိုပိုထွေးတို့ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။
သတင်းနှင့်ဓာတ်ပုံ- ၃၂၉

# မြစ်ကမ်းပါးပြိုကျသဖြင့် ကျေးရွာပြောင်းရွှေ့နေထိုင်ရသည့် ထုံးမကြီးကျေးရွာ မြစ်ရေတက်သဖြင့် ထပ်မံနေရာပြောင်းရွှေ့ရန် စီစဉ်

**မင်းဘူး စက်တင်ဘာ ၂၆**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် အတွင်းရှိ ထုံးမကြီးကျေးရွာနေ ပြည်သူများမှာ မြစ်ရေမြင့်တက်လာသည့်အခါ အိမ်ထောင်ပရိဘောဂများနှင့် နွားစာများ ထားရှိရန် အခက်အခဲဖြစ်နေလျက်ရှိပြီး နှစ်စဉ်ကြုံတွေ့ရမည့် အခက်အခဲများကြောင့် ကျေးရွာနေရာ ထပ်မံပြောင်းရွှေ့ရန် စီစဉ်လျက်ရှိရာ စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကျေးရွာအသစ်နေရာအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထုံးမကြီးကျေးရွာ ထပ်မံပြောင်းရွှေ့ရန် စီစဉ်သည့်နေရာမှာ မန်းရေနံမြေအတွင်းရှိ ကွင်းအမှတ်(၁၂၃၂)နှင့် (၁၂၃၅)ရှိ ယာမြေ ၂၅ ဧကတွင် ကျေးရွာပြောင်းရွှေ့နေထိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ထုံးမကြီးကျေးရွာသည် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျ၍ လူနေအိမ်များ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ ယခင် ကျေးရွာဟောင်း၏ အနောက်ဘက် မန်းကျိုးကျေးရွာ၏ မြောက်ဘက်ရှိ ကွင်းအမှတ်(၁၂၁၅)တွင် အိမ်ထောင်စု ၁၇၆ အိမ် ပြောင်းရွှေ့နေထိုင်ခဲ့သော်လည်း ဧရာဝတီမြစ်ရေ မြင့်တက်လာသည့်အခါ ကျေးရွာအတွင်း မြစ်ရေ ၁၃ ပေထိ မြင့်တက်ခဲ့ပြီး နှစ်စဉ် မြစ်ရေဝင်ရောက်ကြောင်း သိရသည်။ **သူရထွန်း(မွင့်ဖြူ)**

# ရိခေါဒါရ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးကွင်းဆင်း ဆောင်ရွက်

**ရိခေါဒါရ် စက်တင်ဘာ ၂၅**
ချင်းပြည်နယ် ရိခေါဒါရ်မြို့အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် အများပြည်သူ အသက်အန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပိုမိုသိရှိနားလည်စေရေး မျှော်မှန်းချက်ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အသိပညာပေးခြင်းကို စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီက အမှတ် ၂ ရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်လာလ်လျန်ဝုန်နှင့် တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးလာလ်ပက်လောမ်နှင့် ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြန်/ဆက်ဌာနတို့က မြန်မာနှင့် မီဇိုချင်းဘာသာ စကားနှစ်မျိုးဖြင့်ထုတ်ဝေသည့် ရိပန်းသစ္စာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ၊ နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံးမှ ထုတ်ဝေသည့် လက်ကမ်းစာစောင်နှင့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေများကို ယာဉ်မောင်းနှင်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့သည်။

"ကျွန်တော်တို့ ရိခေါဒါရ်မြို့ဟာ မြန်မာ-အိန္ဒိယနယ်စပ်မြို့တစ်မြို့ဖြစ်တာကြောင့် နှစ်နိုင်ငံမှာရှိတဲ့ ယာဉ်ကြီး ယာဉ်ငယ်တွေ ဝင်ထွက်သွားလာမှု စည်ကားရှုပ်ထွေးနေပါတယ်။ အထူးသဖြင့် ကျွန်တော်တို့မြန်မာနဲ့ အိန္ဒိယနိုင်ငံဟာဆိုရင် ယာဉ်ကြောလမ်းကြောင်း မောင်းနှင်မှုမတူညီပါဘူး။ ကျွန်တော်တို့မှာ လက်ယာကပ်မောင်း၊ သူတို့ကျတော့ လက်ဝဲကပ်မောင်းဆိုတော့ ယာဉ်မောင်းသူတွေရော ပြည်သူတွေရော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို သိပ်ပြီးနားမလည်ကြပါဘူး။ အခုလိုမျိုး ယာဉ်နဲ့ လူဝင်ထွက်မှုများ သလောက် မြို့တွင်းလမ်းကလည်း ကျဉ်းနေတော့ ယာဉ်အန္တရာယ်နဲ့ လူအန္တရာယ်ကို အလွန်စိုးရိမ်ရပါတယ်။ အခုလို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲတို့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းဆောင်ရွက်လာတော့ ထိရောက်မှု အများကြီးရရှိသွားပါတယ်" ဟု ရပ်ကွက်လူကြီးတစ်ဦးက ပြောသည်။

ယင်းအပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးရေးဆိုင်ရာ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို မြို့ပြန်/ဆက်ဌာနမှ ပြသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **နိုဟေဆာ**



# နတ်မောက်မြို့နယ်အတွင်းရှိ စံပြစိုက်ခင်းနှင့် စမ်းသပ်ကွက်များ မြေပြင်အခြေအနေစစ်ဆေး

**နတ်မောက် စက်တင်ဘာ ၂၅**
မကွေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းလွင်၊ တိုင်းအဆင့် စံပြစမ်းသပ်ကွက်တာဝန်ခံများ၊ နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးကြည်မြင့်နှင့် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများသည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက နတ်မောက်မြို့နယ်အတွင်းရှိ စံပြစိုက်ကွက် စိုက်ခင်းများအတွင်း ပေါင်းမြက်၊ ပိုးမွှားရောဂါကျရောက်မှု အခြေအနေနှင့် စံပြစမ်းသပ်ကွက်များ အောင်မြင်ဖြစ်ထွန်းမှု ရှိ-မရှိတို့အား ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးအဖွဲ့သည် နတ်မောက်မြို့နယ် ပ/လက္ခုပ္ပင်အုပ်စု စာရာန်အိုင့်ကျေးရွာ ကွင်းအမှတ် (၈၃၆)ရှိ မိုးစပါး ဧက ၅၀ မျိုးသန့်စံပြကွက်၊ တမာပင်အုပ်စု ကွင်းအမှတ် (၄၇၆/ခ)ရှိ ရေတင်ခံစပါးမျိုးများ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် ရွာမွန်အုပ်စု ကျောင်းရွာလေးကျေးရွာ ကွင်းအမှတ်(၈၀၂)ရှိ ခမရ ဝါငါးဧကစံပြစိုက်ကွက် စိုက်ခင်းများသို့ ရောက်ရှိပြီး မြေပြင်လက်တွေ့အခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

"စံပြကွက်၊ စမ်းသပ်ကွက်များ လက်တွေ့ပြုလုပ်ဆောင်ရွက်ပြသခြင်းကြောင့် ဘေးပတ်ဝန်းကျင်မှာရှိတဲ့ တောင်သူများအနေနဲ့လည်း တစ်ဧကအထွက်နှုန်း တိုးတက်လာစေတဲ့ နည်းလမ်းတွေနဲ့ လက်တွေ့အကျိုးဖြစ်ထွန်းမှုတွေကို လက်တွေ့မျက်မြင်သိရှိစေဖို့၊ လက်ခံစိုက်ပျိုးလာဖို့ ရည်ရွယ်ဆောင်ရွက်နေပါတယ်။ ဒီရည်ရွယ်ချက်အောင်မြင်ဖို့ တာဝန်ရှိ စိုက်ပျိုးရေးတာဝန်ခံတွေ အနေနဲ့လည်း ကွင်းဆင်းစစ်ဆေးမှတ်တမ်းတင်မှုတွေ၊ လိုအပ်ချက်ဖြည့်ဆည်းမှုတွေ လုပ်ဆောင်နေခြင်းဖြစ်ပါ တယ်" ဟု မကွေးခရိုင်စိုက်ပျိုးရေးဦးစီးမှူးက ပြောသည်။

၂၀၁၅-၂၀၁၆ ခုနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ငါးခု၊ မြို့နယ် ၂၅ မြို့နယ်၊ မြို့နယ်ခွဲတစ်ခုတို့မှ တောင်သူ ၄၅၀၃ ဦးစိုက်ပျိုးသည့် မိုးစပါးစပ်မျိုး(ပုလဲသွယ်) ဧက ၇၅၉၀ တွင် ၇၅၇၂ ဧကကို ရိတ်သိမ်းနိုင်ခဲ့ပြီး အထွက်နှုန်းအားဖြင့် တစ်ဧက ပျမ်းမျှ ၁၄၅ ဒသမ ၉၈ တင်းနှုန်း ထွက်ရှိကာ အထွက်တင်းစုစုပေါင်း ၁၁၀၅၃၉၆ တင်း ရရှိခဲ့ကြောင်း၊ ယင်းကဲ့သို့ အကျိုးကျေးဇူးများ ဖြစ်ပေါ်လာခြင်းမှာ အမြဲမပြတ်ကွင်းဆင်းစစ်ဆေးမှုများ၏ ရလဒ်ပင်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ဇေယျာတု(မကွေး)**

# စက်သုံးဆီအရောင်းဆိုင်များကိုဝင်ရောက်စစ်ဆေး၍ မီးငြိမ်းသတ်ပုံအဆင့်ဆင့် လက်တွေ့သင်ကြားပြသ

**ပဲခူး စက်တင်ဘာ ၂၅**
ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစန်းဦးနှင့်အဖွဲ့သည် စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီမှစတင်၍ ဘုရားကြီးမြို့ အထွေထွေအုပ်ချုပ်ရေးမှူး ဦးလွင်ဖြိုးအောင်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဘုရားကြီးမြို့ မီးဘေးလုံခြုံရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘုရားကြီးမြို့နယ် မြေရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်မှူးနှင့်အဖွဲ့ဝင်များ ပူးပေါင်းကာ ဘုရားကြီးမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များ၊ ဘုရားကလေး၊ ဝမ်းဘဲအင်း၊ ပျဉ်ပုံကြီးကျေးရွာများရှိ စက်သုံးဆီအရောင်းဆိုင်များကို ဝင်ရောက်စစ်ဆေး၍ စက်သုံးဆီဆိုင်များ လိုက်နာရမည့် စည်းကမ်းများ၊ ထားရှိရမည့် မီးငြိမ်းသတ်ရေးပစ္စည်းများ၊ ရေသိုလှောင်ထားရှိမှုနှင့် မီးသတ်ဆေးဘူးများအား စစ်ဆေးပြီး လိုအပ်ချက်များအား မှာကြားကာ စက်သုံးဆီဆိုင်တွင်ရှိသော ဝန်ထမ်းများအား အရေးပေါ်မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက မီးသတ်ဆေးဘူးအသုံးပြု၍ ငြိမ်းသတ်ပုံအဆင့်ဆင့်ကို လက်တွေ့သင်ကြား ပြသပေးခဲ့သည်။



ဆက်လက်၍ မြို့နယ်လျှပ်စစ်မှူး ဦးအောင်မျိုးဝင်းက လျှပ်စစ်အန္တရာယ်ကာကွယ်ရေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေဖြိုးအောင်က စက်သုံး ဆီဆိုင်များ၏ လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ရန်နှင့် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် အထူးဂရုစိုက်ဆောင်ရွက်ကြရန်၊ သဲပုံး၊ ရေပုံး၊ မီးချိတ်၊ မီးကပ်များ စနစ်တကျထားရှိပါရန် မှာကြားခဲ့သည်။ **သီဟရာဇာ(ဘုရားကြီး)**

# ရေနွေးပူလောင်သည့်ကလေးငယ်အတွက် စေတနာရှင်များက ဆေးကုသရန်ငွေလှူဒါန်း

**ခန္တီး စက်တင်ဘာ ၂၅**
စစ်ကိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ကောယားအုပ်စု တုံလုံကျေးရွာနေ အဘ ဦးလှဝင်းအောင်၊ အမိ ဒေါ်ဌေးမာတို့၏ သမီး အသက်ရှစ်နှစ်အရွယ်ရှိသူ မမေသက်ခိုင်သည် မောင်နှမနှစ်ယောက် ဆော့ကစားရာမှ ဝဲဘက်လက်နှင့် ပေါင်နှစ်ဖက်တို့တွင် ရေနွေးပူလောင်သဖြင့် စက်တင်ဘာ ၂၁ ရက်က ဟုမ္မလင်းပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူခဲ့သည်။

အဆိုပါကလေးငယ်အား စစ်ကိုင်းမြို့ သီတဂူဆေးရုံကြီးတွင် ဆက်လက်ဆေးဝါးကုသမှုခံယူရန်အတွက် စက်တင်ဘာ ၂၂ ရက်က သားအမိနှစ်ဦး အမြန်ယာဉ်ဆိပ်ကမ်းသို့လာရောက်စဉ် ဟုမ္မလင်းမြို့ ကမ်းနားလမ်းရှိ လပ်ကီးစတားစတိုးဆိုင်ရှေ့အရောက်တွင် ဆိုင်ရှင် ဒေါ်ခင်ဌေးမာက မြင်တွေ့ပြီး ကရုဏာသက်ကာ အနီးပတ်ဝန်းကျင်မှ မိတ်ဆွေများဖြင့် စုပေါင်း၍ ဆေးကုသစရိတ် ငွေကျပ် ၁၀၀၀၀၀ ကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။
**စန်းလွင်ဦး**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပန်းရန်သင်တန်းဆင်း



**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သရက်တောကျေးရွာအုပ်စု မသိမ်ကျေးရွာတွင် ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံပန်းရန်သင်တန်း အမှတ်စဉ် (၂/၂၀၁၆) သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက် ညနေ ၃ နာရီတွင် မသိမ်ကျေးရွာရှိ မြန်မာ့အလင်းရောင်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများအား ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးပြည့်ဖြိုးအောင်က သင်ထောက်ကူလက်သုံးပစ္စည်းများအား သင်တန်းသားများသို့ ထောက်ပံ့ပေးအပ်ခဲ့သည်။ ယင်းနောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

သင်တန်းသို့ ကျေးရွာအတွင်းရှိ ပန်းရန်ပညာကို စိတ်ပါဝင်စားသော သင်တန်းသား ၂၀ တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ ၁၀ ရက် ခန့် ကြာမြင့်ခဲ့သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဥတ္တရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးနှင့် ရပ်မိ၊ ရပ်ဖများ၊ သင်တန်းသားများ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဥတ္တရခရိုင်(ပြန်/ဆက်)**

# ဟန်းဆက် အရောင်းဆိုင်များနှင့် ပြုပြင်သည့်ဆိုင်များတွင် ညစ်ညမ်းဗာတ်လမ်းများ ထည့်သွင်းခြင်းမပြုရန် ဆွေးနွေး

**မလှိုင် စက်တင်ဘာ ၂၅**

မလှိုင်မြို့ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်မောင်သန်းသည် မြို့ပေါ်အမှတ်(၁) ရပ်ကွက်နှင့် အမှတ်(၄) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ မြို့မစည်ပင်ဈေးခေါင်း ဦးစိုးသိန်းနှင့်တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက မိုဘိုင်းဖုန်းဟန်းဆက်အရောင်းဆိုင်များနှင့် ဟန်းဆက်ပြုပြင်သည့်ဆိုင်များကို သွားရောက်ပြီး ညစ်ညမ်းဗာတ်လမ်းများအား ဖုန်းဟန်းဆက်များအတွင်း ထည့်သွင်းပေးခြင်းမျိုးမပြုလုပ်ရန် တွေ့ဆုံမှာကြားပြီး ပညာပေး ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါနေ့က ဒုတိယရဲမှူးတင်မောင်သန်း ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် မြို့မစည်ပင်သာယာဈေး၊ ဈေးပတ်ဝန်းကျင်နှင့် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ဟန်းဆက်အရောင်းဆိုင်များ၊ ဟန်းဆက်ပြုပြင်သည့်ဆိုင်များကို သွားရောက်ကာ ကာမရာဂစိတ်ကို နိုးကြွစေသောဗာတ်လမ်းများ၊ ညစ်ညမ်းဗာတ်လမ်းများအား မိုဘိုင်းဖုန်းဟန်းဆက်များအတွင်း ထည့်သွင်းပေးခြင်း၊ ထည့်သွင်းရောင်းချခြင်းမျိုး မပြုလုပ်ရန် အထူးသတိပေး ပြောကြားပြီး အရောင်းဆိုင်ပိုင်ရှင်နှင့် ဝန်ထမ်းများအား တွေ့ဆုံကာ ပညာပေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ယခုလို ပညာပေးဆွေးနွေးမှုများနှင့် အသိပေးတားမြစ်ရခြင်းများပြုလုပ်ရခြင်းမှာ အတုယူမမှားစေရန်၊ မှုခင်းကြိုတင်ကာကွယ်မှုနှင့် မလိုလားအပ်သောပြဿနာများ မဖြစ်ပွားစေရန် ကြိုတင်အသိပေး တားမြစ်ခြင်းဖြစ်သည်။ **အောင်ရွှေ(မလှိုင်)**

# မိုင်းဆတ်မြို့၌ တောင်သူလက်တွေ့သီးနှံကာကွယ်ရေးသင်တန်း ဖွင့်လှစ်

**မိုင်းဆတ် စက်တင်ဘာ ၂၅**

ကျေးလက်ဒေသရှိ တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ ရင်းနှီးမှုပိုမိုရရှိပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကွင်းပြဿနာများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ခြင်းမှ အကျိုးထိရောက်မှုများရရှိစေရန် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန မိုင်းဆတ်ခရိုင် သီးနှံကာကွယ်ရေးဌာနခွဲ၏ တောင်သူလက်တွေ့သီးနှံကာကွယ်ရေးသင်တန်း (Farmer's field school) ဖွင့်ပွဲ အခမ်းအနားကို မိုင်းဆတ်မြို့နယ် ကောင်းမှုတန်အုပ်စု အခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန မိုင်းဆတ်ခရိုင်ဦးစီးမှူး ဦးသိန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်အေးအေးသင်းက တောင်သူလက်တွေ့သီးနှံကာကွယ်ရေးသင်တန်း မှတ်စုစာအုပ်များကို သင်တန်းသားများအား ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးနိုင်လင်း၊ မြေအသုံးချတာဝန်ခံ ဦးအားထူ၊ မျိုးစေ့တာဝန်ခံ ဦးမျိုးအောင်နှင့် သီးနှံကွယ်ရေးတာဝန်ခံ ဒေါ်အေးအေးသင်းတို့က အသီးသီးသင်တန်းပို့ချပေးပြီး စပါးမျိုးစေ့ဆားရည်စိမ်အသုံးပြုရွေးချယ်နည်းအား လက်တွေ့ပြသပို့ချခဲ့သည်။ သင်တန်းတွင် သင်တန်းသား ၅၀ တက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းတွင် သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအကြောင်း၊ ပုလဲ(ယူရီးယား)၊ တီစူပါ၊ ပိုတက်ရှ်နှင့် ယမ်းစိမ်း၊ ဓာတ်မြေဩဇာအကြောင်း၊ အီးအမ်ဘိုကာရှီမြေဆွေးပြုလုပ်ပုံအကြောင်း၊ ပိုးသတ်ဆေး စနစ်တကျကိုင်တွယ်သုံးစွဲနည်းနှင့် အသုံးပြုရာတွင်လိုက်နာရမည့်အချက်များအကြောင်း လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## အဆို၊ အက၊ အရေး၊ အတီး(အခြေခံပညာအဆင့်) ပြိုင်ပွဲ မန္တလေးတွင် ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေးခရိုင်၏ (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အခြေခံပညာအဆင့်) ပြိုင်ပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ အ. ထ. က-၁၃ ကျောင်းအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အ. ထ. က-၁၃ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူကလေးများက 'ဘက်စုံပညာကိုရည် ဒို့လှမ်းလို့ချီ' တေးသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ ယင်းနောက် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူကလေးများက အကအလှတေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။ ဆက်လက်၍ မန္တလေးခရိုင်၏ (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အခြေခံပညာအဆင့်) ပြိုင်ပွဲကျင်းပခဲ့ကြပြီး ညနေပိုင်း၌ ဆုရရှိသူများ တာဝန်ရှိသူအသီးသီးက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူကလေးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပျိုရွယ်သူကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲ ပြုလုပ်

**ငါးသရောက် စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ငါးသရောက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျင်းပပြုလုပ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပျိုရွယ်သူကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ငါးသရောက်မြို့နယ် ဖလန်ကန်ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပြုလုပ်ခဲ့သည်။

ငါးသရောက်မြို့နယ် ဖလန်ကန်ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပြုလုပ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပျိုရွယ်သူကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲအခမ်းအနားသို့ ငါးသရောက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးမြတ်စိုးနှင့် အဖွဲ့ဝင်များ၊ ငါးသရောက်မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးရဲအုပ်ဇေယျာနှင့် တပ်ဖွဲ့ဝင်များ၊ ငါးသရောက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမိုးနှင့် ဝန်ထမ်းများ၊ စက်စက်ယိုကျေးရွာ ကျေးလက်ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေး ဆရာမဒေါ်အေးနုနှင့် ဝန်ထမ်းများ၊ ဖလန်ကျေးရွာ(အ. ထ. က-ခွဲ)ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ဝင်းနှင့် ဆရာ၊ ဆရာမများ၊ (ထက်၊ လယ်) အဆင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ယင်းနေ့ဟောပြောပွဲတွင် အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်နေဇင်ဝင်းက ဖလန်ကန်(အ. ထ. က-ခွဲ)ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ဝင်းထံ စင်သုံးစင်နှင့်အညီ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး အမှိုက်ပုံးများ ပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် ငါးသရောက်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးရဲအုပ်ဇေယျာက ကျောင်းသား၊ ကျောင်းသူများ မော်တော်ဆိုင်ကယ်စီးနင်းအသုံးပြုရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ရန် လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ယာဉ်တိုက်မှုဖြစ်ပါက ပြစ်ဒဏ်ကျခံရမည့် မော်တော်ယာဉ်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအကြောင်း အသိပညာပေးဟောပြောခြင်း၊ ငါးသရောက်မြို့နယ် စက်စက်ယိုကျေးရွာ ကျေးလက်ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်အေးနုက ဆယ်ကျော်သက်အရွယ်တွင် လေ့လာသိရှိသင့်သည့် ကျန်းမာရေးဆိုင်ရာ အသိပညာများအကြောင်း ဟောပြောခြင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမိုးက ကျောင်းသား၊ ကျောင်းသူများ အတန်းစာအပြင် စာပေလေ့လာဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ ရရှိစေမည့်နည်းလမ်းများအား အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်အခြေခံစက်ပြင်သင်တန်းဆင်းပွဲကျင်းပ



**တပ်ကုန်း စက်တင်ဘာ ၂၅**

နေပြည်တော် တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာတွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်စက်ပြင်သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း မဟာဝိဇယခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ကျေးရွာရပ်မိ ရပ်ဖတစ်ဦးက ကျေးလက်နေပြည်သူများ ဆိုင်ကယ်စက်ပြင်ပညာများဖြင့် တောင်သူလုပ်ငန်းများနှင့် တွဲဖက်လုပ်ကိုင်နိုင်သည့်အတွက် အကုန်ကျခံ၍ သင်တန်းဖွင့်လှစ်သင်ကြားပေးသည့် ဌာနနှင့်နည်းပြဆရာများကို ကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းဆရာများက သင်တန်းသား ၂၀ တို့အား ဆိုင်ကယ်၏အခြေခံသဘောတရား၊ ရှေ့ဘီး၊ နောက်ဘီးချိန်တွယ်တပ်ဆင်ခြင်း၊ ကာဗျူရိုက်တာဆီချိန်ခြင်း၊ ပလပ်မီးချိန်ညှိခြင်း၊ အင်ဂျင်ပိုင်းဆိုင်ရာဖြုတ်၊ တပ်လုပ်ဆောင်နည်း၊ မီးထုပ်နှင့် ဝါယာရိန်း အသေးစိတ်တပ်ဆင်ခြင်းလုပ်ငန်းများကို စက်တင်ဘာ ၁၅ ရက်မှ ၂၄ ရက်ထိ စာတွေ့လက်တွေ့သင်ကြားပို့ချပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ဒီနိုင်ငံသားတွေ ကျန်းမာအသက်ရှည်စေဖို့ အစားအသောက်ဆင်ခြင်စို့

aZmf[ e'(First Engineer/ acwaBrazil)



မြန်မာတို့ သက်တမ်းသည် ဟိုးယခင်ကထက် ပိုတိုလာပြီ။ အဓိက ကင်ဆာနှင့် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါတွေ ဖြစ်ကြလို့ဖြစ်သည်။ ထိုရောဂါတွေမဖြစ်အောင် ဖြစ်နိုင်ခြေနည်းအောင်နေလို့ရသည်။ စားလို့ရသည်။

**အစားအသောက်ဆင်ခြင်စို့**

၁။ အစားအသောက်ကို ဆင်ခြင်ပြီးစားရမည်။ အသားတွေကို နည်းနည်းသာစား။ ဆန်လိုမျိုးကာဗိုဟိုက်ဒရိတ်ကိုပင် ကိုယ့်အလုပ်ခွင်အလိုက်တိုင်းဆပြီးစားသင့်ပါသည်။ အဓိကမှာ အချို၊ အငန်၊အစပ် နည်းနိုင်သမျှနည်းအောင်လျှော့စားရမည်ဖြစ်သည်။ ယခုအခါမြန်မာတွေ အချို၊ အငန် ၊အစပ် သိပ်စားကြတာတွေ့ရသည်။ ဒါတွေများများစားခြင်းသည် အဆိပ်စားနေသလိုဖြစ်နေသည်။ နောက်ပြီးယခုခေတ်တွင် အစားအစာအရသာကောင်းလာသောကြောင့် အားပါးတရ လွေးကြသည်။ အများကြီးစားသည်။ ပြီးတော့ရောဂါပေါင်းစုံဖိတ်ခေါ်သည်။ ကျွန်တော့်အဘိုး၏ အစ်မ အဘွားသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် မွေးနှစ်တူသည်။ ယခု ၁၀၁ နှစ်အထိ သက်ရှည်ကျန်းမာနေဆဲပါ။ ဗိုလ်ချုပ်အောင်ဆန်း ရွှေတိဂုံမှာ မိန့်ခွန်းပြောတာ ခုထိပြောပြတုန်း။ အဘွားရဲ့နည်းက ရှင်းရှင်းလေး ငယ်စဉ်ကတည်းက အစားကို ရိုးရိုးနဲ့ နည်းနည်းလေးစားသည်။ သူစားသည့် ထမင်းဟင်းက အရသာသိပ်မရှိလှပါ။ ပြီးတော့လှုပ်လှုပ်ရှားရှားနေသည်။

၂။ ကျန်းမာရေးအတွက် စိတ်ဖိစီးမှုတွေကိုလည်း စိတ်ထဲပျော်အောင်နေခြင်းဖြင့် လျှော့ရမည်။ ကျွန်တော်သင်္ဘောတွင် အလုပ်ချိန်ပြင်ပ နားနေချိန်တွေမှာ စနောက်နေကြခြင်းကို လွတ်လပ်စွာခွင့်ပေးထားသည်။ ကိုယ်တိုင်လည်း စိတ်ဖိစီးမှုလျှော့ပါသည်။ ထိုအခါ အထက်ကရောဂါတွေ ကာကွယ်ပြီးသားဖြစ်သွားသည်။

၃။ အစားအသောက်က ဆန်းဆန်းပြားပြား အရသာကောင်းအောင် နည်းမျိုးစုံဖြင့်လုပ်ကြသည်။ ဒါကို သေချာစဉ်းစားပြီး စားသင့် မသင့်ချင့်ချိန်ရမည်။ ဥပမာ အကင်ဆိုလျှင် အပြင်ဘက် မီးကျွမ်းနေတာတွေဖယ်ပြီး အတွင်းဘက်ကအသားတွေစားလို့ရသည်။ နောက်ဆုံးအိမ်တွင် စားကြသောဟင်းချိုနှင့် ချဉ်ရည်ဟင်းများပင်လျှင် ငံပြာရည် သိပ်မထည့်သင့်ပေ။ နောက်ပြီးအဆီတွေက များများစားတာမကောင်း။ အသင့်အတင့်သာ စားရမည်။ ဥပမာဆိုရသော် ကိုယ့်အိမ်ကဟင်းကိုပင်လျှင် အဆီ၊ အငန်၊ အချို၊ အစပ်လျှော့လေ ကောင်းလေဖြစ်သည်။ ဆိုင်မှာစားလည်း အချို၊ အငန်၊ အစပ်လျှော့ပါဟု မှာစားရပါမည်။ ရှက်စရာမဟုတ်ပါ။ ရှက်စရာဟုယူဆပါကလည်း ခုကိစ္စက အရှက်နဲ့ အသက်ပြောင်းပြန်လဲရမည်ဖြစ်သည်။ အဆီ၊ အချို၊ အငန်၊ အစပ်လျှော့ပါဟု ရှက်မနေဘဲမှာ စားလျှင်အသက်ရှည်မည်ဖြစ်သည်။ “ဒီလိုဆိုဗိုက်ဆာနေရင် ဘာများများစားရမလဲ”ဟင်းသီးဟင်းရွက်ကို ရေစင်စင်ဆေးပြီးစားရပါမည်။ ဒါတောင် သဘာဝမဟုတ်သော ဟင်းသီး၊ ဟင်းရွက်တွေကြောင့် ရောဂါတွေဖြစ်နိုင်သေးသည်။ သို့သော် တခြားစားစရာတွေထက်ရောဂါဖြစ်နိုင်ခြေနည်းပါသည်။ ထို့အပြင် အရေးကြီးတစ်ချက်မှာ ရေများများသောက်ရမည်ဖြစ်သည်။

၄။ ဤသို့ဆိုလျှင် ရဟန်းသံဃာတော်များ၊ သူများချက်ကျွေးတာစားရသော ကျွန်တော်တို့ သင်္ဘောသားများသည် မည်သို့စားသောက်ရမည်နည်း။ ကျွန်တော်ကတော့ ဒီအတွက်သိပ်အားနာမနေပါ။ အသားဟင်း၊ အသီးအရွက်၊ ဟင်းချိုနှင့် တို့စရာတို့တွင် အချို၊ အငန်၊ အစပ်များလျှင် မစားပါ။ အချို၊ အငန်၊ အစပ်ပါသော ဟင်းခွက်ကိုမစားဘဲ မပါတာစားသည်။ တခြားအဆင်ပြေတာ စားလိုက်သည်။ ယခုငယ်စဉ်အရွယ်ကတည်းက ရှောင်သင့်တာရှောင်ထားမှ ကြိုတင်ကာကွယ်နိုင်ကြမည်။ ရဟန်းသံဃာတော်တို့ အနေဖြင့်လည်း ဆွမ်းထဲမှ အငန်၊ အစပ်၊ အချိုပါလျှင် ဖယ်ပြီးဘုန်းပေးသင့်ပါသည်။

၅။ “ဒို့တော့ ဘာမှမဖြစ်ဘူး ဖြစ်လာမှ ဓာတ်စာတွေနဲ့ ဆေးသောက်လိုက်မည်ဟု မယူဆကြပါနှင့်” ဓာတ်စာမှန်သမျှနှင့် ဆေးမှန်သမျှ ဘေးထွက်ဆိုးကျိုးရှိသည်ချည်းဖြစ်သည်။

၆။ မြန်မာနိုင်ငံသားတိုင်း လူတိုင်း အသက်ရှည်ကျန်းမာဖို့ တာဝန်ကိုယ်စီရှိသည်။ သို့မှသာ ပဉ္စမနိုင်ငံတော် တည်ထောင်နိုင်ကြမည်ဖြစ်ကြောင်း အကြံပြုအပ်ပါသည်။

## JICA အကူအညီဖြင့် ဆေးရုံတိုးချဲ့အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှုအခြေအနေ ကယားပြည်နယ်ဝန်ကြီးချုပ် သွားရောက်ကြည့်ရှုစစ်ဆေး

**လွိုင်ကော် စက်တင်ဘာ ၂၅**

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လူတိုင်း လက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ် ဖြစ်စေရေး၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ဆေးကုသမှုလုပ်ငန်းများအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ၊ အခြေခံအဆောက်အအုံများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိရာ ကယားပြည်နယ် လွိုင်ကော်ဆေးရုံကြီးအတွင်း JICA အကူအညီဖြင့် ဆောက်လုပ်ပြီးစီးတော့မည့် ဆေးရုံတိုးချဲ့ အဆောက်အအုံသစ်များ၏ တည်ဆောက်ပြီးစီးမှု အခြေအနေအား စက်တင်ဘာ ၂၁ ရက် ညနေပိုင်းက ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် နီးနွှယ်ဌာနဆိုင်ရာများမှ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်းသိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား The Project for Improving Loikaw General Hospital in Kayah State (လွိုင်ကော် ဆေးရုံကြီးအဆင့်မြှင့်တင်ရေးစီမံကိန်း) မှ စီမံချက်မန်နေဂျာ Mr. Takashi Yoshimura၊ တာဝန်ခံအင်ဂျင်နီယာ Mr. Eizo Nagasawa နှင့်အဖွဲ့မှ လိုက်လံ ရှင်းလင်းပြသခဲ့ပြီး ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်က သိလိုသည်များအပေါ် ဖြည့်စွက် ရှင်းလင်းတင်ပြခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်သည်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လွိုင်ကော်ပြည်နယ်ဆေးရုံကြီးရှိ အထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံ၍ ကယားပြည်နယ်အတွင်း လာရောက်၍ တာဝန်ထမ်းဆောင်နေကြသော အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ ကျွမ်းကျင်ဝန်ထမ်းများအား ပြည်နယ်ကိုယ်စား အထူးကျေးဇူးတင်ပါကြောင်း၊ မိမိတို့ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် ပြည်နယ်တစ်ခု ဖြစ်သည့်အတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အဆင့်အတန်းမြင့်မားလာရေး ဆရာဝန်ကြီးများ၏ ကြိုးစားဆောင်ရွက်ပေးမှုများသည် ပြည်နယ်အတွက် အလွန်အရေးကြီးပါကြောင်း၊ လွိုင်ကော်ဆေးရုံကြီး၏ ကောင်းသတင်းများကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ဆေးရုံအုပ်ကြီး၏ ဦးဆောင်မှု ဖြင့် အားလုံးစည်းလုံးညီညွတ်စွာ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအတွက် ဆက်လက်ကြိုးစား ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့ပြီး ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၏ တင်ပြမှုများအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ တိုးချဲ့ဆေးရုံ အဆောက်အအုံသစ်များအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် Japan International Coorporation Agency (JICA) တို့၏ သဘောတူညီမှုဖြင့် (၉-၂-၂၀၁၅) ရက်မှ စတင်တည်ဆောက်ခဲ့ကာ ဂျပန်ယန်းငွေ ၁၁၈၈ သန်း အသုံးပြုခဲ့ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်နေ့တွင် ဝန်ကြီးဌာနသို့ လွှဲအပ်မည်ဖြစ်ကြောင်း၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် လိုအပ်သော စက်ကိရိယာပစ္စည်းများ ဖြည့်ဆည်းတပ်ဆင်ပေးမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာလတွင် လူနာဆောင်များ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆောက်အအုံသစ်များအတွင်း အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ သွားနှင့်ခံတွင်းဌာန၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲဌာန၊ မျက်စိကုသဆောင်၊ ခွဲစိတ်လူနာဆောင်၊ ခွဲစိတ်ခန်းမကြီး၊ နား၊ နှာခေါင်း၊ လည်ချောင်းကုသဆောင်၊ ဖျားနာကုသဆောင်၊ သားဖွားမီးယပ်ကုသဆောင်တို့ ပါဝင်ဖွဲ့စည်းထားပြီး အတွင်းလူနာ ၁၆၀ ခန့် တက်ရောက်ကုသနိုင်မည့် အဆင့်မီဆေးရုံအဆောက်အအုံဖြစ်ကြောင်း၊ အဆောက်အအုံသစ်များ ဖွင့်လှစ်ပြီးပါက လွိုင်ကော်ဆေးရုံကြီး၏ ကုသရေးလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဒေသခံတိုင်းရင်းသားများ ပိုမိုစိတ်ကျေနပ်မှု ရရှိနိုင်မည်ဖြစ်ကြောင်း ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်က ပြောသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ချောင်းသာကမ်းခြေ သန့်ရှင်းသာယာလှပရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံ၏အထင်ကရ ပင်လယ်ကမ်းခြေခရီးစဉ်ဒေသတစ်ခုဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ ချောင်းသာကမ်းခြေ သန့်ရှင်းသာယာလှပရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ချောင်းသာကမ်းခြေ Hotel Ayarwaddy တွင် စက်တင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်ကြာပြုလုပ်ခဲ့သည်။



အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်၊ ချောင်းသာဟိုတယ်ဇုန်ဥက္ကဋ္ဌ ဦးကျော်ခိုင်တို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တိုင်းဒေသကြီးဝန်ကြီးများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးတာဝန်ခံ၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ချောင်းသာဒေသရှိ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဟိုတယ်ဇုန်တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ဒေသခံ ပြည်သူများအပါအဝင် စုစုပေါင်း ၁၃၀ ခန့် တက်ရောက်ခဲ့ကြကာ ချောင်းသာကမ်းခြေ သန့်ရှင်း သာယာလှပရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဖိတ်ကြားထားသော ပညာရှင်များဖြစ်ကြသည့် ဒေါက်တာချိုဝင်းမော်က Plastic or Foe၊ ဦးညွန့်ဝင်းနိုင်က Sustainability in Tourism Sector ၊ ဒေါက်တာကျော်စွာဦးက ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတု ပြောင်းလဲလာမှုဆိုင်ရာ ကျန်းမာရေးပြဿနာ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်းက Coastal Tourism ၊ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်ကြီးများအသင်းနှင့်စက်မှုလုပ်ငန်းရှင်များအသင်းမှ ဦးမောင်မောင်ဦး(ARCIA) က ချောင်းသာကမ်းခြေဒေသ စီးပွားရေးလုပ်ငန်းငယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေါ်ဝေဖြိုးမြင့်က တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းဖြစ်ထွန်းရေး၊ ဦးတေဇာအောင် ချောင်းသာကျေးရွာအုပ်ချုပ်ရေးမှူးက စနစ်တကျဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့စေရေး၊ ဒေါ်စန္ဒာသန့်က တန်းတူညီမျှခြင်းမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဆီသို့ စသည့်ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဦးကိုကိုကြီး (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)၊ ဒေါ်ဆွေဇင်ထိုက်၊ ဒေါက်တာ ဦးထွန်းလွင် (မိုးလေဝသနှင့် ဇလဗေဒပညာရှင်)၊ ဒေါက်တာထွန်းထွန်းနိုင် (ချောင်းသာတိုက်နယ်ဆေးရုံ)တို့ကလည်း သက်ဆိုင်ရာခေါင်းစဉ်များဖြင့် အသီးသီး ဟောပြောဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များအပေါ် အစုအဖွဲ့များခွဲကာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

၂၀၁၆ခုနှစ် စက်တင်ဘာ ၁၈ ရက် ညနေပိုင်းတွင် ချောင်းသာဟိုတယ်ဇုန် အတွင်းရေးမှူး ဦးမင်းကျော်ဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ အလုပ်ရုံဆွေးနွေးပွဲကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

**ကြေးမုံ**



## ကျောင်းသား၊ ကျောင်းသူများမှတစ်ဆင့် မိဘပြည်သူများထံသို့ အမှိုက်စွန့်ပစ်မှု အမူအကျင့်ကောင်းများရရှိစေရန် အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ကျောင်းသား၊ ကျောင်းသူလေးများမှတစ်ဆင့် မိဘပြည်သူများထံသို့ အမှိုက်စွန့်ပစ်မှုနှင့်စပ်လျဉ်း၍ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု၊ အမှိုက်လျှော့ချမှုနည်းလမ်းများနှင့် အနာဂတ်ကာလ၌ အမှိုက်များအား စွမ်းအင်အဖြစ် အသုံးချရန် စီမံဆောင်ရွက်နေမှုများအား သိရှိစေရန်နှင့် ဌာနမှ မိဘပြည်သူများအတွက် အမှိုက်နှင့်ပတ်သက်၍ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး စီမံဆောင်ရွက်နေမှုများကို စက်တင်ဘာ ၂၃ ရက် နံနက်က တောင်ဥက္ကလာပမြို့နယ် အ -ထ -က ၂ သို့ လာရောက်၍ အသိပညာပေးဟောပြောခဲ့ကြသည်။

ဒုတိယဌာနမှူး ဦးစောဝင်းမောင်က အဖွင့်အမှာစကားပြောကြားပြီး လ/ထဌာနမှူး ဒေါက်တာခင်နှင်းအေးက အမှိုက်စွန့်ပစ်မှု အမူအကျင့်ကောင်းများနှင့် အမှိုက်လျှော့ချရန်နည်းလမ်းကောင်းများအား ရှင်းလင်းပြောကြားကာ အမှိုက်ခွဲခြားစွန့်ပစ်မှု သရုပ်ပြခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူလေးများမှ ကိုယ်တိုင်ပါဝင်ယှဉ်ပြိုင်ကာ ဂိမ်းကစားခဲ့ကြသည်။

"ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက ကျောင်းသား၊ ကျောင်းသူလေးတွေကို အမှိုက်စွန့်ပစ်တဲ့ အမူအကျင့်ကောင်းတွေ ရရှိအောင် အသိပညာပေးတာ မိဘတွေကိုယ်စား ကျေးဇူးတင်ပါတယ်။ ဘာလို့လဲဆိုတော့ အနာဂတ်ကာလမှာ တိုင်းပြည်အတွက် စည်းကမ်းပြည့်ဝတဲ့ သားကောင်းရတနာလေးတွေ ဖြစ်ထွန်းလာကြမှာဖြစ်ပါတယ်" ဟု ကျောင်းအုပ်ဆရာကြီးဦးသံဒိုင်က ပြောသည်။

ဆက်လက်၍ ကျောင်း၌အသုံးပြုရန်အတွက် အမှိုက်ပုံးကြီးနှင့် အမှိုက်အိတ်များအား ရန်ကုန်အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ခရိုင်မှူး ဦးသက်ဝေနှင့် တောင်ဥက္ကလာပမြို့နယ် သန့်ရှင်းရေးတာဝန်ခံ ဦးသူရဝင်းတို့က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးဦးသံဒိုင်မှ လက်ခံ၍ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဌာနမှူး ဦးစောဝင်းမောင်နှင့် တာဝန်ရှိသူများ၊ တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာန လ/ထဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၇၇၀ တို့ တက်ရောက်ခဲ့ကြသည်။ **၅၉၇**

# အမြန်လမ်းတွင် သတ်မှတ်မြန်နှုန်းထက်ပိုမောင်းသည့် ယာဉ်အစီးရေ ၇၀၀ ကျော်အား ဖမ်းဆီးအရေးယူထား

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် စက်တင်ဘာ ၁ ရက်မှစ၍ သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ်များအား အမြန်နှုန်းတိုင်းကိရိယာဖြင့် ဖမ်းဆီးလျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ ၂၂ ရက် အထိ စုစုပေါင်း ယာဉ် ၇၁၁ စီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

"ဒီရက်ပိုင်းမှာ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်တဲ့ကားတွေကို အရေးယူဆောင်ရွက်မှုတွေရှိတော့ တစ်ရက်ထက်တစ်ရက် ဖမ်းဆီးရရှိမှုအခြေအနေက လျော့ကျလာပါတယ်။ ဖမ်းဆီးရရှိထားတဲ့ကားတွေထဲမှာဆိုရင် ခရီးသည်တင်ယာဉ်အချို့လည်း ပါဝင်နေတာကို စိစစ်တွေ့ရပြီး ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းတွင် သတ်မှတ်မိုင်နှုန်းထက် အရှိန်ပြင်းမောင်းနှင်သည့် ယာဉ်များကို စက်တင်ဘာ ၁ ရက်ကစ၍ ဖမ်းဆီးခဲ့ရာ ကိုယ်ပိုင်ယာဉ် ၆၈၇ စီးနှင့် ခရီးသည်တင်ယာဉ် ၂၄ စီးဖမ်းဆီးရရှိထားပါတယ်"ဟု အမြန်လမ်းယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

"ဖမ်းဆီးရမိတဲ့ နေရာတွေကတော့ နေပြည်တော်မှာ ၆၂၃ စီးမိတယ်။ ၅၂၄ စီးကတော့ တရားစွဲဆိုပြီးပြီ ၁၈၈ စီးကျန်တယ်။ အမှတ်(၃) လမ်း ရဲတပ်ဖွဲ့ကနေ ၈၈ စီးဖမ်းမိတယ်။ အစီးရေ ၅၀ တရားစွဲဆိုပြီးပြီ အမှု ၃၈ မှုတော့ကျန်တယ်" ဟု အမြန်လမ်းရဲတပ်ဖွဲ့မှ ရဲမှူးရန်နောင်မင်းက ပြောသည်။

အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်မိုင်နှုန်း တစ်နာရီမိုင် ၆၀ (ကီလို ၁၀၀) အထက် ပိုမိုအရှိန်ပြင်းမောင်းနှင်သည့် ယာဉ်များကို ဖမ်းဆီးစစ်ဆေး၍ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ယာဉ်စည်းကမ်းထိန်းသိမ်းရေး တရားရုံး၌ ကားတစ်စီးလျှင် ဒဏ်ငွေကျပ် ၅၀၀၀၀ဖြင့် ဒဏ်ငွေရိုက်အရေးယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါသတ်မှတ်မိုင်နှုန်းထက် အရှိန်ပိုမောင်းနှင်သည့် မော်တော်ယာဉ်များကို အရှိန်နှုန်းတိုင်းကိရိယာဖြင့် သာဂရအမြန်လမ်းမကြီးရဲစခန်း၊ ပန်းတင်အမြန်လမ်းမကြီးရဲစခန်း၊ သီးကုန်း အမြန်လမ်းမကြီးရဲစခန်း၊ ပြင်စည်အမြန်လမ်းမကြီး ရဲစခန်း၊ ဘောနက်ကြီး အမြန်လမ်းမကြီး ရဲစခန်း၊ မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်း၊ ဘောနီအမြန်လမ်းမကြီး ရဲစခန်း စသည့် နေရာခုနစ်ခုတွင် ဖမ်းဆီးအရေးယူခြင်းဖြစ်ကြောင်းသိရသည်။

အမြန်လမ်း ယာဉ်ထိန်းရဲတပ်ဖွဲ့က အမြန်လမ်းပေါ်တွင် မောင်းနှင်လျက်ရှိသော မော်တော်ယာဉ်များအားလုံးကို ရက် ၁၀၀ စီမံချက်အတွင်း ပညာပေးမှုအကြိမ်များစွာ ပြုလုပ်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှစ၍ ဖမ်းဆီးအရေးယူခြင်းဖြစ်သည်။

**(၀၂၇)**

## ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း၌ လူမှုဘဝဆိုင်ရာ အသိပညာပေးဟောပြော

**ပုလဲ စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ စက်တင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီက တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့ဟောပြောပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်က အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်မြင့်သန်းက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်သင်းသင်းစိုးက လူကုန်ကူးမှုအန္တရာယ်ကြိုတင်ကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့သည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်က ပုလဲမြို့နယ်အမျိုးသမီးရေးရာအဖွဲ့သို့ ငွေကျပ် ၁၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မာက လက်ခံရယူခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ယင်းမာပင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးလွင်နှင့် အဖွဲ့ဝင်များ၊ ပုလဲမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ရင်သားကင်ဆာအကြောင်း သိကောင်းစရာများ၊ သားဆက်ခြားနည်းအကြောင်း သိကောင်းစရာများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ၊ သားအိမ်ခေါင်းကင်ဆာအကြောင်း သိကောင်းစရာများ၊ သွေးလွန်တုပ်ကွေးအကြောင်း သိကောင်းစရာများ၊ စာသုံးဆီအကြောင်း သိကောင်းစရာများ၊ အမျိုးသမီးများ သိမှတ်ဖွယ်ရာ၊ ကျန်းမာရေးအကြောင်း သိကောင်းစရာများနှင့် ပတ်သက်သည့် ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## ရဲဘော်ကျွန်းကျေးရွာတွင် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**အင်္ဂပူ စက်တင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ရဲဘော်ကျွန်းကျေးရွာတွင် ရွာဦးကျောင်းဆရာတော်နှင့် ဦးမျိုးလွင်ဆွေ၊ ခေတ္တရာကိုအောင်အောင် ဦးဆောင်သော မြန်မာနိုင်ငံ ခြင်းအလှူခတ်အဖွဲ့က ငွေကျပ် ၇၅၀၀၀၀၀ တန်ဖိုးရှိ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို အဆောက်အအုံတည်ရှိရာ ရဲဘော်ကျွန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ စက်တင်ဘာ ၁၈ ရက်ကပြုလုပ်ခဲ့ကြောင်းသိရသည်။ **ကြေးမုံ**

## မိုင်းယောင်းမြို့နယ်တွင် ကြယ်ပဲစိုက်ပျိုးမှု နည်းစနစ် လက်တွေ့သရုပ်ပြ

**မိုင်းယောင်း စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် တောင်သူဦးနန်ခမ်း စိုက်ပျိုးထားသည့် ဝင်ငွေရသီးနှံဖြစ်သော ကြယ်ပဲစိုက်ခင်း ၁ ဒသမ ၅ ဧကကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စက်တင်ဘာ ၂၂ ရက်တွင် ကြည့်ရှုခဲ့သည်။

လက်ရှိအချိန် မိုင်းယောင်းဒေသတွင် ကြယ်ပဲတစ်ကီလိုကို ဒေသပေါက်ဈေးအရ မြန်မာငွေကျပ် ၁၅၀၀ နှုန်းဖြင့် ဝယ်ယူလျက်ရှိပြီး ကြယ်ပဲသည် နှစ်ရှည်သီးနှံဖြစ်သည့်အပြင် ဘိန်းအစားထိုး သီးနှံအဖြစ် စိုက်ပျိုးသင့်ကြောင်းနှင့် ကြယ်ပဲစိုက်ပျိုးပုံနှင့် အပင်ပြုစုနည်းများကို တောင်သူများသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်မိုးက လက်တွေ့သရုပ်ပြ ရှင်းလင်းပေးခဲ့သည်။

**အားချာ(ပြန်/ဆက်)**

# အိမ်မဲမြို့နယ် ကလေးသူငယ်အခွင့်အရေးကော်မတီနှင့်ရပ်ရွာကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့်အကြံပြုတိုက်တွန်းရေးအဖွဲ့ တွေ့ဆုံဆွေးနွေး

**အိမ်မဲ စက်တင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ် ကလေးသူငယ်အခွင့်အရေးများကော်မတီနှင့် ရပ်ရွာ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် အကြံပြုတိုက်တွန်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အဆင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး World Vision Myanmar (အိမ်မဲ)စီမံကိန်းမန်နေဂျာ စောလေဒိုထူးက ကလေးသူငယ် အကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအမှုကိစ္စများကို တုံ့ပြန်ဖြေရှင်းရန် ကြိုတင်ပြင်ဆင်သည့်အစီအစဉ်များကို World Vision Myanmar (အိမ်မဲ) မှ ဦးငြိမ်းချမ်းစိုးက ရှင်းလင်းတင်ပြခဲ့ပြီး ရပ်ရွာကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် အကြံပြု တိုက်တွန်းနှိုးဆော်ရေးအဖွဲ့ဝင်များက ရပ်ရွာအတွင်းဖြစ်ပွားနေသော ကလေးသူငယ်အခွင့်အရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပြဿနာများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသည့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားရှင်းလင်းခဲ့ကြသည်။



အဆိုပါအခမ်းအနားသို့ မြို့နယ်အဆင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဝင်များ၊ ရပ်ရွာကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးကော်မတီဝင်များနှင့် ပြည်သူ ၁၀၀ ကျော် တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**


နာချင်ရာ နာစမ်း . . .
WORKS WHEREVER IT HURTS.
TIGER BALM®
TIGER BALM®
3 PLASTERS 三片装
COOL 清涼
TIGER BALM PLASTER
虎標鎮痛藥布
For long lasting relief of
• Muscular Aches and Sprains
• Contusion
• Muscular Fatigue
• 有效持久地减轻肌肉疼痛和扭伤、挫伤及肌肉疲劳。
Tiger Balm Plaster - Cool သည်
ထိခိုက်နာကျင်မှုများ၊ ကြွက်သားဒဏ်ဖြစ်ခြင်းများအတွက်
အသုံးပြုရန် အထူးသင့်လျော်ပါသည်။
Myanmar Reg No. R1907AA1733
TIGER BALM®
WARM 温感
TIGER BALM PLASTER-RD
虎標鎮痛藥布-RD
For long lasting relief of
• Muscular Pains
• Stiff Shoulders
• Back Pain
• 有效持久地减轻肌肉疼痛、肩肌僵直及背痛。
Tiger Balm Plaster - Warm သည်
ကြွက်သားနာကျင်ခြင်း၊ ဇက်ခိုင်(ဦးလွဲ)ခြင်းနှင့်
ခါးနာခြင်းဒဏ်ရာများအတွက် အသုံးပြုရန်
အထူးသင့်လျော်ပါသည်။
Myanmar Reg No. R1907AA1734
ထိခိုက်နာကျင် ခါးနာခြင်းများအတွက် အကောင်းဆုံး
TIGER BALM PLASTER

# ကြော်ငြာ


ရွှေအမှတ်တရ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

ဘုရားဖူးခွင့်၌ အထူးအမှတ်တရ အထူး Promotion

(၁၄)ညအိပ် (၁၅) ရက်ခရီးစဉ်–(၉,၅)သိန်း–သံဝေဇနီယလေးဌာန ၊ အဝိဝဟိတလေးဌာန ၊ အာဂရာ၊ နယူးဒေလီ၊ Shopping –အာဂရာ နှင့် နယူးဒေလီတွင် hotel ၌ တည်းခိုရန် စီစဉ်ပေးထားပါသည်။

Ph : 01 - 295336 , 09 -5142759, 09-977299649 , 09 782777721, 09 782777723

Email: goldenmema2016@gmail.com

သုခလမ်းညွှန် Travels & Tours
Scania ကားဖြင့်နေ့ချင်းပြန်ခရီးစဉ်များ
ပေလီနေ့စဉ် VIP သွားပြန် ၄၂၀၀၀
ချောင်းသာ နေ့စဉ် VIP သွားပြန် ၂၂၀၀၀
ကျိုက်ထီးရိုးနေ့စဉ် VIP နှစ်ထပ်ကားသွားပြန်
အောက်ထပ်-20000/ ပေါ်ထပ်-15000
Phone-09-252929722/ 33/ 44/ 55/ 66

RUBY ကားစီးလိုးငှားသည်
519100
09-51-77212, 535100

Asia Top မှ အင်းလေးဖောင်တော်ဦးဘုရားပွဲတော်
▲ တောင်ကြီး၊ အင်းလေး(ရွှေအင်းတိန်)၊ ပင်းတယ၊ ကုံလုံ၊ ကလော
▲ ပုဂံ(ဖွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ–သီဟိုဠ်ရှင်၊ သရက္ခန်ဘုရား
▲ ထားဝယ်၊ ရှင်ကိုးရှင်၊ ဖျော်ရစ်၊ မောင်းမကန်၊ ကမ်းခြေ၊ ကျိုက္ကမီ၊ ဖက်စ
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ(မင်းကွန်း)
▲ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
098635520,0949764458,0943164118

Possible Travels & Tours
သီတင်းကျွတ်အားလပ်ရက်ခရီးစဉ်များ
VIP Normal Oct 14
Oct 14
Oct 14
Oct 14
Sep 24, Oct 1,8,15,22,29
Sep 24, Oct 1,8,15,22,29

အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

DADDY (ဒယ်ဒီ) Travels & Tours
ငွေဆောင်
(၂ညအိပ်/၃ရက်)
(Oct 14 ထွက်မည်)
Ph:09-448001903

ရခိုင်ပြည်ဘုရားဖူးခရီး ကောင်းထက်ဝင်းအဖွဲ့
ကျောက်တော်မဟာမြတ်မုနိဘုရား၊ မြောက်ဦးဘုရားပုထိုးများ၊ ငပလီကမ်းခြေ 220000/ (14-10-16) (သီတင်းကျွတ်)ထွက်မည်။
Ph:09 448003431,0949660481,09 798860461

TRIWAVE Travels & Tours
09-4545 80003
09-4545 80004
သီတင်းကျွတ် Oct 14-17 မန္တလေး-မင်းကွန်း-ပြင်ဦးလွင် (105000 Ks)
Oct 14-17 တောင်ကြီး-အင်းလေး-ပင်းတယ (125000 Ks)
Scania Coach + Hotel + Restaurant Packages







STARFISH Education
KAPLAN Certified Education Provider
ရည်မှန်းချက်ကြီးမားသူများနှင့် အမှတ်ကောင်းလိုသူများအတွက်
နှစ်ပေါင်း (၇၀) ကျော် ကြာရပ်တည်နေသော ကမ္ဘာ့အဆင့်မီ Kaplan Test Prep ၏
Foundation (IELTS/TOEFL)
IELTS Test Preparation Course
TOEFLTest Preparation Course
October တန်းခွဲသစ်များအတွက် စာရင်းပေးသွင်းလက်ခံပြီ
GENERAL ENGLISH
Mon ~ Fri တန်းခွဲသစ်များ Sep (26) ဖွင့်မည်။
Sat & Sun တန်းခွဲသစ်များ Oct (22) ဖွင့်မည်။
09 799905715
09 253179825
No. (3-B), Power Condo, Insein Road, Hledan, Kamaryut Township, Yangon, Myanmar
Ph: 09777264230, 09777264231
Website: www.starfishkcep.com.mm

ဦးအောင်ဟိန်းကျော်
အတန်းအားလုံးစာအုပ်(လုံး၀) မကိုင်ဘဲသင်သည်
•Translation
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော သင်တန်း
•နိုင်ငံခြားသားများနှင့် လေ့ကျင့်သည်
• အင်္ဂလိပ်စကားပြော(Vol: 1,2,3,4) • ရေးနည်း(Pre., Vol: 1,2,3)
•392468 09517184l
၁၆၇၊ ၃ထပ်၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ လသာ၊ ရန်ကုန်

နိုင်ငံတကာ ဟိုတယ်ကြီးများ၊ သင်္ဘောလိုင်းများ၊ စားသောက်ဆိုင်များတွင် လုပ်ကိုင်လိုသူများအတွက်
Professional Food and Beverage Service Course Level II



နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာများကိုယ်တိုင် လေ့ကျင့်သင်ကြားပေးပါသည်။
လျှောက်လွှာပိတ်ရက် (၁၀.၁၀.၂၀၁၆)
STAR ACADEMY
Star Academy အမှတ်(၂၆၇)၊ အခန်း(၂၀၂)၊ ပြည်လမ်း (ဒဂုံစင်တာ ၂ ရှေ့)၊ စမ်းချောင်း၊ ရန်ကုန်။
ဖုန်း- ၀၁ ၅၂၃ ၂၀၀၊ ၂၃၀ ၄၀ ၂၀၊ ၂၃၀ ၄၀ ၂၁၊ ၀၉ ၅၀ ၂၀ ၃၀၂ website - www.star-resourcesacademy.com

## မိဘအမည်မှန်

ပြင်ဦးလွင်မြို့၊ ကိုယ်ပိုင်စာသင်ကျောင်း (စာပန်းအိမ်)န၀မတန်းမှ မဧပရယ်ပွင့် [၉/မကန(နိုင်)၁၅၄၄၇၄]၏ မိဘအမည်မှန်မှာ ဦးမောင်မောင်အောင်(ခ) ဦးဂါနေစေ [၉/မကန(နိုင်)၀၆၅၉၄၇] - ဒေါ်ခင်ဝင်းကြည်(ခ)မဒီးလ်မာယာ [၉/မကန(နိုင်)၀၆၅၉၄၉] ဖြစ်ပါသည်။

ဦးမောင်မောင်အောင် - ဒေါ်ခင်ဝင်းကြည်

ဦးရဲမင်းဝိုင်(သင်္ချာ)ဆယ်တန်း ၅ လပြတ်
ဘကြောင်းဘမျိုးမျိုးကြောင့်ယခုမှစတင်လေ့လာမည့်သူများအတွက် ဂုဏ်ထူးဖြင့် အောင်မှတ်ရရန် အကောင်းဆုံးကြိုးစားသင်ကြားပေးပါမည်။
(၁၀)ဦး ဘာသာစုံစာသင်ဝိုင်း၊ နေ့စဉ်တက်ရမည်(လစဉ် ၇၅၀၀၀)
ညနေတန်းခွဲ ၅း၀၀/၇း၀၀ (လစဉ် ၄၀၀၀၀)
၀၉၇၃၁၆၁၁၄၀/၀၉၄၂၀၁၂၉၃၃၃
ဂတန်း၊ သင်္ချာ/အင်္ဂလိပ်စာ တန်းခွဲသစ်
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်

SAYA-TONY အင်္ဂလိပ်စကားပြန်ဟောင်း၊ ဘာသာပြန်ဆရာ (SHELL)ဦးဗိုးသော
OBF Language and Business Institute
IELTS: IELTS, UKVI, IELTS life Skills A1 & B1
*IELTS Exam Camp for Oct, Nov & Dec Test-takers
* Elementary Spoken English (ESE)
* Intermediate General English (IGE)
* Basic Grammar & Translation Course (BGT)
* 5-Skill Professional Development (5-SPD)
ICM Approved Centre ICM
ICM(UK) Single Subject Management Diploma

| Ses | Courses |
|---|---|
| A. | Business Management and Administration (Dip BMA) |
| B. | Marketing Management (Dip MM) |
| C. | Human Resources Management (Dip HRM) |
| D. | Logistics & Supply Chain Management (Dip LSCM) |
| E. | Financial Management (Dip FM) |
| F. | Debate & Leadership Development (Cert DLD) |
| G. | Organizational Development & Change (Dip ODC) |
| H. | English Course For Business Communication (Cert) |

Bld. No. 200/208, 5th Floor, 35th St., Kyauktada Township, Yangon, Myanmar.
Tel : (95-1) 249178 HP:09 5061343, 09 513 8867, 09 448000410

ဘဏ် / Show Room ဖွင့်ရန် ပြည်လမ်းမတမ်း ငှားရန်ရှိသည်။
ပြည်လမ်းမတမ်း ၈ မိုင်၊ မရမ်းကုန်း ၄၅ ပေ × ၇၅ ပေ နှစ်ထပ်တိုက် ငှားရန်ရှိသည်။
(ငှားမည့်သူသာဆက်သွယ်ရန်။ ပွဲစားမလို)
ဆက်သွယ်ရန် - 09 43999888

Holiday အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း
၂၀၁၆ - အောက်တိုဘာလ (၃) ရက်နေ့ ဖွင့်မည်
(နယ်ဝေးကျောင်းသား / သူများအတွက် နေရေးထိုင်ရေးစီစဉ်ပေးမည်။)
အမှတ် ၄၉ (စ)၊ သာစည်လမ်း၊ ၁၀ ရပ်ကွက်၊ ထန်းခြောက်ပင်မှတ်တိုင်အနီး၊ ရွှေပြည်သာမြို့နယ်။
၀၉-၄၂၂၂၀၆၁၅၇၊ ၀၉-၄၂၂၂၀၆၁၅၈၊ ၀၉-၃၂၁၀၄၇၈၁

Your Best Document Solution Provider
PRIME-BOSS
Rental & Leasing Available
A4 Color MFP MX-C300F
Std : Fax/ Network Print/ Color Scan/ PS3
Digital Full Color MFP System MX-2614N
• Color LCD Touchpanel
• Std: Color Copy/ Network Print/ Network Color Scan
• USB Memory Print/Scan to USB
Special Gift 40" LED TV
Digital MFP System AR-6020
Std : Copy/ Print/ Color Scan
Special Price 850,000 KS



* All Photos Shown with Option
Prime - Boss Company Limited
Yangon Office : G-7, MGW Tower, Bo Aung Kyaw Street, Botataung Township, Yangon. Tel : 01 256644, 256508 Fax -01 256158
Naypyitaw - Tel: 067-421393 Mandalay - Tel: 09-91023841 Email: sales@primeboss.com.mm
Since 1996

Number One Directory in Myanmar
The YANGON DIRECTORY



(Android, ios, )
၂၀၁၇ အတွက် ကြော်ငြာထည့်သွင်းရန်နောက်ဆုံးရက်မှာ (၃၀.၉.၂၀၁၆)
လူဦးရေအများဆုံး အသုံးပြုတဲ့လမ်းညွှန်
ကြည့်ရှုသူအများဆုံး online လမ်းညွှန်
ဖုန်းတိုင်းမှာ သုံးနိုင်တဲ့လမ်းညွှန်
ဘာပဲလိုလို Everything U Need
SALES : 09-448001662 | yangondirectory.com

# ကြော်ငြာ


## NEW MOTION Travels & Tours

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ခရီးသွားသစ်လွင် ခရီးစဉ်

- ★ ဖောင်တော်ဦးဘုရားပွဲခရီးစဉ် Oct; 14
- ★ ကလော - လွိုင်ကော်ခရီးစဉ် Oct; 14
- ★ မန္တလေး ခရီးစဉ် Oct; 14
- ★ ထားဝယ် - ကန်ချနာပူရီခရီးစဉ် Oct; 15
- ★ ပုဂံ ခရီးစဉ် Oct; 14
- ★ ငွေဆောင်ကမ်းခြေအပန်းဖြေခရီးစဉ် Oct; 15

အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811



**ရွှေလမ်းခရီး ... မှ ကြိုက်ထီးဖိုး/ချောင်းသာ 09401589907,095124678,098627170**

- အင်းလေး၊ဖောင်တော်ဦးဘုရားပွဲ၊ရွှေအင်းတိန်၊တောင်ကြီး(တောင်ပေါ်တန်း)(မွေတော်ကက္ကူ)(ထမ်စမ်းလှိုဏ်ဂူ)၊ ပင်းတယ
- ကျိုက်ထီးရိုးဆွမ်းအိုးမျှော်ပွဲ၊ ဖားအံ၊ မော်လမြိုင်၊ ကျိုက်မရော၊ ဇက်ဆဲ၊ နွားလဘိုတောင် ★ ထားဝယ်ရှင်ကိုရှင်၊ ပျော်ရစ်၊ မောင်းမကန်ကမ်းခြေ
- ပုဂံ(ဓွယ်တော်လေးဆူ)(ပြည့်ဝါးပြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင်၊ ရွှေကူဘုရား(တံကဲ)၊ ရွှေတန့်တင်
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ မင်းကွန်း(ကြီးဂျကြီး)၊ ကျောက်စိမ်းဇေတီ (Oct 7, 14, 21)ထွက်မည်

(ထမင်းကျွေး၊ ကားခ၊ တစ်ဆင့်သွားကားခ/ ဇက်ခရေး၊ တည်းခိုခန်းခ စရိတ်ငြိမ်း) လက်မှတ်ရောင်း/ ဝင်းလှုံဖူး



## အရှေ့တိုင်းမင်းသမီး

အဆင့်မြင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း

ဖုန်း - ၀၉ - ...

**တန်မှတန် သီတင်းကျွတ်လပြည့်နေ့ခရီးစဉ်များ**

| | | |
|---|---|---|
| နေ့ချင်းပြန်ခရီးစဉ်များ | ၁၅-၁၀-၂၀၁၆/ အင်္ဂါနေ့ ဝေနေ့ညနေ | |
| □ပြည် - အကောက်တောင် - သရေခေတ္တရာမြို့ဟောင်း - ရွှေဆံတော် | (၃၅၀၀၀)ကျပ် | (၁၀ဦးလျှင် ၁ဦးအခမဲ့) |
| □မော်လမြိုင် - ဇင်းကြိုက်ရေတံခွန် - ကျောက်ပီရဟန္တာ | (၃၅၀၀၀)ကျပ် | (၁၀ဦးလျှင် ၁ဦးအခမဲ့) |
| ၂ည၃ရက် ခရီးစဉ်များ | ၁၄-၁၀-၂၀၁၆/ အင်္ဂါနေ့ သောကြာနေ့ည | |
| □ကလော၊ပြည်နယ် - လွိုင်ကော် - ဒီမောဆိုး - ကယန်းရွာ | (၁၂၀၀၀၀)ကျပ် | (၅ဦးလျှင် ၁ဦးအခမဲ့) |
| □မြဝတီ - မဲဆောက် (မြန်မာ/ ယိုးဒယားနယ်စပ်) | (၉၀၀၀၀)ကျပ် | |
| □မန္တလေး - ရွှေ - မိန်းမရဲသစင်မတောင် - မြသပိတ်ရေပြာဆိုင် | (၈၀၀၀၀)ကျပ် | |

၀ ရိတ် ငြိမ်း



## RELIEF INTERNATIONAL

**Public Tender Announcement**

Relief International (RI) is a humanitarian non-profit, non-political and non-sectarian organization that provides emergency relief, rehabilitation, and development services worldwide to vulnerable people affected by disasters and conflict.

**Relief International seeks a tender from qualified firms for the following:**

| # | Services sought | Closing date |
|---|---|---|
| 1 | Framework contract (12 months) for supply of Local (Domestics) Air Travel | October 17th 2016 5:00pm |

Tender document can be picked up from Tuesday, September 27th 2016 in hard copy from Relief International's office at the address below; or can be requested via email from the contact person below.

**Contact Person:** Daw Lin Lin Yu (Associate Logistics Manager), lin.yu@ri.org, Tel: +95 1 385002

**Yangon Office:** No.202, U Wisara Road, West Shwegonedine, Bahan Township,Yangon.



**မြန်မာကော်တွန်-ဘူမ္မာ**

- ✱ ခန်းဆီးလိုက်ကာပိတ် နှင့် Blinds မျိုးစုံချုပ်လုပ်ခြင်း။
- ✱ လိုက်ကာတန်း မျိုးစုံတပ်ဆင်ခြင်း
- ✱ Sofa, Cushion ဒီနိုင်းမျိုးစုံ ချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း။
- ✱ မွေ့ရာ အမျိုးမျိုးရောင်းချခြင်းနှင့်ပြုပြင်ခြင်း
- ✱ ခန်းဆီးလိုက်ကာ ပိတ်များကို လက်လီ/လက်ကား ရရှိနိုင်ပါသည်။

အမှတ်-(၁၂၀)၊ မဟာဗန္ဓုလလမ်းနှင့် (၅၇)လမ်းထိပ်၊ ရန်ကုန်မြို့။

Ph : 291317/202921/09-8627489



**zcif rnf**

မကွေးမြို့၊ အထက(၂)၊ ဒသမတန်း(D)မှ မထက်ထက်အောင်နှင့် နဝမတန်း(C)မှ မောင်ပြည့်ဖြိုးအောင်တို့၏ဖခင် အမည်မှန်မှာ ဦးကျော်မင်းခိုင် [၈/ပဖန(နိုင်)၀၈၅၆၉၆] ဖြစ်ပါကြောင်း။ ဦးကျော်မင်းခိုင်








FAME **Chitobit®**

Natural lipid inhibitor

သဘာဝအဆီကျဆေး

TMR 006204 (1115)

၂/၂၀၁၅ ဘေးအကလ (တိုင်) တော်ချ

ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified



FAME **SpiruGarlic®**

Natural cholesterol lowering

အဆီကျချော့ဆေး

TMR 006127 (0717)

၂/၂၀၁၅ ဘေးအကလ (တိုင်) တော်ချ

ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified



**ဒဂုံမြို့သစ်**

အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။

09-500 5916
09-730 97123



**selfie (ဆယ်လ်ဖီ) ရိုက်ရင်ပိုလှစေတဲ့မိတ်ကပ်**

**virosava® Brightening BB Balm**






- ✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
- ✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
- ✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
- ✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
- ✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

**ဖျံ-၅-ကောင်** အမှတ်တံဆိပ်

**သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို** တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဓါးခယ်မ) Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၄၊ ၃၉၂၉၉၄



**ajruluf;m; 0,fvSnf**

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံအရှေ့မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဖုန်း-၀၉-၂၆၀၆၆၄၄၈၀၊ ၀၉-၂၆၀၆၆၄၄၉၀

ကြော်ငြာ

## ဒေါ်လှလှ
### မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆) ပုသိမ်
### အသက်(၇၆)နှစ်

ပုသိမ်မြို့၊ ကုသိနာရုံရပ်ကွက်၊ အမှတ် (ခ/၇)နေ (ဦးထွန်းကြင်-ဒေါ်သန်း)တို့၏ သမီးကြီး၊ (ဦးဝင်းတင်-ဒေါ်ကျင်ပို)၊ ဒေါ်တင်တင်အေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်ချိုချိုတို့၏ အစ်မကြီးသည် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် နေပြည်တော် ကွေ့ကြီး သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ စေတီ၊ သိမ်၊ ကျောင်း အလှူ့ဒါယကာ၊
တေဇစက္ကိ ကမ္မဋ္ဌာန်းရိပ်သာကျောင်း၊ ပဓာန ဒါယကာကြီး

## ဦးခွေး(ခ)ဦးအောင်ကြည်
### အသက်(၉၀)

မြဝတီမြို့၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၈/၁၅)နေ (ဦးကျောက်ဝါး-ဒေါ်ဝမ်နာ)တို့၏ ဒုတိယမြောက်သား၊ ကျောင်းဒါယိကာမကြီး(ဒေါ်ရှုဘီ)၏ ခင်ပွန်း၊ (ဒေါ်စီ)၏မောင်၊ (ဦးခင်ကျော်)၊ ဒေါ်သိန်းကြည်တို့၏ အစ်ကို၊ ဒေါက်တာစိုးလွင်-ဒေါ်မြင့်ရီ၊ ဒေါ်ခင်ခင်အေး၊ ဦးကြည်လွင်-ဒေါ်ချိုချိုမြင့်၊ (ဦးငွေစန်း)၊ ဦးအောင်ချင်း-ဒေါ်ဝင်းဝင်းမြတ်၊ ဦးတင်အောင်-ဒေါ်သင်းသင်းမြတ်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးကိုးယောက်တို့၏အဘိုး၊ မြစ်ကိုးယောက်တို့၏ဘိုးဘိုးသည် ၂၃-၉-၂၀၁၆(သောကြာနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် မြဝတီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၉-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြသန်း(ဟသ်ာတ) (၉၁)နှစ်
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ်(၃၂/ခ)၊ ပထမထပ်နေ (ဦးဖိုးကဲ-ဒေါ်သိန်းလှ)တို့၏သား၊ (ဒေါ်ခင်မိမိ)၏ခင်ပွန်း၊ ဒေါက်တာသွဲ့သွဲ့-ဦးအောင်မြင့်၊ ဒေါ်နွဲ့နွဲ့-ဦးဆိုက်ရှင်း၊ ဒေါ်ကြူကြူသန်း၊ ဒေါ်ဖြူဖြူ-ဦးအောင်မြင့်၊ ဦးဝင်းမော်-ဒေါ်ဟုန်တို့၏မွေးသဖခင်၊ မြေးကိုးယောက်၊ မြစ် ၁၀ယောက်တို့၏အဘိုးသည် ၂၄-၉-၂၀၁၆(စနေနေ့) ည ၉း၁၅ နာရီတွင် အကယ်ဒမီအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၅-၉-၂၀၁၆ ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၆(သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြဟန်(မြောင်းမြ) (၈၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ ခြံအမှတ်(၂၆)၊ တိုက်(၁)၊ အခန်း(၁၁)နေ (ဦးဘိုးမြင့်-ဒေါ်ဒေါ်မိ)တို့၏သား၊ ဒေါ်သောင်းရွှေ၏ခင်ပွန်း၊ ဒုဗိုလ်မှူးကြီးအောင်မြင့်ဟန်(ငြိမ်း)-ဒေါ်ခင်မာမာ၊ (ဦးခင်ဇော်)-ဒေါ်ခင်ဆွေဟန် (မြန်မာ့အသံ-ငြိမ်း)၊ ဒေါ်ကြူကြူဟန် (အထက-၁၊ ဒဂုံ)၊ ဦးကျော်မြင့်ဟန်-ဒေါ်ရီရီမြင့်၊ (ဦးနိုင်လင်း)-ဒေါ်နီလာဟန် (ကထိက-ငြိမ်း၊ မြန်မာစာဌာန)၊ ဦးစိန်ဝင်းထွန်း-ဒေါ်သီတာဟန်တို့၏မွေးသဖခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၄-၉-၂၀၁၆(စနေနေ့) ညနေ ၅နာရီတွင် ရွှေဂုံတိုင် (S.S.C) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြဟန်(မြောင်းမြ) (၈၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ ခြံအမှတ်(၂၆)၊ တိုက်(၁)၊ အခန်း(၁၁)နေ ဒေါ်သောင်းရွှေ၏ခင်ပွန်း၊ (မဇင်သူဇာဟန်)၊ (မောင်ချမ်းမင်းဟန်)၊ မောင်ရဲမင်းအောင်-မလှမြတ်နွယ်၊ မောင်စိုးသီဟနိုင်-မနေခြည်နွေး၊ ဗိုလ်မှူးဖြိုးမောင်ကို-Dr.မေပွင့်ဖြူအောင်၊ မဆုမြတ်သဇင်၊ မဟန်နီကျော်၊ မောင်ရဲရင့်အောင်၊ မောင်အောင်ပြည့်ဖြိုးဟန်၊ မောင်အောင်ဖြိုးမင်းဟန်တို့၏ အဘိုးသည် ၂၄-၉-၂၀၁၆(စနေနေ့) ညနေ ၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်ရင်မေ(ခ)ဒေါ်ယဉ်ယဉ်မေ (၇၉)နှစ်
### (ညောင်ရွှေ၊ ရှမ်းပြည်နယ်တောင်ပိုင်း)

ညောင်ရွှေမြို့၊ မြို့လယ်ရပ်နေ (ဦးညွန့်ဖူး-ဒေါ်ချစ်မယ်)တို့၏ သမီး၊ (ဦးချစ်-ဒေါ်ချစ်)တို့၏သမီးချွေးမ၊ [ဦးရွှေထွန်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ တိမွေးကုဌာန)]၏ဇနီး၊ ဒေါ်မေသက်ထွန်း၊ ဦးရဲထွဋ်-ဒေါ်သီတာ၊ ဒေါ်အေးအေးထွန်း-ဦးကျော်သူ၊ ဒေါ်အေမီထွန်း-ဦးသန့်ဇော်ဦး၊ ဦးညီညီထွန်း-ဒေါ်မျိုးမျိုးနိုင်၊ ဦးမိုးဇော်ထွန်း(Capt;)-ဒေါ်လေးလေးရွှေတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီး သည် ၂၄-၉-၂၀၁၆(စနေနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၆(သောကြာနေ့) နံနက် ၈နာရီမှ ၁၁ နာရီအထိ (၃၀/၄၉)၊ မြရိပ်ညိုလမ်း၊ ရွှေပြည်သာမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အာနိုင်

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမောင်ကျော်စိန်(စစ်တွေ)
### အသက်(၈၃)နှစ်

စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ ရွှေသာလမ်း၊ အမှတ်(၈၇)နေ (ဦးသာကျော်ဦး-ဒေါ်မဂေါက်)တို့၏သား၊ (ဒေါ်စိန်ယဉ်နု)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးသန်းစိန်-ဒေါ်စိုးစိုးလှိုင် (လှပိုးဝါ-ရခိုင်လုံချည်ဆိုင်)၊ ဒေါ်မြမြသန်း-ဦးမောင်ထွန်းသိန်း၊ ဦးဥတ္တမ(ခ)ဦးမောင်အေးသန်း၊ ဒေါ်မူမူသန်းခိုင်-ဦးရွှေဝင်း (ညွှန်မှူး၊ မြို့ပြ၊ အိမ်ရာ)၊ ဦးသန်းအေးကျော်-ဒေါ်စမ်းစမ်းအေး၊ ဦးသန်းဌေး-ဒေါ်မတင်ရွှေ၊ ဦးလှမောင်သိန်း(ခ) မောင်ကာလာ(တူသား)တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုး၊ မြစ်နှစ်ယောက်၏ အဖိုးသည် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ဦးရွှေဝင်း-ဒေါ်မူမူသန်းခိုင် အမှတ်-အေ/၄၊ အိုးအိမ်အရာရှိအိမ်ရာ၊ ဗိုလ်ချုပ်လမ်း၊ ချမ်းမြေ့ဈေးအနီး၊ ဗိုလ်တထောင်မြို့နယ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှလှ
### မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆) ပုသိမ်
### အသက်(၇၆)နှစ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်ချိုချိုတို့၏ အစ်မကြီးဖြစ်သူ ဒေါ်လှလှ အသက် (၇၆)နှစ် မူလတန်းပြဆရာမ(ငြိမ်း) အထက(၆) ပုသိမ်သည် ၂၅-၉-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နှင့်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှလှ
### မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆) ပုသိမ်
### အသက် (၇၆)နှစ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်ချိုချိုတို့၏ အစ်မကြီးဖြစ်သူ ဒေါ်လှလှ အသက် (၇၆)နှစ် မူလတန်းပြဆရာမ(ငြိမ်း) အထက(၆) ပုသိမ်သည် ၂၅-၉-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက် မိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှလှ
### မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆) ပုသိမ်
### အသက် (၇၆)နှစ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်ချိုချိုတို့၏ အစ်မကြီးဖြစ်သူ ဒေါ်လှလှ အသက် (၇၆)နှစ် မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆) ပုသိမ်သည် ၂၅-၉-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁း၁၅ နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့်**
**ဝန်ထမ်းများ**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှလှ
### မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆) ပုသိမ်
### အသက်(၇၆)နှစ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်ချိုချိုတို့၏ အစ်မကြီးဖြစ်သူ ဒေါ်လှလှ အသက် (၇၆)နှစ် မူလတန်းပြဆရာမ(ငြိမ်း) အထက(၆) ပုသိမ်သည် ၂၅-၉-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့လွှတ်တော်ရုံး ဝန်ထမ်းမိသားစု**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမြတ်ဇင်(ကျိုက္ခမီ) (၈၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁) ရပ်ကွက်၊ ထူပါရုံ(၁၂)လမ်း၊ အမှတ် (၁၄၄၆)နေ ဒေါ်ကျင်လွမ်း၏ခင်ပွန်း၊ ဦးထင်အောင်ချို-ဒေါ်စန်းစန်းဝင်း၊ ဦးဇော်ဝင်း-ဒေါ်အေးအေးမိုး၊ ဦးမျိုးဆင့်အောင်-ဒေါ်ဝါဝါဘိုတို့၏ချစ်လှစွာသောဖခင်ကြီး၊ မောင်ဝင်းကိုကိုအောင်၊ မောင်မြတ်ကိုကိုဟိန်း၊ မယုယုဇော်တို့၏ အဘိုးသည် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မော်မော်ရီ (၅၇)နှစ်
### (မြို့နယ်သမဝါယမအသင်း၊ တ/ဥ)

(ဦးမောင်မောင်ရီ)-ဒေါ်တင်တင်လေးတို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇) ရပ်ကွက်၊ (၁၈)လမ်း၊ အမှတ် (၁၂၄၃)နေ ဦးတင်ရှိန်(စစစ-ငြိမ်း)၏ဇနီး၊ ဒေါ်ခင်ဝါဝါရီ၊ ဦးသံလွင်၊ ဦးမြင့်သန်းထွန်း-ဒေါ်ခင်မိုမိုရီ(စဥ့်ကူး)၊ ဦးကိုနိုင်-ဒေါ်ခိုင်သီတာ၊ ဒေါ်လွင်သီတာ၊ ဦးသက်ထွန်းခိုင်-ဒေါ်ယဉ်မင်းလှမြတ်ထွေး၊ ဦးစန်းယုဆွေ-ဒေါ်မေသက်နှင်းတို့၏အစ်မကြီး၊ မနှင်းဇာခြည်ဦး၊ မနှင်းဖြူဖွေးအောင်၊ မစုမွန်အောင်၊ မခင်သူဇာတင်တို့၏မိခင်ကြီး ဒေါ်ခင်မော်မော်ရီသည် ၂၅-၉-၂၀၁၆ ရက် နံနက် ၁း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး

## ဒေါ်နုကျင်(ပုသိမ်) (၇၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန် (၆)ရပ်ကွက်၊ တိုက်အမှတ် (C-C)၊ အခန်း (၀၄-၀၅)နေ (ဦးချုတုံး-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးအောင်ခ-ဒေါ်လှကြွေ)တို့၏သမီးချွေးမ၊ [ဦးမြင့်ဆွေ (တိုင်းတရားသူကြီး-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာစစ်တင်-ဒေါ်ချိုမော်အေး၊ ဦးကြည်ဆွေ(ညွှန်မှူး၊ ဆည်/ရေ)-ဒေါ်ခင်လေးလှိုင်၊ ဦးစိုးလွင်-ဒေါ်ဆွေဆွေမြင့်၊ ဦးဝင်းဇော်-ဒေါ်ဆွေဆွေတင့်တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါ်နုကျင်သည် ၂၄-၉-၂၀၁၆ (စနေနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး

## ဒေါ်မော်မော်လှ (၆၂)နှစ်
### ရေနံချောင်းမြို့၊မြို့မတောင်၊ရတနာတိုက်

ရေနံချောင်းမြို့၊ မြို့မတောင်ရပ်၊ ရတနာတိုက်နေ (ဦးဘမောင်-ဒေါ်တင်လှမြင့်)တို့၏တတိယသမီး၊ ဇီးကုန်းမြို့နယ်နေ ဦးအောင်မြင့်ကျော်-ဒေါ်စန်းစန်းကြည်၊ဒေါ်ခိုင်ခိုင်သန့်(B.Ed၊ အငြိမ်းစား၊ အထက-၁)တို့၏ ချစ်လှစွာသောညီမ၊ ဦးတင်မောင်ရီ-ဒေါ်သော်သော်လှ (အလပြ၊ အထက-၁)၊ ဒေါ်စိုးစိုးသန့် (လူမှုဝန်ထမ်း- ၂၊ မန္တလေးမြို့)၊ ဦးအောင်ကိုကိုစိုးတို့၏ ချစ်လှစွာသော အစ်မ၊ ရန်ကုန်မြို့နေ ဦးသက်နိုင်ဝင်း-ဒေါ်မေမွန်သန့်ခိုင်၊ မောင်သော်ဝေယံ (ဆေးတက္ကသိုလ်-၂)တို့၏ ချစ်လှစွာသောအဒေါ် ဒေါ်မော်မော်လှသည် ၂၄-၉-၂၀၁၆(စနေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၆ရက် ညနေ ၄နာရီတွင် ရေနံချောင်းမြို့ ရွှေဘုံသာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးသားချင်း၊ မိတ်ဆွေသင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးခိုင်သန်းအောင် (ဟသ်ာတမြို့)
### အသက်(၅၆)နှစ်

ဟသ်ာတမြို့နေ (ဦးအောင်ကျင်)-ဒေါ်ရင်ငွေ (ရှုခင်းဈေး ဧည့်ရိပ်သာ)တို့၏ သား၊ ဟသ်ာတမြို့၊ ပန်းဘဲတန်းရပ်နေ ဦးလှကြိုင်-ဒေါ်ခင်တင့်တို့၏ သားသမက်၊ လှိုင်မြို့နယ်၊ ပါရမီလမ်း၊ (၈၄)၊ တတိယထပ်နေ ဒေါ်စန္ဒာဦး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သိုက်ဟိန်း၊ (မောင်ဇေဟိန်း)၊ မောင်ထက်နိုင်၊ မောင်သော်ဇင်တို့၏ဖခင်သည် ၂၄-၉-၂၀၁၆(စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်လဲ့လဲ့ဝင်း @ မေဦး (၅၁)နှစ်

နတ်တလင်းမြို့၊ ဇီးကုန်းကလေးရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်းနေ (ဦးခင်ရွှေ-ဒေါ်ယဉ်လှ)တို့၏သမီး၊ (ဗိုလ်မှူးသန်းဆွေ)၊ ဒေါ်ခင်သီတာမြင့်တို့၏ ညီမ၊ ဦးကိုကိုအောင်-ဆရာမဒေါ်ငွေငွေဝင်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ သုခလမ်းနေ ဗိုလ်မှူးမိုးဟိန်း-မဆုမွန်ယဉ်တို့၏မိခင်၊ မောင်ရဲဘုန်းမြင့် (စတုတ္ထနှစ်၊ DSTA)၏ မာမီသည် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၃း၅၀ နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ်-၇၃၅၊ ငမိုးရိပ် ၂ လမ်း၊ ဘဝမြင့်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသန်းထွန်း (၇၈)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း)
### စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ပေတောကုန်းလမ်း၊ အမှတ် (၃၇)၊ မြေညီထပ်နေ (ဖျာပုံဦးလှ-ဒေါ်ကြည်မေ)တို့၏သားကြီး၊ ဦးတင်ရွှေ-ဒေါ်မြသန်းတို့၏ သားသမက်၊ ဒေါ်ဇော်ဇော်ရွှေ၏ခင်ပွန်း၊ (ဦးလှမြင့်)-ဒေါ်အေးအေးမြင့်၊ ဒေါက်တာဦးအေးကို - ဒေါ်အေးအေးသိန်း၊ (ဦးတင်ထွန်း)တို့၏ အစ်ကိုကြီး၊ ကိုအောင်ကျော်ပိုင်(B.Com)၊ ကိုမြတ်မင်းဇော် [Final Year (BIT) at MCC.i]၊ မမေခင်ထွန်းတို့၏ဖခင်သည် ၂၄-၉-၂၀၁၆ (စနေနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆ရက် နံနက် ၈း၃၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၆ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးထွန်းရင်ဦး အသက်(၈၀)
### (ချောင်းဝ/ကျောက်နီမော်ရွာ)

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ချောင်းဝကျေးရွာအုပ်စု၊ ချောင်းဝရွာနေ (ဦးမောင်စောထွန်း-ဒေါ်ညိုနု)တို့၏ သား၊ ဒေါ်ကျန်အေးဖြူ၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ (၁)လမ်းနေ ဦးမောင်ဖြူ-ဒေါ်စိန်မြင့်၊ (၈)လမ်း၊ အမှတ်(၄၅၅)၊ သုံးလွှာနေ ဦးထွန်းခင်-ဒေါ်ခင်ဝင်းကြည်၊ ဦးထွန်းဖြူ-(ဒေါ်သန်းသန်းဝင်း)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၄-၉-၂၀၁၆ (စနေနေ့) နံနက် ၈း၅၅ နာရီတွင် အင်းစိန်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆ ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၆ရက်တွင် (၁)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၄၅၅)၊ သုံးလွှာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)
### သက်ကြီးကန်တော့ခံပုဂ္ဂိုလ်
## ဦးတင်လှိုင်(ခ)ဦးကုလား
### (မြို့နယ်ကျန်းမာရေးမှူး)
### အသက်(၇၉)နှစ်

သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏနေ မြို့နယ်သက်ကြီးကန်တော့ခံ ဦးတင်လှိုင်(ခ)ဦးကုလားသည် ၂၄-၉-၂၀၁၆ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသား/အသင်းသူများအား အကြောင်းကြားပါသည်။ အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယကာကြီး

## ဦးကျော်သန်း(ဥက္ကံ-သုံးခွ)
### အသက်(၇၅)နှစ်
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### (ကကငွေ)
### ညွှန်ကြားရေးမှူး(ငြိမ်း) (စိုက်/မွေး)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၆)၊ ရတနာကျွန်းရိပ်သာ၊ ကြိုးတံတားလမ်းမနေ (ဦးမောင်မောင်လွင်-ဒေါ်ကျင်ပို)တို့၏သား၊ (ဦးကျော်-ဒေါ်အေးခင်)တို့၏သားသမက်၊ (ဦးတင်ဝင်း)၊ (ဦးမောင်မောင်စိန်)-ဒေါ်စန်းရီ၊ ဦးမြင့်စိုး-ဒေါ်ခင်ကြွယ်၊ ဦးကျော်ငွေ-ဒေါ်ငွေငွေညွန့်၊ ဒေါ်ခိုင်ခိုင်ကျော်တို့၏အစ်ကို၊ ဒေါ်မိမိကျော် (လ/ထ မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၏ခင်ပွန်း၊ ကိုအောင်ကိုဦး (3/E Uniteam)၊ ကိုပြည့်ဖြိုး [Deputy Manager (AGD Bank)]၊ မစုမွန်ကျော် [JBA (AYA Bank)]တို့၏ ဖခင်၊ တူ/တူမ ၁၂ ယောက်တို့၏ဘကြီး ဦးကျော်သန်းသည် ၂၄-၉-၂၀၁၆(စနေနေ့) ည ၉း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၆ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးလှအောင် (ရဲအုပ်-ငြိမ်း၊ အလုံ) (၇၅)နှစ်
### မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်နည်းပြဆရာဟောင်း(ငြိမ်း)

အလုံမြို့နယ်နေ (ဦးဝင်း-ဒေါ်ကျင်နု)တို့၏သားကြီး၊ (ဦးစိန်ဖေ-ဒေါ်သိုက်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန(၂)လမ်း၊ အမှတ် (၃၆၄)နေ (ဦးအေးသန်း)-ဒေါ်ခင်သန်းနွယ်၊ ဦးခင်မောင်ဝင်း (ရဲမှူးငြိမ်း)-ဒေါ်မြမြ(ဆရာမ-ငြိမ်း)၊ (ဦးစမ်းမောင်)-ဒေါ်ဖြူဖြူသန်း (မြို့နယ်စစ်/ရှိ-ငြိမ်း)၊ ဦးသာစန်း(အကောက်ခွန်)-ဒေါ်မြသန်း(အကောက်ခွန်)၊ ဦးခင်မောင်သန်းတို့၏အစ်ကိုကြီး၊ ဒေါ်ညွန့်ရီ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သက်သက်လှ၊ ဦးဇော်ညွန့်-ဒေါ်သဥ္ဇာနွယ်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ တူ/တူမ ၁၀ယောက်တို့၏ဘကြီး၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၄-၉-၂၀၁၆(စနေနေ့) ည ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကျော်လွင် [B.Econ (AS)(1971-Batch)] (၆၈)နှစ်
### NGO Gender Group (NGO GG)
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အမျိုးသားအက်(ဖ)တာယူနစ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၂)လမ်း၊ အမှတ် (၅၂)နေ (ဦးချစ်ရွှေ-ဒေါ်စောလွင်)တို့၏သား၊ လှိုင်ကော်မြို့နေ (ဦးဘအောင်-ဒေါ်ချစ်မေ)တို့၏သားသမက်၊ လှိုင်ကော်မြို့နေ ဒေါ်ခင်မေလေး (ထွေ/အုပ်-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦး Edward သိန်းစိုး (Australia)၊ (ဦးအုန်းလွင်)-ဒေါ်မူမူ(Australia)၊ (ဦးကြည်ဝင်း)-ဒေါ်ရီရီရွှေ၊ (Captain ဦးကျော်ဦး-ဒေါ်သီတာရွှေ)၊ ဦးသန်းအောင်-ဒေါ်အေးအေးရွှေ၊ (ဦးဆန်းညွန့်လွင်)တို့၏ ညီ/အစ်ကို၊ ကိုအောင်ကျော်ကျော်-မထင်နီလာတင့်ဆွေတို့၏မွေးသဖခင်၊ မောင်မင်းသွေးခန့်၏အဘိုး ဦးကျော်လွင်သည် ၂၂-၉-၂၀၁၆ရက် နံနက် ၁၀း၅၀ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကာယကံရှင်၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [၂၈-၉-၂၀၁၆ရက်တွင် အထက်ပါနေအိမ်၌ အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး နံနက် ၁၁နာရီတွင် ဝတ်ပြုဆုတောင်းပွဲအစီအစဉ်ပြုလုပ်မည်ဖြစ်ပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းစိုးဝင်း(ခ)ဦးအန်းကူ(မုဒုံ) (၆၈)နှစ်

မုဒုံမြို့နေ (ဦးရှောင်ဟုစိန်-ဒေါ်ဟုန်ရင်)တို့၏သား၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၂၆)နေ (ဦးယွန်ဆောင်-ဒေါ်ကျင်စိန်)တို့၏ သားသမက်၊ ဒေါ်သီသီလွင်(ခ) Ruby ၏ ချစ်လှစွာသော ခင်ပွန်း၊ မုဒုံမြို့ မင်းတန်းရပ်နေ ဒေါက်တာတင်ရွှေ-ဒေါ်ကျင်မွှေးတို့၏အစ်ကို၊ ဒေါက်တာချောစုစုဝင်း (Bangkok Hospital Office, Myanmar)၊ ကိုအောင်နိုင်မြင့်-မပန်းနုနုဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဟိန်းသက်နိုင်၏ အဘိုး ဦးသန်းစိုးဝင်း(ခ)ဦးအန်းကူသည် ၂၃-၉-၂၀၁၆ (သောကြာနေ့) ညနေ ၆း၃၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၆ (စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၉-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



မြန်မာ့လက်ရွေးစင်အသင်းအား လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်စဉ်က တွေ့ရစဉ်။

# မြန်မာ့လက်ရွေးစင်အသင်း နယ်သာလန်ဒုတိယတန်းကလပ်နှင့် ခြေစမ်းမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဥရောပနိုင်ငံများတွင် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ခြေစမ်းပွဲ ထပ်မံကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အသင်းကစားကွက်၊ နည်းဗျူဟာနှင့် ကစားသမားများအား စမ်းသပ်ရန် ခြေစမ်းပွဲများ ဆက်တိုက်ကစားလျက်ရှိပြီး စတုတ္ထခြေစမ်းပွဲကို စက်တင်ဘာ ၂၆ ရက်တွင် ကစားမည်ဖြစ်သည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❍

ချင်းတွင်းတံတား(ဟုမ္မလင်း) တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိ

စာမျက်နှာ - ၁၁



ဝိန်းရွှန်းနီကို ရာနွန်းပြည့် ယုံကြည်ဆဲဟု မော်ရင်ဟိုဆို

စာမျက်နှာ - ၁၃

မိုးရွာသွန်းမှုကြောင့် ဧက ၁၀၀ အကျိုးပြုနေသည့် လိပ်ခွဲတစ်ဖက်ဆည်ကန် တာပေါင်ကျိုးပြတ်

စာမျက်နှာ - ၁၆

# လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ ကျင်းပ

**ထားဝယ် စက်တင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူထုစုပေါင်း စက်ဘီးစီးနင်းပွဲ အားကစားနည်းကို ပြည်သူလူထု စိတ်ပါဝင်စားလာစေရန်၊ မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ပေါ်ထွန်းလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ လေထုညစ်ညမ်းမှုကို ကာကွယ်ရန်နှင့် စက်သုံးဆီခြိုးခြံချွေတာနိုင်ရန်ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ယနေ့နံနက် ၆ နာရီခွဲတွင် တိုင်းဒေသကြီးအားကစားကွင်းရှေ့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးမိုးနိုင်က သေနတ်ပစ်ဖောက်ကာ တာလွှတ်ပေးသည်။

အဆိုပါ စက်ဘီးစီးနင်းပွဲကို တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စက်ဘီးစီးဝါသနာရှင်များ စုစုပေါင်းစက်ဘီးစီး အင်အား ၇၅၀ ဖြင့် ထားဝယ်မြို့ တိုင်းဒေသကြီး အားကစားကွင်းရှေ့မှ

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖





## ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နှမ္မာ သို့ ပို့သမေတ္တာ မုဒိတာများ

(၈-၄-၂၀၁၆) (၁၈-၄-၂၀၁၆)

- ခရီးစဉ်တလျှောက် ဝန်ဆောင်မှုအားလုံးကို အမြဲတမ်း သတိရနေပါမည်။ ဘဒ္ဒန္တဝိမလာစာရ (မြောင်းမြ) နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ (မရမ်းကုန်း ၀၉-၄၂၀၀၅၁၅၅၁)
- အဖွဲ့ ညီညွတ်ရေးနှင့် ဝန်ဆောင်မှုကောင်းသည့်အဖွဲ့ ကြီးဖြစ်ပါစေ။ ဘဒ္ဒန္တသုမနာစာရ (မရမ်းကုန်း ၀၉-၄၂၀၀၅၁၅၅၁)
- ကြည်နူးချက်အပြည့်ဖြင့် ပင်ပန်းနွမ်းနယ်မှုမရှိသလောက် ခံစားရပါတယ်။ ဦးနရိန္ဒ (ရွာထိုးကြီး ၀၉-၄၂၀၀၅၁၅၅၁)
- ကလေးတွေအားလုံးတော်ပါသည်။ ဒေါ်လုလုဌေး (ရန်ကင်း ၀၉-၅၁၄၂၈၂၁)
- ခင်နှမ္မာအဖွဲ့ နံပါတ်တစ်ပါ။ ဒေါ်မြရီ (တောင်ဒဂုံ ၀၉-၅၀၀၇၅၇၃)
- ဝန်ထမ်းအားလုံး အဆင်ပြေချောမွေ့ ။ ဒေါ်ခင်စန်းဝင်း (ပုသိမ်ကြီး ၀၉-၉၇၇၄၆၇၆၃၃)
- နောင်နှစ် အောင်နိုင်ဆင့်အဖွဲ့ ဖြင့်သာ သွားပါမည်။ ဒေါ်ဌေးဌေးဝင်း (မှော်ဘီ ၀၉-၄၃၀၅၁၀၇၇၀)
- စိတ်ချမ်းသာသည်။ ဒေါ်မြသွယ်သွယ် (မင်္ဂလာဒုံ ၀၉-၄၂၆၇၅၉၄၄)
- အထူးကောင်းပါသည်။ ဦးညွန့်ဝေ+ဒေါ်အေးသိန်း (ဒေါပုံ ၀၉-၄၂၀၁၃၄၇၄၇)
- (၂)နှစ်ဆက်တိုက် အရမ်းအဆင်ပြေစွာဖြင့် သွားခဲ့ရပါသည်။ နောက်နှစ်တွေမှာလည်း အခွင့်သာလျှင်လိုက်ဦးမည်။ သန္တာချော (မြောက်ဥက္ကလာ ၀၉-၇၃၀၇၄၄၇၇)
- စေတနာအကျိုးပေးပါသည်။ ဦးမင်းဆွေ (မရမ်းကုန်း ၀၁-၅၂၂၈၅၅)
- ခင်နှမ္မာဘုရားဖူးခရီးစဉ် တိုးတက်အောင်မြင်ပါစေ။ ဒေါ်စုစုဌေး (မရမ်းကုန်း ၀၉-၃၆၂၁၆၂၃)
- မောင်နိုင်ဇော်နှင့် ခင်နှမ္မာ အား အထူးကျေးဇူးတင်ပါသည်။ ဒေါ်သန်းသန်းဆင့် (မ/ဥက္ကလာ ၀၉-၄၂၀၀၅၆၆၁၃)
- အလွန်စိတ်ချမ်းသာပါသည်။ ဒေါ်မွှေးမွှေး (တောင်ဒဂုံ ၀၉-၂၅၇၈၄၃၃၆၈)
- အထူးကျေးဇူးတင်ကျေနပ်ရပါသည်။ ဒေါ်စန်းစန်းမြင့် (လှည်းကူး ၀၉-၅၁၅၃၀၅၅)
- ကောင်းပါသည်။ ဒေါ်ဝင်းဝင်းမော် (ကျောက်မဲ ၀၉-၇၈၀၆၈၉၃၁၃)
- တတ်နိုင်သမျှထဲမှ အကောင်းဆုံး ဝန်ဆောင်မှုပေးပါသည်။ ဦးဖုန်းနိုင် (ဒေါပုံ ၀၉-၄၅၀၁၈၈၄၅၀)
- ဝန်ဆောင်မှုသည် အားလုံးထက်သာလွန်ပါသည်။ ဒေါ်နိုင်နိုင်သန်း (သဃ်န်းကျွန်း ၀၉-၇၃၁၃၇၃၈၈)
- နေရာစုံရောက်ပါသည်။ မကျင်ကျင်စန်း (လှည်းကူး ၀၉-၇၉၅၅၅၇၁၈)

**APM Group (Car Rental)**
မြို့တွင်း/နယ်ဝေး/လချုပ် ကားလေးမျိုးစုံ
ဈေးနှုန်းချိုသာစွာဖြင့် အငှားလိုက်သည်။
၀၉-၉၅၆၀၀၂၅၇၆၆၆၊ ၀၁-၅၄၄၆၇၈၈

**ရွှေဒိုးကြီး**
မြဝတီ၊ ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်
Oct(7,14,28) Hotel/Visa-စျေးနှုန်း (75000)
ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ပေလီ
Oct(14)ထွက် Hotel စျေးနှုန်း (180000)
09421073634, 777636630

A.G.T.I Society
Vocational Training Centre
Estimating Course (5/16) avmufvTac , jcif

| | |
|---|---|
| သင်တန်းနေရာ | - အင်းစိန်ဂျီတီအိုင်ကျောင်းဝင်း |
| ဖွင့်လှစ်မည့်နေ့ | - ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ ၈ရက်(စနေနေ့) |
| လျှောက်လွှာပိတ်ရက် | - ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ ၆ရက် (ကြာသပတေးနေ့) |
| သင်တန်းကာလ | - (၂)လ၊ (စနေ၊ တနင်္ဂနွေနေ့များသာ) |
| သင်တန်းချိန် | - တစ်ရက်လျှင်(၄)နာရီ (၁၄း၀၀မှ ၁၆း၀၀နာရီ) |
| သင်တန်းအရည်အချင်း | - ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံရှိဘွဲ့ရပြီးသူ၊ အေဂျီတီအိုင် အောင်လက်မှတ်ရပြီးသူ |

(သင်တန်းတွင် အဆောက်အအုံ ပုံစံကြည့်သည်မှအစ-Manual + Computerized သင်ကြားပေးမည်ဖြစ်ပါသည်။။ လူဦးရေ-၂၀ကန့်သတ်ထားပါသည်။)
လျှောက်ထားလိုသူများသည် အသင်းတွင်ရှိသော လျှောက်လွှာပုံစံကို ဖြည့်စွက်၍ အောင်လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၃)ပုံတို့နှင့်အတူ ၆-၁၀-၂၀၁၆ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (တတိယထပ်) လှိုင်တက္ကသိုလ်နယ်မြေဝင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်သို့ လျှောက်ထားနိုင်ပါသည်။
zkef-01-519863၊ 09-8626885၊ 09-5056717
t vkyf t rakqmift zG J
*DDDuumifpD;a[mif;rmif;t oif;







ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

